ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**တဏှာဟူသမျှစွန့်၍သွား**

သတိရှိသောပုဂ္ဂိုလ်သည် ဈာန်ဝိပဿနာတရားတို့၌ လုံ့လပြုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် တည်ရာကာမဂုဏ်၌ မမွေ့လျော်ကြကုန်။ ဟင်္သာငှက်တို့သည် ကျက်စားရာရွှံ့ညွန်အိုင်ကို စွန့်ခွာလျက် ပျံသွားသကဲ့သို့ မှီရာတဏှာဟူသမျှကို စွန့်၍သွားကုန်၏။ သတိနှင့် ပြည့်စုံသော ပညာရှိသည် ဈာန်ဝိပဿနာတရား၌ လုံ့လပြု၏။ ကာမဂုဏ်တို့၌ မမွေ့လျော်ကုန်။

အရဟန္တဝဂ်(ဓမ္မပဒ-၉၁)

၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ 25, Thursday August 2016 (၈၆၆၄)

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏လိုအပ်ချက်မှာ ယုံကြည်မှုဖြစ်ပြီး ယုံကြည်မှုရရှိရန် တစ်ဦးနှင့်တစ်ဦး ပွင့်လင်းရန်နှင့် တည့်မတ်မှုရှိရန်လို

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တိုင်းရင်းသားများအားလုံးအတွက် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်

နေပြည်တော် ဩဂုတ် ၂၄

**ငြိမ်းချမ်းရေးရရှိစေရန် စောင့်နေရသည့်အချိန်တွင် မိမိတို့နိုင်ငံ မည်မျှနစ်နာနေသည်ကို စဉ်းစားကြရန်နှင့် ယခုတစ်ခါ ငြိမ်းချမ်းရေးညီလာခံ စတင်လိုက်သည်နှင့် မိမိတို့၏ နိုင်ငံသားများမလိုအပ်ဘဲ ဆုံးရှုံးမှုများမဖြစ်အောင် အားလုံး ကြိုးစားပေးကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။**



ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့အစည်းအဝေးသို့ တက်ရောက်လာသူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကဲ့သို့ တစ်ဦးနှင့်တစ်ဦး မကြာခဏ တွေ့ဆုံမှသာ အမြင်ချင်းဖလှယ်နိုင်ပြီး လိုအပ်သည့် တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မျက်နှာချင်းဆိုင်တွေ့ဆုံမှုသည် စာရေးတွေ့ဆုံမှု၊ ကြားခံလူများနှင့် တွေ့ဆုံမှုမျိုးနှင့် မတူနိုင်ကြောင်း၊ ကြားခံလူများနှင့် တွေ့ဆုံခြင်းသည် စကားလုံးများ အပေါ် နားလည်မှုလွဲမှားနိုင်ကြောင်း၊ တွေ့ဆုံခြင်းဆိုသည်မှာ သဘောထားညှိနိုင်းရန်၊ နားလည်မှုရရှိရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကလိုအပ်ချက်မှာ ယုံကြည်မှုပင်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိပါက အခြားပြဿနာများကို ဖြေရှင်းနိုင်ကြောင်း၊ ယုံကြည်မှုမရှိပါက စာချုပ်များ မည်သို့ပင် ချုပ်ထားစေကာမူ အဟောသိကံဖြစ်သွားစေနိုင်ကြောင်း၊ ယုံကြည်မှုရရှိရန်ဆိုလျှင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ပွင့်လင်းရန်နှင့် တည့်မတ်မှုရှိရန် လိုအပ်ကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုသော်လည်း တစ်ဖက်သား

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

# ၂၀၁၇ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၅**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါကြေညာချက်တွင် တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် စက်တင်ဘာ ၁ ရက်မှစ၍ သတ်မှတ်ထားသော နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း။

စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် (၂)၊ (၃)၊ (၄) များဖြင့် ဖြေဆိုမည့်သူများအတွက်

**စာမျက်နှာ ၃ ကော်လံ ၄ သို့** ✪



# ကြေးမုံ

## ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဘယ်လိုထိန်းသိမ်းကြမလဲ

ဩဂုတ် ၂၄ ရက် ညနေပိုင်းက ချောက်မြို့၏အနောက်ဘက် ၁၂ မိုင်ခန့်အကွာ ကို ဗဟိုပြု၍ ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိသောငလျင်တစ်ခု လှုပ်ခတ် သွားသည်ဟု သိရသည်။ အဆိုပါအချက်အလက်များနှင့်ပတ်သက်၍ သတင်းများကို မည်မျှလောက် မှန်ကန်သည်ဆိုခြင်းနှင့် အခြားသော ထိခိုက်ပျက်စီးမှုများကို ဆက်လက်စုံစမ်းနေဆဲဖြစ်သော်လည်း ရန်ကုန်၊ တောင်တွင်းကြီး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ မကွေး၊ ပုဂံ၊ ချောက်၊ နေပြည်တော် တို့တွင် သိသိသာသာ လှုပ်သွားသည်ဆိုခြင်းကိုမူ သေသေချာချာသိလိုက်ရပါသည်။

နေပြည်တော်တွင် လွှတ်တော်အဆောက်အအုံတွင်းမှ မျက်နှာကြက် အပိုင်းအစများ ပြုတ်ကျနေသည့်ဓာတ်ပုံများကို လူမှုကွန်ရက်သတင်းများတွင် တွေ့မြင်လိုက်ရသလို ပုဂံဘုရားများ ပြိုကျပျက်စီးနေသည့်ပုံများကိုလည်း တွေ့ရသည်ဖြစ်ရာ မြန်မာပြည်သူတို့အဖို့ အထူးပင်စိတ်နှလုံး ထိခိုက်ဝမ်းနည်းဖွယ်ရာဖြစ်ခဲ့ရသည်။

နောက်ဆုံးရသတင်းများအရ ပုဂံမှ စေတီတော် ၉၄ ဆူအထိ ထိခိုက်ခဲ့သည်ဟုသိရပြီး ထိုအထဲတွင် ပြင်းပြင်း ထန်ထန် ထိထိခိုက်ခိုက် ဖြစ်ခဲ့ရသည်မှာ စူဠာမဏိဘုရားဖြစ်သည်ဟုလည်း သိရပါသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံရှိ ထီးလိုမင်းလိုဘုရား၊ လောကနန္ဒာစေတီတော်၊ သဗ္ဗညုပုထိုးတော်ကြီး၊ ဓမ္မရံကြီးပုထိုးတော်ကြီး၊ စေတနာကြီး (စစ္စနားကြီး) ဘုရားတို့သည်လည်း ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်းသိရပါသည်။

စေတီတော်များထဲမှ ကွမ်းတောင်များ၊ ထီးတော်များ ပြုတ်ကျပျက်စီးမှုတို့ ရှိခဲ့ကြောင်းနှင့် မူလပုဂံလက်ရာများထက် နောက်ပိုင်းကာလ ပြုပြင်ပြင်ဆင်ခဲ့သည့်အပိုင်းများက သိသိသာသာပြိုပျက်ခဲ့ကြောင်းလည်း သိရပါသည်။

ပုဂံရှေးဟောင်းလက်ရာများဆိုသည်မှာ ဘာသာရေးအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ဘာကပင် တန်ဖိုးကြီးကြီးထားနေရသည့်လက်ရာများ ဖြစ်ပါသည်။ သည်လိုတန်ဖိုးကြီးလှသည့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သည်ဆိုရာတွင် ထီးတင်၊ ရွှေပိန်းချ၊ ပလာစတာကိုင်၊ ဆေးသုတ်၊ အလှူ့ဒါယကာကျောက်စာထူးဟူ၍ အပေါ်ယံကြောလုပ်၍မရနိုင်ပါ။

ရှေးလက်ရာများကိုထိန်းသိမ်းသည့်ပညာနှင့် နည်းနာအဆင့်ဆင့် ရှိပါသည်။ ဘိလပ်မြေများများထည့်လျှင် ကောင်းသည်ဆိုသည့် အပေါ်ယံအသိလောက်ဖြင့် မရနိုင်ပါ။

ဘုရားဆိုသည် ထီးရှိမှတင့်တယ်သည်ဆိုသည့် အပေါ်ယံအသိမျှလောက်ဖြင့် မရနိုင်ပါ။

မူလက ထီးဘယ်လိုရှိသနည်း၊ မူလကဆောက်ဖွဲ့စနစ်က ဘယ်လိုတည်ဆောက်ထားသနည်း၊ မူလက ဘယ်လိုဘယ်နည်း သရွတ်မျိုးကိုင်ထားသနည်း၊ မူလဆောက်ဖွဲ့စနစ်နှင့် မူလဆောက်လုပ်ပစ္စည်းတို့ မည်သို့မည်ပုံ တွဲစပ်ရမည်နည်းဆိုသည်တို့ကို နားလည်တတ်ကျွမ်းသည့် ပညာရှင်တို့ အသေအချာလေ့လာပြီးမှ ပြင်ဆင်ရမည့်နည်းလမ်းကို ရွေးချယ်ရမည်ဖြစ်ပါသည်။ နိုင်ငံတကာမှာပင် သည်လိုပညာမျိုးကို စနစ်တကျ တတ်ကျွမ်းပြီး စနစ်တကျ ပြင်ဆင်ထိန်းသိမ်းနိုင်သူတို့က အများအပြားရှိလှသေးသည် မဟုတ်ပါ။

ပုဂံရှေးဟောင်းလက်ရာများပဲ ခေတ်သစ်နည်းဖြင့်ပြင်လျှင်ရမှာပဲဟူ၍ ပြုချင်သလိုပြု၊ ပြင်ချင်သလိုပြင်၍ မရနိုင်ပါ။ ယခုလို သဘာဝဘေးအန္တရာယ်နှင့် တည့်တည့်ကြီးကြုံတွေ့ရသည့်အချိန်တွင် ပို၍သိသာထင်ရှားစွာ ပေါ်လွင်လာသည်ကို တွေ့ရပါမည်။

ပုဂံထူပါပုထိုးစေတီတော်များတည်ရှိခဲ့သည်မှာ နှစ်ပေါင်း ၁၀၀၀ ကျော်ခဲ့ပြီ။ နားလည်တတ်ကျွမ်း တန်ဖိုးထားသူများက အလေး အမြတ်ပြုကာ ဘာသာရေးအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းအမွေအနှစ်၊ နိုင်ငံ့အမွေအနှစ်မျှသာမက ကမ္ဘာ့အမွေအနှစ်အဖြစ်ပါ အသိအမှတ်ပြုလိုကြသည်။ သည်လိုတန်ဖိုးကြီးခမ်းနားသော အမွေအနှစ်များကို လက်ဝယ်ပိုင်ပိုင် ရရှိထားသည့် မြန်မာတို့အနေဖြင့် စနစ်တကျ စောင့်ရှောက်ခြင်း၊ စနစ်တကျပြုပြင်ခြင်း၊ စနစ်တကျ ပြန်လည်တည်ဆောက်ခြင်း စသည့်နည်းတို့ဖြင့် ထိန်းသိမ်းရန် လိုအပ်နေပြီဟု တင်ပြလိုက်ရပါကြောင်း။ ။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၄**
ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင်လမ်း (ပြင်ဦးလွင်-ရဲရွာအပိုင်း)အား လမ်းဦးစီးဌာန ပြင်ဦးလွင်ခရိုင်မှ ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကိုလည်းကောင်း၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ ဒုဌဝတီတံတား (ရဲရွာ-ကဗျူး) တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တံတားအချောသပ်လုပ်ငန်းများ လက်ရာသေသပ်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ တံတားပေါ်တွင် ကတ္တရာကွန်ကရစ်(AC)အမြန်ခင်းနိုင်ရေး ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

မိုင်တိုင်အမှတ် (၁၆/၁)နှင့် (၁၆/၂)ကြားရှိ အတက်အဆင်း မတ်စောက်သည့်နေရာတွင် ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် မြေထိန်းနံရံနှင့် ကွန်ကရစ်ရေထုတ်မြောင်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ကျောက်ဆည်မြို့တွင်း ဇော်ဂျီတံတား ကြံခိုင်မှုအခြေအနေကိုလည်းကောင်း၊ မြင်းခြံ-မြစ်သား-ရေဝန်း ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ကွန်ကရစ် ရေထုတ်ပြွန်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းဦးစီးဌာန မြင်းခြံခရိုင်ရုံးသို့ ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန မြင်းခြံခရိုင်ရုံးတွင် ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင်တို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်သော လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် သေသေချာချာ စနစ်တကျ ဆောင်ရွက်ဖို့လိုကြောင်း၊ ပြည်သူများအတွက် ဦးစားပေးပြီး သွားလာရေး အဆင်ပြေစေရန် အထူးအလေးထား ဆောင်ရွက်ဖို့လိုပါကြောင်း၊ မိမိတိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများကို လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး အမြန်ဆုံး ပြုပြင် ဆောင်ရွက်ပေးဖို့လိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တင်ပြရန်ရှိက တင်ပြကြရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များက မိမိတို့တာဝန်ယူ ဆောင်ရွက်သော လမ်း၊ တံတားများ အပြင် B.O.T စနစ်ဖြင့် ဆောင်ရွက်သော လမ်းများတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ မြို့တွင်းလမ်းများ ကောင်းမွန်စေရေး ခရိုင်အင်ဂျင်နီယာများက မိမိခရိုင်၊ မြို့နယ်အတွင်းရှိ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းလိုအပ်ချက်အရ နေ့စားဝန်ထမ်းများ ခန့်ထားမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ လိုအပ်ချက်ကို မူဝါဒများနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိလုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး တောင်သူဆွေးနွေးပွဲ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၄**
လယ်ဝေးမြို့နယ်တွင် IFAD အကူအညီဖြင့် FARM Project စီမံကိန်း ဆောင်ရွက်လျက်ရှိရာ အသိပညာပေးစင်တာ (knowledge Center-Kc) ၁၂ လုံး တည်ဆောက်ပြီး တောင်သူပညာပေးလုပ်ငန်းများ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သီးနှံသရုပ်ပြကွက်များ ထူထောင်ခြင်းနှင့် ဝင်ငွေတိုးပွားရေး လုပ်ငန်းများ အဆိုပါ Kc များတွင် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်မှ တာဝန်ရှိသူများသည် ဩဂုတ် ၂၀ ရက်က ပေါက်မြိုင် Kc တွင် အဆင့်မြင့်လယ်ယာဖော်ထုတ်ရေး၊ စနစ်တကျစီမံသောအဖွဲ့များနှင့် အကြိုလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းကာ အနာဂတ်တွင် သမအစုအဖွဲ့များ ဖွဲ့စည်းပြီး သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်သည်အထိ ရည်မှန်း ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ FARM Project မှ လယ်ဝေးမြို့ ပေါက်မြိုင်၊ အလယ်ကျွန်း၊ ရေကာ အစရှိသည့် ဒေသများတွင် အဆင့်မြင့်လယ်ယာ မြေဧက ၃၀၀၀ ဖော်ထုတ်သွားမည်ဖြစ်ကြောင်းနှင့် ရေအိုးစဉ်မျိုးစေ့ထုတ်စိုက်ကွက်တွင် တောင်သူများနှင့် တွေ့ဆုံပြီး သမဝါယမစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးခဲ့သည်။

**ဆရာမင်း(ရှုပဗေဒ)**




## မြစိမ်းရောင်ရန်ပုံငွေကော်မတီ မိုးမောက်မြို့နယ်၌ ဖွဲ့စည်း

**မိုးမောက် ဩဂုတ် ၂၄**
ကချင်ပြည်နယ် မိုးမောက်မြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ကျေးရွာ ကိုးရွာတွင် ၈ ယူနစ်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး မြို့နယ်/ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်း ပထမအဆင့်ဖြစ်သည့် ကျေးရွာအဆင့် စီမံကိန်းကော်မတီဝင်များကို ဩဂုတ် ၁၈ ရက်တွင် ဖွဲ့စည်းပြီးဖြစ်ရာ ဆက်လက်ပြီး သင်တန်းပို့ချခြင်းနှင့် ရန်ပုံငွေလွှဲအပ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုယှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၁၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

**❍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ**

နားလည်ရန်လိုအပ်ပြီး အကျိုးရှိ မှန်ကန်၊ တစ်ဖက်သားခံသာသည့် စကားကို ပြောကြားရမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် အရေးကြီးဆုံးမေးခွန်းမှာ "ဘာကြောင့်" ဆိုသည့် မေးခွန်းဖြစ်ကြောင်း၊ မိမိတို့ ဘာကြောင့် ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်သလဲ။ ကိုယ့်ဘက်က ဘာကြောင့်ငြိမ်းချမ်းရေးရအောင် မလုပ်နိုင်သလဲ။ သူ့ဘက်ကလည်း ဘာကြောင့် ငြိမ်းချမ်းရေးရအောင်မလုပ်နိုင်သလဲ ဆိုသည့်အချက်ကို တစ်ဖက်နှင့်တစ်ဖက် မျှမျှတတစဉ်းစားပါက ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အခွင့်အလမ်းတစ်ခုသည် လူတစ်ယောက်၏ဘဝတွင် နှစ်ခါပြန်မလာတတ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ဆောင်ရွက်ခွင့်ရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအတွက် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးတွဲဆောင်ရွက်ရမည့် ကော်မတီဖွဲ့စည်းထားခြင်း၊ လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ၈ ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်း၊ အခက်အခဲများဖြေရှင်းရန် ဆွေးနွေးညှိနှိုင်းခြင်းနှင့် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များ လက်မှတ်ထိုးနိုင်ရန် ဆောင်ရွက်နေခြင်းတို့သည် ငြိမ်းချမ်းရေး၏ အနှစ်သာရဖြစ်သည့် တစ်ဦးကိုတစ်ဦး လေးစားအသိအမှတ်ပြုမှုကို ပြည်သူလူထုအကြားနှင့် နိုင်ငံတကာအထိ ပျံ့နှံ့အောင် ဆောင်ရွက်ရာရောက်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပသွားမည်ဟု သိရသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုံပင်လုံ ကျင်းပရေး မူဝါဒဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေများကို လည်းကောင်း၊ အကြိုပြင်ဆင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ PNLO ဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ CNF ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းတို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**



အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက JICM အစည်းအဝေးများကို ၃ လတစ်ကြိမ်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ငြိမ်းချမ်းရေးအတွက် ရရှိလာသည့် အခွင့်အရေးကို အတူပူးတွဲလုပ်ဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းတွင်ပါသည့်အတိုင်း ငြိမ်းချမ်းရေးရရှိမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ အားလုံးအတူဆောင်ရွက်လျှင် အောင်မြင်နိုင်သည်ဆိုသည့် စုပေါင်းအားကိုယူပြီး ငြိမ်းချမ်းရေး၏ အခြေခံအစဖြစ်သည့် ငြိမ်းချမ်းရေးညီလာခံနှင့် ရှေ့ဆက်သွားမည့်လုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ ကိုယ်စား ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက ငြိမ်းချမ်းရေးကို မိမိတို့အတူတကွလက်တွဲဆောင်ရွက်သည့်အခါတွင် အခက်အခဲများရှိနိုင်ပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကို တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရှိခဲ့သည်မှာလည်း အတိတ်၏ပြဿနာဖြစ်ပြီး နှစ်ဖက်လုံး၏ အားနည်းချက်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရန် JICM တွင် တာဝန်ရှိသည့်ပုဂ္ဂိုလ်များ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများက UPDJC ၏ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ အတည်ပြုခြင်း၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ အဖွဲ့ဝင် အမည်စာရင်းအား တင်ပြခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယအကြိမ် ပါတီညီလာခံကျင်းပပြီးစီး

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယအကြိမ်ပါတီညီလာခံ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပါတီဥက္ကဋ္ဌ ဦးသန်းဌေးက ဖွဲ့စည်းမှုအသစ်၊ သွေးသစ်၊ လူသစ်ပါတီဝင်များအနေဖြင့် ပါတီ၏ရည်ရွယ်ချက်များသည် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၌ လတ်တလောကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ တည်ငြိမ်အေးချမ်းရေး၊ သဘာဝဘေးစသည့် အခြေအနေများတွင် ပြည်သူ့ပါတီတစ်ရပ်အနေဖြင့် လုပ်ငန်းစဉ်များချမှတ်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပါတီညီလာခံ (၂၀၁၆) ကျင်းပခြင်းနှင့် စပ်လျဉ်းသည့်သတင်းစာရှင်းလင်းပွဲ**(အပေါ်ပုံ)**ကို ပါတီ ဌာနချုပ်၌ ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့်စပ်လျဉ်း၍ ပါတီဥက္ကဋ္ဌ ဦးသန်းဌေးက ဩဂုတ် ၃၁ ရက်တွင် ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံသို့ မိမိတို့ တက်ရောက်မည်ဖြစ်ပြီး ပါတီ၏ သဘောထားနှင့် အတွေ့အကြုံများကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းအောင်မြင်သည်အထိ တတ်နိုင်သမျှဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တိုင်းပြည်ကြီးပွားချမ်းသာရေးနှင့် ဒီမိုကရေစီအရေးတို့လည်းရှိပါကြောင်း၊ မိမိတို့ပါတီအနေဖြင့် အစိုးရ၏လုပ်ရပ်များ မှန်ကန်ပါက လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ပြီး လိုအပ်ပါကလည်း ထောက်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ ပါတီစည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်ရီက ဖက်ဒရယ်အမျိုးမျိုးရှိပါကြောင်း၊ မိမိတို့နှင့် ကိုက်ညီသည့် ဖက်ဒရယ်မျိုးကို လက်ခံပါကြောင်း၊ ဖက်ဒရယ်၌ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ ရှိသကဲ့သို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အစိုးရနှစ်ရပ် ပါရှိပါကြောင်း၊ ထို့ကြောင့် ဖက်ဒရယ်စနစ်အပေါ် အခြေခံသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရင်းအမြစ်များနှင့် သယံဇာတများ ခွဲဝေခြင်းအပိုင်းတို့တွင် လိုအပ်သလိုပြင်ဆင်ဆောင်ရွက်သွားမည်ဟု ယူဆပါကြောင်း၊ မိမိတို့ပါတီအနေဖြင့် နိုင်ငံနှင့်အံဝင်ခွင်ကျဖြစ်သည့် ဖက်ဒရယ်စနစ်ကို လက်ခံသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

**✪ ၂၀၁၇ ခုနှစ်မှ**

ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားကြောင်း။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ကြောင်း။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဌာနသို့ စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ကြောင်း။

သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီ ပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ပြောင်းလဲဖြေဆိုခွင့် ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ/မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန် ဖြစ်ကြောင်း။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော် ရုံးအမှတ် (၅၂) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ဖွဲ့ကပင်ဆောင်) နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန အမှတ် (၁၆၆) လသာလမ်း ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

**ရန်ကုန် ဩဂုတ် ၂၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင်ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်နေ့မှ ၂၄-၈-၂၀၁၆ ရက်အထိ ၅၈ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၆၂၇၁၂ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် CD ၈၀၀၉၈၉ ဒသမ ၃၅ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် CT ၆၇၃၇၇၆ ဒသမ ၅၉ ကျပ်သန်းနှင့် အထူးကုန်စည်ခွန် SGT ၁၇၈၉၀ ဒသမ ၅၀ ကျပ်သန်း စုစုပေါင်း ၁၄၉၂၆၅၆ ဒသမ ၄၄ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန် CD၊ ကုန်သွယ်လုပ်ငန်းခွန် CT များနှင့် အထူးကုန်စည်ခွန် SGT စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၄၀၁၄၆ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၂၆၆၈၆ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃စီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၉၈၉၈ စီးတို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းမြင့်)**

# အီတလီနိုင်ငံအလယ်ပိုင်း အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ် အနည်းဆုံး လူ ၃၈ ဦးသေဆုံး

**အီတလီ ဩဂုတ် ၂၄**

အီတလီနိုင်ငံအလယ်ပိုင်းတွင် ရစ်ချ်တာစကေး ၆ ဒသမ ၂ ပြင်းအားရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ အနည်းဆုံး လူ ၃၈ ဦးသေဆုံးခဲ့ပြီး ၁၅၀ ကျော်ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါငလျင်သည် ဩဂုတ် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲအချိန်တွင် အီတလီနိုင်ငံမြို့တော်ရောမ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀ခန့်သို့ ဦးတည်ပြီး လှုပ်ခတ်ခဲ့သည်ဟု အမေရိကန် မိုးလေဝသနှင့်ဇလဗေဒ စောင့်ကြည့်ရေးဌာနက ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၃၈ ဦးထက်မနည်းသေဆုံးပြီး ၁၅၀ ကျော် ပျောက်ဆုံးနေကြောင်း အီတလီအစိုးရအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းဌာနက သတင်းဖော်ပြသည်။

လာဇီယိုမြို့အလယ်ပိုင်းတွင် ရိုက်ကူးထားသော ဗီဒီယိုဖိုင်တစ်ခုတွင် ငလျင်လှုပ်ခတ်ပြီးနောက် လူနေအိမ်များပြိုကျပျက်စီးသွားကာ အပျက်အစီးများ ကားလမ်းမပေါ်တွင် ပြန့်ကျဲလျက်ရှိကြောင်း ပြသထားသည်။

အပျက်အစီးများအောက်တွင် ပိတ်မိနေသည့် လူများအား ကယ်ဆယ်ရေး လုပ်သားများက ကြိုးစားကယ်တင်လျက်ရှိကြသည်။ သို့သော် တောင်ပေါ်ဒေသဖြစ်သည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

၂၀၀၉ ခုနှစ်တွင် အီတလီနိုင်ငံအလယ်ပိုင်း၌ အင်အား ၆ ဒသမ ၃ ပြင်းအားရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ။**




# မြောက်ကိုရီးယား ရေငုပ်သင်္ဘောမှ ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်ခတ်

**ဆိုးလ် ဩဂုတ် ၂၄**

မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံ၏အရှေ့ဘက် ကမ်းလွန်ဒေသ၌ ရေငုပ်သင်္ဘောတစ်စင်းမှ ပဲ့ထိန်းဒုံးကျည်တစ်စင်းအား ပင်လယ်တွင်းသို့ စမ်းသပ်ပစ်ခတ်မှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ယနေ့ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ ဟမ်ယောင်းပြည်နယ်တွင်းရှိ အရှေ့ဘက်ကမ်းရိုးတန်းမြို့နှင့် ပိုကမ်းလွန်ပင်လယ်ပြင်တွင် ရေငုပ်သင်္ဘောမှ ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို ပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲတွင် ပဲ့ထိန်းဒုံးကျည်(အက်စ်အယ်လ်အမ်ဗွီ)အား အရှေ့ပင်လယ်တွင်းသို့ ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယခုပစ်လွှတ်ခဲ့သောပဲ့ထိန်းဒုံးကျည်၏နည်းပညာမှာ မြောက်ကိုရီးယားတို့ ယခင်က စမ်းသပ်ပစ်ခတ်ခဲ့သော ပဲ့ထိန်းဒုံးကျည်(အက်စ်အယ်လ်အမ်ဗွီ)များနှင့် နှိုင်းယှဉ်ပါက နည်းပညာတိုးတက်လာမှုကို ပြသနိုင်ပြီး ယင်းဒုံးကျည်သည် ကီလိုမီတာ ၅၀၀ ခန့်ပျံသန်းသွားသည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

တောင်ကိုရီးယားနှင့်အမေရိကန်တပ်ဖွဲ့များ နှစ်စဉ်ပြုလုပ်နေကျပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဩဂုတ် ၂၂ ရက်တွင် စတင်ခဲ့ပြီးနောက် မြောက်ကိုရီးယား ရေငုပ်သင်္ဘောမှ ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်ခတ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# လွတ်လပ်ရေးနေ့ အခါသမယတွင် ယူကရိန်းတပ်ဖွဲ့ စစ်အင်အားပြသ

**ကီယက် ဩဂုတ် ၂၄**

ယူကရိန်းနိုင်ငံ၏လွတ်လပ်ရေးနေ့ အခါသမယတွင် တပ်ဖွဲ့များက စစ်အင်အားပြသခဲ့ကြကြောင်း၊ ယူကရိန်းနိုင်ငံသည် နိုင်ငံတကာ၏ အာမခံချက်များအပေါ် အမှီပြုခြင်းမရှိဘဲ မိမိ၏အင်အား ပေါ်တွင်သာ ရပ်တည်လိုသော နိုင်ငံဖြစ်ကြောင်း သမ္မတ ပီထရိုပိုရိုရှန်ကိုက ဩဂုတ် ၂၄ ရက်တွင် ပြောကြားလိုက်သည်။

အရှေ့ဥရောပရှိ ယူကရိန်းနိုင်ငံသည် ခရိုင်းမီးယားဒေသနှင့် စပ်လျဉ်း၍ အိမ်နီးချင်းရုရှားနိုင်ငံနှင့် တင်းမာမှုများ ပြန်လည်ဖြစ်ပေါ်လာရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပြန်လည်ပျက်ပြားသွားမည်ကို အများက စိုးရိမ်ပူပန်လျက်ရှိသည်။ ဂျာမနီနှင့်ပြင်သစ်နိုင်ငံတို့၏ စေ့စပ်ပေးမှုဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ကြသည်။

ယူကရိန်းနိုင်ငံသည် မိမိနိုင်ငံကို မိမိ ကာကွယ်နိုင်စွမ်းရှိကြောင်း၊ သို့ရာတွင် ပြည်ပအကူအညီများ လိုအပ်နေကြောင်း သမ္မတ ပိုရိုရှန်ကိုက စစ်ရေးပြပွဲအခမ်းအနားတွင် ပြောကြားသည်။

**ရိုက်တာ။**



# ကမ္ဘာ့အကြီးဆုံး လေသင်္ဘောကြီး ဒုတိယအကြိမ်စမ်းသပ်ပျံသန်းစဉ်ပျက်ကျ

**လန်ဒန် ဩဂုတ် ၂၄**

ကမ္ဘာ့အကြီးဆုံးလေသင်္ဘောသည် အင်္ဂလန်နိုင်ငံတွင် ပျက်ကျခဲ့ရာ လေယာဉ်မောင်းခန်းပျက်စီးခဲ့ရကြောင်း၊ ယင်းလေသင်္ဘောကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုပြုလုပ်ခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်သေးချိန်တွင် ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

ဟေလီယမ်ဓာတ်ငွေ့သုံး လေသင်္ဘောကြီးသည် ကြေးနန်းတိုင်တစ်တိုင်ကို ဝင်တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသော်လည်း အတည်ပြုခြင်းမရှိပေ။

အဲလန်ဒါ (၁၀) အမည်ရှိ လေသင်္ဘောသည် ပေ ၃၂၀ အရှည်ရှိသည်။ အလေးချိန် ၁၀ တန်အထိ သယ်ဆောင်နိုင်သော လေသင်္ဘောသည် အင်္ဂလန်ဘက်ဖို့ဒ်ရှိုင်းယားဒေသရှိ ကာဒင်တန်လေယာဉ်ကွင်း၌ ပျက်ကျခဲ့သည်။

အဲလန်ဒါလေသင်္ဘောကို တစ်စင်းလျှင်ပေါင်ငွေ ၂၅ သန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ လူလိုက်ပါသော ခရီးစဉ်ကို ငါးရက်ကြာမျှ ပျံသန်းနိုင်စွမ်းရှိသည်။

ဒုတိယအကြိမ် စမ်းသပ်ပျံသန်းစဉ်အတွင်း လေသင်္ဘောကြီးသည် ခေါင်းစိုက်ထိုးဆင်းသွားခဲ့ကြောင်း၊ လေသင်္ဘော၏ဝန်ထမ်းများအားလုံး ဘေးအန္တရာယ်ကင်းရှင်းကြောင်း အဆိုပါလေသင်္ဘောကို တီထွင်ထုတ်လုပ်ခဲ့သော အိပ်ချ်အေဗွီ(မျိုးစပ်လေယာဉ်များ)အမည်ရှိ ကုမ္ပဏီက ပြောကြားသည်။

အဆိုပါလေသင်္ဘောကို ဩဂုတ် ၁၇ ရက်က ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့သည်။

၂၀၂၁ ခုနှစ်ထက် နောက်မကျဘဲ လေသင်္ဘော ၁၀ စင်းအထိ တည်ဆောက်သွားရန် အိပ်ချ်အေဗွီ ကုမ္ပဏီက မျှော်လင့်ထားသည်။

**ရိုက်တာ။**




# အခြေခံပညာအဆင့် သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒတစ်ရပ် ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာကျင့်သုံးပေးပါရန် ပညာရေးဝန်ကြီးဌာနအားတိုက်တွန်း

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အောင်မြေသာစံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးလှမိုး၏ နိုင်ငံတော်၏ ချမှတ်ထားသော ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့် သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သော မူဝါဒတစ်ရပ် ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာကျင့်သုံးပေးပါရန် ပညာရေးဝန်ကြီးဌာနအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တွံတေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က အနာဂတ်အတွက် တည်ငြိမ်သည့်၊ ခိုင်မာသည့် မူဝါဒတစ်ရပ်ချမှတ်မည်ဆိုပါက အတိတ်ကို လေ့လာဆန်းစစ်ရန်ကိစ္စကို အစွဲကင်းကင်းဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် မူဒါဒတစ်ခုကိုချမှတ်မည်ဆိုပါက ကမ္ဘာ့အခြေအနေကို လေ့လာသုံးသပ်ရန်လည်း လိုပါကြောင်း၊ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကမောင်းနှင်အားတစ်ခု ဖြစ်ပါကြောင်း၊ ခိုင်မာသည့်ဖွံ့ဖြိုးတိုးတက်မှုကိုလိုချင်ပါက မှန်ကန်သည့် ခိုင်မာသည့် ပညာရေးမူဝါဒကို ချမှတ်ရမည်ဖြစ်ပါကြောင်း၊ မှန်ကန်သည့်ပညာရေးမူဝါဒသည် ဒီမိုကရေစီစနစ်နှင့်လိုက်လျောညီထွေဖြစ်သည့် မူဝါဒဖြစ်ပါကြောင်း။

သုတေသနလုပ်ငန်းကို အခြေခံသည့် (Research base) ပညာရေးမူဝါဒဖြစ်သင့်ပါကြောင်း၊ သင်ယူသူကို ဗဟိုပြုသည့် ပညာရေးမူဝါဒဖြစ်သင့်ပါကြောင်း၊ ဘဝတစ်သက်တာပညာသင်ယူမှုကို အခြေပြုသည့် ပညာရေးမူဝါဒဖြစ်သင့်ပါကြောင်း၊ ရေတိုအကျိုးရလဒ်ထက် ရေရှည်အကျိုးရလဒ်ကို မျှော်မှန်းပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သည့် ပညာရေးမူဝါဒဖြစ်သင့်ပါကြောင်း၊ အရည်အချင်းထက်မြက်သည့် ဖြောင့်မတ်သော ကျောင်းဆရာကောင်းများ မွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာကောင်းများက မိမိတို့၏ တပည့်များကို စဉ်ဆက်မပြတ်အကဲဖြတ်သည့် ပညာရည်စစ်ဆေးမှုနှင့် စာမေးပွဲစနစ်အစား တည်ကြည်ဖြောင့်မတ်ပြီး အရည်အချင်းပြည့်ဝသည့် ကျောင်းဆရာများက မိမိတို့တပည့်များကို စဉ်ဆက်မပြတ်အကဲဖြတ်ပြီး အရည်အချင်းအလိုက် အတန်းတင်ပေးသည့်စနစ်ဖြင့်



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

လုပ်ဆောင်မှသာပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဟူသည့် ကြွေးကြော်သံသည် အမှန်တကယ် အကောင်အထည်ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်က မြန်မာနိုင်ငံပညာရေးစနစ်နှင့် ပတ်သက်၍ အခြေခံအဆင့်တွင်သာမက အဆင့်မြင့်အဆင့်မှာပါ အားမရစရာနှင့် မှားယွင်းမှုများရှိနေ၍ အလွန်နိမ့်ကျနေပါကြောင်း၊ ကျေးလက်နှင့် မြို့ပြပညာရေးသည် အလွန်ကွာဟလျက်ရှိပြီး ကျေးလက်တွင် ပညာရေးအခြေအနေသည် အဆိုးဆုံးဖြစ်နေပါကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် မှန်ကန်သည့် ပညာရေးစနစ်များကို ခိုင်ခိုင်မာမာချမှတ်ပြီး မှန်မှန်ကန်ကန် အကောင်အထည်ဖော်ရန် လိုအပ်နေပါကြောင်း၊ ယင်းသို့ လုပ်ဆောင်ရန်မှာ အခြေခံပညာအဆင့်မှာသာမကဘဲ ပညာသင်ကြားသင်ယူမှုအဆင့်တိုင်းတွင် လိုအပ်နေပါကြောင်း။

ကျေးလက်နှင့် မြို့ပြပညာရေးအခြေအနေ ကွာဟမှုကို မည်သည့် နည်းလမ်းမျိုးကျင့်သုံးကာ ဆောင်ရွက်ရမည်ကို သိရှိရန်လိုအပ်ကြောင်း၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ အကျင့်ပျက်ခြစားမှုမရှိအောင် မည်သို့ဆောင်ရွက်မည်ဆိုသည့် အချက်ကလည်း အလွန်အရေးကြီးပါကြောင်း၊ ယင်းကိစ္စများကို မှန်ကန်စွာဖြေရှင်းဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် မည်သည့်အစီအမံများဖြင့် မည်သို့ လုပ်ကိုင်ဆောင်ရွက်မည်ဆိုသည်မှာ အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းပြီးအမျိုးသားပညာရေးဥပဒေအရ အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ အဆိုရှင်၏အဆိုတွင် မှန်ကန်သော မူဝါဒတစ်ရပ် ချမှတ်ပေးရန်ဟု ဖော်ပြပါရှိကြောင်း၊ ယင်းမူဝါဒချမှတ်မည့် လုပ်ပိုင်ခွင့်သည် ကော်မရှင်၏ လုပ်ပိုင်ခွင့်(သို့မဟုတ်) ပညာရေးဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ဟူသည့်အချက်ကို မိမိတို့ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်ဆိုပါက ကော်မရှင်ဖွဲ့နိုင်ရန်အတွက် နိုင်ငံတော်အစိုးရကို တိုက်တွန်းရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ဆိုပါကလည်း အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ပါရမည်ဖြစ်သည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်တွန်းဖို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ အဆိုရှင်၏ အဆိုသည် မိမိတို့နိုင်ငံအတွက် အလွန်အရေးကြီးသကဲ့သို့ လိုအပ်သည်လည်း ဖြစ်သည့်အတွက် အဆိုရှင်၏ အဆိုကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မည့်လုပ်ငန်းများမှ နိုင်ငံသားတိုင်း အနည်းဆုံးမသင်မနေရ မူလတန်းပညာရေးကို တတ်မြောက်စေရန်နှင့် ဆက်လက်၍ အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိရန် ပညာရည်စစ်ဆေးတိုင်းတာခြင်းနှင့် အကဲဖြတ်မှုပုံစံတို့ကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း (၄၆၀၁၂) ကျောင်းရှိပါကြောင်း၊ ဆရာ ဆရာမဦးရေ (၃၆၃၂၉၈)ဦးရှိပြီး ကျောင်းသား ကျောင်းသူ(၈၇၈၅၁၇၈)ဦး ရှိပါကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် မသင်မနေရပညာရေးစနစ် သဘောတရားအရ ကျောင်းသို့ဝင်ရောက်လာသည့် ကျောင်းသားများ အတန်းထပ်ကျော့နေရခြင်း၊ ကျောင်းထွက်သွားရခြင်း နည်းပါးစေရန်၊ လျော့နည်းစေရန်၊ မရှိစေရန်နှင့် သင်ယူတတ်မြောက်စေရန် သင်ကြားပေးပြီး စစ်ဆေးအကဲဖြတ်၍ လိုအပ်ပါက ဖြည့်ဆည်းသင်ကြားပေးခြင်းနှင့် ပညာရေးအဟောသိကံဖြစ်မှုများမှ ရှောင်ရှားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းရလဒ်များအရ ပေါ်ထွက်လာမည့် ပညာရည်အားနည်းသော၊ အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများကို ဖြည့်ဆည်းသင်ကြားပေးရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဒေါက်တာလှမိုးက ၎င်း၏ အဆိုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး မှတ်တမ်းတင်ထားရှိရန်အတွက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ်ကိုရယူကာ မှတ်တမ်းတင်ထားရှိကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်များ၏ သောက်သုံးရေအခက်အခဲကို ဖြေရှင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

ပသိရေလှောင်တမံမှ သိုလှောင်ရေများကို သောက်သုံးရေပေးဝေရန်အတွက် သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းတောင်းခံလာပါက ပူးပေါင်းညှိနှိုင်း ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ပသိချောင်း၏ ရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အကူအညီတောင်းခံလာပါက ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့တွင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၏ "ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ပသိချောင်းရေလှောင်တမံ စီမံကိန်းကို ပြန်လည်စိစစ်ပြီး ရေပေးဝေရေးအစီအစဉ်အဖြစ် ပြောင်းလဲဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် သံတောင်မြို့၏ တစ်ခုတည်းသော ရေအရင်းအမြစ်ဖြစ်သည့် ပသိချောင်း ရှင်သန်တည်တံ့ရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ပသိရေလှောင်တမံ၏ မူလဦးစားပေးရည်ရွယ်ချက်သည် စိုက်ပျိုးရေပေးဝေရေးဖြစ်ပြီး နွေရာသီတွင် စိုက်ပျိုးရေပေးဝေသော ဆည်ရေသောက်စနစ်တည်ရှိရာ တောင်ငူမြို့နယ်အတွင်းမှ ဧရိယာများတွင် ဆည်ရေပေးဝေလျက်ရှိသည့်အပြင် ဒေသသောက်သုံးရေရယူနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်သည့် အခြေအနေရှိပါကြောင်း။

ဒေသသောက်သုံးရေ ပေးဝေရေးလုပ်ငန်းသည် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ စီမံဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်သောကြောင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသည့် နေရာများတွင် ရေပေးဝေနိုင်ရေးအတွက် ညှိနှိုင်းလာပါက ပူးပေါင်းကူညီပေးသွားမည်ဖြစ်ကြောင်းဖြေကြားသည်။

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ "မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာတွင် နွေရာသီ၌ သောက်သုံးရေအခက်အခဲ




ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကြုံတွေ့နေရသောကြောင့် ဧရိယာအကျယ် ၁၃ ဧကခန့်ရှိ ပင်ရွာလယ်အင်းကို တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာအုပ်စုရှိ ရွာလယ်အင်း တူးဖော်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေလျာထားချက်တွင် ပါဝင်ခြင်းမရှိသဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ မူလရန်ပုံငွေစာရင်းတွင် ထည့်သွင်းတင်ပြတောင်းခံပြီးရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

"သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမျိုးဝင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်တို့က ဥပဒေကြမ်းတွင်ပါရှိသည့် အခန်း၊ ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့် အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အကြိုဂုဏ်ပြုဆောင်းပါး

# အမှန်တကယ် ငြိမ်းချမ်းရေး ရချင်ပါပြီလား

## မောင်မောင်အောင်(မန္တလေး)

ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရပြီး မရှေးမနှောင်းမှုစ၍ အယူဝါဒမတူ၊ ကွဲပြားမှု အခြေခံလျက် တိုင်းရင်းသားပြည်သူများအကြား ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်သည် ယနေ့ကာလတိုင် ရှည်လျားလှစွာ ဖြေရှင်း၍ မရနိုင်သည့် ပြဿနာတစ်ရပ်အဖြစ် ထင်ထင်ရှားရှားပေါ်လွင်နေသည်မှာ မည်သူမျှ မငြင်းနိုင်ပါ။ လွတ်လပ်ရေးရပြီးချိန်မှ နိုင်ငံတော်အား အုပ်ချုပ်ခဲ့ကြသော အစိုးရအဆက်ဆက်သည်လည်း ၎င်းတို့အချိန်ကာလနှင့်အညီ တိုင်းရင်းသားပြည်သူများ သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းခဲ့ကြပါသည်။ အဖြေကား မအောင်မြင်သေးပါဟု ဆိုရပါမည်။ ပြည်တွင်းစစ်နှင့် မငြိမ်းချမ်းခြင်း၏ရလဒ်သည် တိုင်းရင်းသားပြည်သူများ သေကျေပျက်စီးဆုံးရှုံးမှုနှင့် ဆင်းရဲမွဲတေမှု၊ တစ်နည်းဆိုရသော် အကျိုးမဲ့ခြင်းနှင့် ပျက်စီးခြင်းသဘောသာဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူများ ညီညွတ်မှုမရှိခြင်း၏ အကျိုးဆက်ဖြစ်ပါသည်။ ဤသဘောထားကို ကျွန်ုပ်တို့အားလုံး သိရှိနားလည်လက်ခံနေသည်မှာ နှစ်ပေါင်းအတော်ပင်ရှိပါပြီ။ စာရေးသူသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ဒုတိယကမ္ဘာစစ်ကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်အတွင်း စစ်ကာလ၌ မြေလတ်ဒေသ ကျေးရွာတစ်ရွာတွင် ရှောင်တိမ်းပုန်းအောင်းခဲ့ရသော မိခင်ဝမ်း၌ သန္ဓေယူဒုက္ခဘဝဖြင့်စခဲ့ရပြီး ယခု တတိယအရွယ် နိဂုံးအဆုံးနားပင်ရောက်နေသော်လည်း လက်နက်ကိုင်အငြင်းပွားနေကြသည့် တိုင်းရင်းသားပြည်သူများ၊ အုပ်ချုပ်သူအဖွဲ့အစည်းများ ဘာကြောင့် ဤအနိဋ္ဌာရုံမှ မလွန်မြောက်နိုင်ရပါလိမ့်ဟု မကြာခဏ ဉာဏ်မီသရွေ့တွေးတောမိပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ကျွန်ုပ်တို့ ဘိုးဘွားများလက်ထက် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် မညီညွတ်ခြင်း၏ အကျိုးမဲ့ရခြင်းနှင့် မင်းနှင့်ပြည်သူ ကြည်ဖြူစွာညီညွတ်ပါမှ တိုင်းနိုင်ငံ စည်ပင်ဖွံ့ဖြိုးသကဲ့သို့ ငြိမ်းချမ်းခြင်း၊ ချမ်းသာခြင်းကိုဖြစ်စေနိုင်၊ ရစေနိုင်ကြောင်း ဟောကြားဆုံးမခဲ့ပုံများ၊ သာဓကများဖြင့် ဖွင့်ဟထားသော စာပေကျမ်းဂန်ဒေသနာများကို ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ သတိမေ့လျော့နေကြပြီလားဟု မှန်းဆမိပါသည်။ ထိုသို့သော အဆုံးအမများသည် မြတ်ဗုဒ္ဓအား ယုံကြည်ကြသူများအတွက်သာမဟုတ်၊ မည်သည့်ဘာသာ ယုံကြည်ကိုးကွယ်သည့် လူပုဂ္ဂိုလ်များ၊ လူမျိုးများ(ဖြူသည်၊ ညိုသည်၊ မည်းသည်)မဟူ ဒေသမရွေး၊ လူသားမှန်သမျှ အားလုံးအတွက် လောကီရေးရာကြရာတွင် တစ်ဦးအကြောင်းတစ်ဦးက မှန်မှန်ကန်ကန်သဘောရိုးဖြင့် သိရှိနားလည်ရန်လိုအပ်သလို အဖွဲ့အစည်းတစ်ခုက တစ်ခုအကြောင်း ထိုသဘောအတိုင်းပင် နားလည်သိရှိရန်လိုအပ်မည်ဖြစ်ပါသည်။ မိမိ(သို့)အဖွဲ့အစည်းဆန္ဒတစ်ခုတည်း ရှေ့တန်းတင်၍ ပြုမူဆက်ဆံခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် သင့်မြတ်မှု၊ ညီညွတ်မှုနှင့် ငြိမ်းချမ်းမှု သဘောထားဟန်ချက်အား မမျှမတဖြစ်စေရာရောက်မည်ကို သတိချပ်ရမည်ဖြစ်ပါသည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူတကွ ပူးပေါင်းတည်ဆောက်လာခဲ့ကြသော နိုင်ငံတော်ကြီးဆိုသည့်အချက်ကို အခြေခံ၍ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ခံစားချက်အပေါ် ကိုယ်ချင်းစာတရား၊ စာနာစိတ်ထားနှင့် မှန်ကန်စွာ ကူညီဖေးမခြင်းသည် အချင်းချင်းယုံကြည်မှုကို ဖန်တီးပေးမည်ဖြစ်ပါသည်။ သံသယဖြစ်ခြင်းကို လျော့နည်းပပျောက်မှသာ ညီညွတ်မှုမှတစ်ဆင့် ငြိမ်းချမ်းခြင်း၊ ချမ်းသာခြင်းကို ကိုယ်စီကိုယ်င ခံစားကြရမည်ဖြစ်ပါသည်။

ကျေးဇူးရှင် ဆရာတော် အရှင်ကေလာသ (Ashin Kelasa)၏ ဗုဒ္ဓဒေသနာလာ မိန့်မှာစကားအား အောက်ပါအတိုင်း ထပ်ဆင့်ဖော်ပြလိုပါသည်။

“We need warm love and Kind heart
To have sense of TRUST
And Everlasting Relation.”

“Sympathy must be developed,
Selfishness should be abandoned,
To happily and harmoniously Live,
With everyone in the same planet.”

“ထာဝရခိုင်မြဲရှင်သန်သော ဆက်ဆံရေးနှင့် ယုံကြည်မှု
စိတ်ထားများ ရှိလာစေရန် ကျွန်ုပ်တို့သည်
နွေးထွေးသော မေတ္တာ၊ ကြင်နာသော နှလုံးသား လိုအပ်ကြောင်း၊”

“တစ်မိုးအောက် တစ်မြေတည်းနေ လူသားတိုင်း
ဟန်ချက်ညီညီ၊ မျှမျှတတ၊ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ရန်
တစ်ကိုယ်ကောင်းဆန်သော စိတ်ထားများ ဖယ်ရှားသင့်ကြပြီး
ကိုယ်ချင်းစာတရား တိုးပွားအောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း”

တစ်မျိုးသားလုံး သင့်မြတ်ရေးနှင့် ညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် ခံယူရမည့် စိတ်ထားများဖြစ်ကြောင်း လူသားအားလုံးနှလုံးသွင်းကြရန် တိုက်တွန်းလိုက်ပါသည်။

ယနေ့အချိန်ကာလသည် ဆန်းပြားသစ်လွင်သော နည်းပညာများဖြင့်

**မတူညီသော အယူအဆများကြောင့် ငြင်းခုံဝေဖန်မှုများ၊ အစွန်းရောက်ကိုယ်ကျိုးစီးပွားစိတ်ဓာတ်များဖြင့် ပြဿနာများအဖြေရှာ၍ မရနိုင်ကြောင်း၊ အပြုသဘောဆောင်၍ အမှန်တရားများအပေါ်အခြေခံသည့် မျှတသော အကျိုးစီးပွားစိတ်ထားများနှင့် ဆွေးနွေးတိုင်ပင်မှုဖြင့်သာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်။**

တွင် လည်းကောင်း၊ လောကုတ္တရာ သံသရာရေးရာတွင် လည်းကောင်း ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းအကျိုးကို ရှေးရှုခဲ့သည်မဟုတ်ပါလား။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်း၍ ခြောက်နှစ်ပတ်လုံး ဆင်းရဲဒုက္ခမျိုးစုံ၊ နည်းလမ်းစုံဖြင့် ကိုယ်တော်တိုင်ရှာဖွေရရှိခဲ့သော ထာဝရ သစ္စာတရားနှင့် ကျင့်စဉ်များသည် သိရုံသက်သက်မဟုတ်၊ လိုက်နာအသုံးချခြင်းဖြင့် ဧကန်မုချကောင်းကျိုးရရှိမည်ဖြစ်ကြောင်း၊ အောင်မြင်ခြင်းနှင့် ငြိမ်းချမ်းခြင်းကို ရစေမှာဖြစ်ကြောင်း ယုံကြည်သဒ္ဓါ စွမ်းအားထက်သန်စေလိုသည့် ဆန္ဒနှင့် “**အမှန်တကယ်ငြိမ်းချမ်းရေး ရချင်ပါပြီလား**”ဟူသော အမေးစကားဖြင့် အစချီလိုက်ပါသည်။

လူပုဂ္ဂိုလ်တိုင်း၊ တိုင်းရင်းသားပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်း အားလုံးက ငြိမ်းချမ်းရေးကို လိုချင်ပါသည်ဟု တဖွဖွပြောဆိုနေကြပါသည်။ **အမှန်တကယ်ပါလားဟု ထပ်ဆင့်စဉ်းစားကာ လေးနက်သောရင်တွင်းစကားဖြင့် အမှန်ပါဟု စွဲမြဲသည့်ဆုံးဖြတ်ချက် (Deep Determination)နှင့် ဖြေစေချင်ပါသည်။ အပြောထက် လက်တွေ့ကျကျ မဖြစ်မနေအကောင်အထည်ဖော်ခြင်းကို ပြရမည်ဖြစ်ပါသည်။ အဖွဲ့အစည်းတိုင်း၊ လူပုဂ္ဂိုလ်တိုင်း မိမိတို့ကိုယ်စီက ခိုင်မာသောယုံကြည်ချက် (Self Confidence)ဖြင့် ညှိနှိုင်းတိုင်ပင်ပါလျှင် အမှန်တကယ်ရချင်သည့် ငြိမ်းချမ်းရေးကိုရမည်ဟု လက်ခံမိပါသည်။**

မငြိမ်းချမ်းရခြင်း၏ အကြောင်းရင်း ဇာစ်မြစ်ကို ရှာဖွေရမည်ကိုလည်း ကျွန်ုပ်တို့သဘောပေါက်နားလည်ကြပါသည်။ မည်သည့်ဖြစ်စဉ်၊ ဖြစ်ရပ်မဆို အကြောင်းမရှိဘဲ အကျိုးမဖြစ်နိုင်ပါ။ အကြောင်းပေါင်းစုံပါက အကျိုးတရားဖြစ်ရခြင်းသည် သဘာဝနိယာမ (Law of Nature)ပင်ဖြစ်ပါသည်။ “**လူဆိုသည်မှာ တစ်ဦးတစ်ယောက်ခွဲထွက်မနေပါ**” ဟု လူတိုင်းနှုတ်ဖျားမှ သီဆိုနေကြသည့်အတိုင်း အသင်းအဖွဲ့၊ အစုအပေါင်းနှင့် နေထိုင်ရှင်သန်ရသည်မှာ လူ့သဘာဝပါ။ အသေးဆုံးသော မိသားစုပုံစံမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စုအထိ အဖွဲ့အစည်းပုံစံဖြင့် ဆက်နွှယ်ရပ်တည်ခြင်းသည် ဤကမ္ဘာရှိ လူသားတို့ လူနေမှုပုံစံသဘောဟု ဆိုရပါမည်။

သို့ပါ၍ လူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ဆက်နွှယ်ဆောင်ရွက်လျင်မြန်စွာ ပြောင်းလဲနေသည့် ကမ္ဘာကြီးနှင့် လူသားတို့ကြုံတွေ့နေရသော (၂၁)ရာစုဖြစ်ပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအချို့တွင် မငြိမ်သက်မှုများ၊ အကြမ်းဖက်မှုများလည်း တွေ့မြင်နေရပါသည်။ သင့်မြတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံအလိုက်၊ ဒေသအလိုက်၊ ကမ္ဘာလုံးဆိုင်ရာအလိုက် ညှိနှိုင်းဆွေးနွေးအဖြေရှာလျက်ရှိကြသည်။ မတူညီသော အယူအဆများကြောင့် ငြင်းခုံဝေဖန်မှုများ၊ အစွန်းရောက်ကိုယ်ကျိုးစီးပွားစိတ်ဓာတ်များဖြင့် ပြဿနာများအဖြေရှာ၍ မရနိုင်ကြောင်း၊ အပြုသဘောဆောင်၍ အမှန်တရားများအပေါ်အခြေခံသည့် မျှတသော အကျိုးစီးပွားစိတ်ထားများနှင့် ဆွေးနွေးတိုင်ပင်မှုဖြင့်သာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း လက်ခံကြလျက် အကြမ်းဖက်ခြင်း၊ လက်နက်နည်းဖြင့် အဖြေရှာခြင်းများ ရှောင်ရှားကြရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း တည်ငြိမ်အေးချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးလာခဲ့ရာ အတော်ပင် ခရီးပေါက်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ နှစ်ဦးအချိန်မှာ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်ခေါင်းဆောင်များ၊ ပညာရှင်များ ပါဝင်တက်ရောက်ကြပြီး သီတဂူကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကြီးကို ဆွေးနွေးတိုင်ပင်၍ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အချက်(၁၄) ချက်ပါဝင်သော ကြေညာစာတမ်းအား သဘောတူကြေညာနိုင်ခဲ့ပါသည်။ ၎င်းငြိမ်းချမ်းရေး ကြေညာစာတမ်းပါ အကြောင်းအရာများမှ ထူးခြားသောစိတ်သဘောထားများအား ကောက်နုတ်တင်ပြရပါလျှင် -

- မိမိကိုယ်ကျိုးထက် အများအကျိုးကို ဦးစားပေးရန်။
- ငြိမ်းချမ်းရေးရရှိသည် ဆိုရုံဖြင့်မပြီး၊ အမြဲတည်ရှိ ခိုင်မြဲနေစေရန်နှင့် မျှတငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းအတွက် မည်သည့်အခါမှ ရပ်တန့်ပစ်ရန် မသင့်ကြောင်း။
- ဘာသာရေးကို မကြာခဏ ခုတုံးလုပ်၊ အလွဲသုံးစားပြုခြင်း ဆန့်ကျင်ကန့်ကွက်ရန် အချိန်တိုင်းတာဝန်ရှိကြောင်း။

**စာမျက်နှာ ၇ သို့**


## ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံး နောက်ထပ်မသုံးချင်တော့ဘူး

❖ ငြိမ်းချမ်းရေးငြိမ်းချမ်းရေး
ငြိမ်းချမ်းရေးငြိမ်းချမ်းရေး
ငြိမ်းချမ်းရေးငြိမ်းချမ်းရေး
မငြိမ်းချမ်းသေးလို့ ခဏခဏသုံးနေရတဲ့စကားလုံး
ကြာတော့ ရိုးသွား မုန်းသွားမှာတောင် စိုးရသကွဲ့။

❖ ဒါကြောင့် ၂၁ ရာစုပင်လုံမှာ
အားလုံးစုဆုံကာ မြန်မြန်လက်မှတ်ရေးထိုးလို့
အပြန်အလှန် အပစ်အခတ်တွေ ရပ်စဲကြ
တစ်ယောက်နဲ့ တစ်ယောက်
တစ်ဖွဲ့နဲ့တစ်ဖွဲ့ လက်ဆွဲနှုတ်ဆက်ကာ သင့်မြတ်ပြီး
အနယ်နယ်အရပ်ရပ်က
စစ်ဘေးသင့် စစ်ဘေးရှောင် ဒုက္ခသည်တွေကို
သူတို့အိမ် သူတို့ရာတွေဆီပြန်ပို့ကြ
ပြီးတော့ အဲဒီ “ငြိမ်းချမ်းရေး”ဆိုတဲ့ စကားလုံးကိုလည်း
မလိုအပ်တော့တဲ့အတွက် ထုတ်မသုံးကြတော့ဘဲ
ရွှေရောင်မျက်နှာဖုံးနဲ့ စာအုပ်ကြီးထဲ
အမြဲထာဝရ သိမ်းထားလိုက်ကြပါစို့ရဲ့။ ။

မင်းထက်မောင်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကို ကြိုဆိုဂုဏ်ပြုလျက်



# မကွေးမြို့၌ ညအချိန် လှည့်ကင်းရဲတပ်ဖွဲ့နှင့် အရာရှိစစ်သည်သုံးဦးတို့ ခိုက်ရန်ဖြစ်ပွားမှု စစ်စည်းကမ်း၊ ရဲစည်းကမ်းတို့ဖြင့် အရေးယူသွားမည်ဟုသိရှိရ

**နေပြည်တော် ဩဂုတ် ၂၄**

မကွေးမြို့ ကန်သာယာရပ်ကွက် (၅)လမ်းရှိ နန်းမဥ္စူအမျိုးသမီးဘော်ဒါဆောင်ရှေ့တွင် ဩဂုတ် ၁၅ ရက် နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်က အရာရှိစစ်သည်သုံးဦးသည် တာဝန်ချိန်ပြင်ပ အရက်သောက်စားပြီး ဂစ်တာတီးနေစဉ် မကွေးမြို့မရဲစခန်းမှ လှည့်ကင်းထွက်လာသော ဒုရဲအုပ်ကိုကိုဦးပါ လေးဦးတို့က တွေ့မြင်ပြီး ညအချိန်မတော်ဖြစ်နေ၍ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်မည်ကိုစိုးရိမ်သဖြင့် လူစုခွဲပြန်ရန်ပြောဆိုစဉ် အချေအတင်စကားများရာမှ ရုန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အား တပ်မတော်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍လည်းကောင်း စုံစမ်းစစ်ဆေးခဲ့ရာ လှည့်ကင်းအဖွဲ့နှင့် အရာရှိစစ်သည်သုံးဦးတို့ ရုန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားနေစဉ် ဒုရဲအုပ်ကိုကိုဦးက ၎င်းကိုင်ဆောင်သော ခြောက်လုံးပြူးသေနတ်ကို ကျည်ဆန်ကုန်သည်အထိ ပစ်ခတ်ခဲ့ရာ အရာရှိစစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် လှည့်ကင်းတပ်ဖွဲ့ဝင်များလည်း ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါခိုက်ရန်ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ အရာရှိစစ်သည် သုံးဦးတို့သည် ညအချိန် တာဝန်ချိန်ပြင်ပတွင် အရက်သောက်စားပြီး ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းအပေါ် စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်မည်ဖြစ်ပြီး ဒုရဲအုပ်ကိုကိုဦးအား မိမိကိုင်ဆောင်သည့် သေနတ်ကို လိုအပ်သည်ထက် ပိုမိုပစ်ခတ်ဆောင်ရွက်ခဲ့သဖြင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၆ မှ**

- ယဉ်ကျေးမှုတစ်ခု၊ ဘာသာရေးတစ်ခု၊ လူမျိုးတစ်မျိုး (သို့) အဖွဲ့အစည်းတစ်ခုကို အခွင့်အရေးပေးခြင်းသည် မုန်းတီးမှု၊ ကြောက်ရွံ့မှုနှင့် အယုံအကြည်ကင်းမဲ့မှုများကိုသာ လှုံ့ဆော်စေနိုင်ကြောင်း။
- လူသားတိုင်း သက်ဆိုင်ရာမိမိတို့ ယုံကြည်ကိုးကွယ်မှုနှင့် ဘာသာတရားကို လွတ်လပ်စွာကျင့်သုံးခွင့်ရှိသည်ဟု သတ်မှတ်သည် စသည်ဖြင့်ဖော်ပြထားသည်ကို သတိပြုရပါမည်

ဟူ၍ ဖော်ပြထားပြီး ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်)မှ အတွင်းရေးမှူးချုပ်ဆရာတော်က **“ငြိမ်းချမ်းမှုရဲ့ အနှောင့်အယှက်တွေ ဖြေရှင်းမှု၊ လိုအပ်မှုတွေကို သဘောတူကြကြောင်း အတွေးအခေါ်နဲ့ ကျင့်သုံးမှုရှုထောင့်ကနေ ငြိမ်းချမ်းရေးကို ပိုမိုခိုင်မာအောင် လုပ်လိုက်တာပါပဲ”** ဟုလည်းကောင်း၊ **“လူထုထဲမှာ ဒီငြိမ်းချမ်းရေးအတွေးအခေါ် အမြစ်တွယ်အောင်၊ နိုင်ငံပေါ်လစီချမှတ်သူတွေနှလုံးသားထဲ ဒီငြိမ်းချမ်းရေးသတိနဲ့ ငြိမ်းချမ်းရေးအသိရောက်အောင် ဆက်လက်လုပ်ဆောင်သွားဖို့ပါ”** ဟု မိန့်ကြားခဲ့သည်ကို ဂရုစမ္ပပြုရမှာဖြစ်ပါသည်။

၎င်းပြင် စာရေးသူဖတ်ရှုလေ့လာမိသော ဆရာပီမိုးနင်း၏ သင့်မြတ်မှု၊ ညီညွတ်မှုကို ထိခိုက်စေသည့် **“အငြင်းအခုံဖြစ်ခြင်းအပြစ်”** ဟူသော ရှောင်ရန်နှင့် ဆောင်ရန်စကားများအား သတိပြုရန် ဖော်ပြရပါလျှင် “ထင်မြင်ချက်တစ်ခုခုနှင့် ပတ်သက်၍ သူမှန်သည်၊ ငါမှန်သည် ငြင်းခုံခြင်းသည် မခံချင်စိတ်ကိုပြ၏။ မခံချင်သောစိတ်ကို မည်သူမျှ မနှစ်သက်လိုပေ။ ငြင်းခုံခြင်းကို သူငယ်ချင်းနှစ်ယောက် အပျော်ငြင်းခြင်းမှတစ်ပါး ရှောင်ကြဉ်ရမည်ဟု လည်းကောင်း၊

**“စီးပွားစပ်ငြား စကားငြင်းဆို၊ သူ့မယားနှင့် နှစ်ကိုယ်တည်းသာ မနေရာ၊ မေတ္တာပျက်ကြောင်းပင်”**

စကားရှိလေသည်ဟု လည်းကောင်း

တစ်ဦးနှင့် တစ်ဦးယုံကြည်မှု၊ သင့်မြတ်မှုကို ဖြစ်စေသည့် “သံလိုက်ဓာတ်စိတ်ထားများဖြင့်သာ ကြင်နာခြင်း၊ ဖော်ရွေခြင်း၊ မျှော်လင့်ခြင်း၊ လောက၌ အကောင်းကိုမြင်တတ်ခြင်း၊ အပြစ်ကိုမရှာ၊ အကျိုးကိုရှာခြင်း၊ အခါနေရာ အခြေအနေနှင့်လျော်ညီစွာ ကျင့်တတ်ခြင်း၊ ကိုယ်ချင်းစာခြင်းများသည် အတူတကွ ညီညွတ်မျှတစွာ လက်တွဲနေနိုင်သည်ကိုလည်းကောင်း၊ ဝင့်ဝါခြင်း၊ ပလွှားခြင်းကင်းပြီး စိတ်သဘောတည်ကြည်ငြိမ်သက်ခြင်း၊ ယဉ်ကျေးဖွယ်ရာဖြစ်ခြင်းများသည်လည်း ခင်မင်ချစ်ကြည်လေးစားမှုဖြစ်စေသော စိတ်ထားများဟုလည်းကောင်း” မှတ်သားလိုက်နာဖွယ်ရာဖြစ်ပါသည်။

ထို့မျှမက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ **“ညီညွတ်မှုသည် အင်အား”** ဆိုသော ဗုဒ္ဓဒေသနာ ဩဝါဒကထာတွင် သင့်မြတ်ခြင်း၊ ညီညွတ်ခြင်းကို ပျက်ပြားစေတတ်သည့် **“အငြင်းအခုံဖြစ်ခြင်း၏ အခြေခံမူလအကြောင်းတရားများ၊ စိတ်နေသဘောထားများ”**သည်လည်း ကျွန်ုပ်တို့အတွက် ပိုမိုအလေးထားရမည်ဖြစ်၍ ထပ်မံမျှဝေပေးလိုက်ပါသည်။ ၎င်းတို့မှာ -

- တစ်ဖွဲ့နှင့်တစ်ဖွဲ့ မကျေနပ်မှုဖြင့် မခံချင်သည့် စိတ်ထားများ အငြိုးအတေးထားသော စိတ်သဘောထားများ (Indomitable spirit and Grudge)
- ကျေးဇူးရှိသော်လည်း ကျေးဇူးမတင်နိုင်သော အသိအမှတ်မပြုနိုင်သော စိတ်နေသဘောထားများ (Ungrateful spirit and spite)
- မိမိထက် မသာစေလို၍ အပြစ်ပြောခြင်း၊ ငြူစူခြင်း မနာလိုဝန်တိုသည့် စိတ်သဘောထားများ (Jealousy and envious spirit)
- အပြစ်ကို ဖုံးကွယ်လိုခြင်း၊ အရည်အချင်းမရှိသည်ကို ရှိသယောင်ဟန်ဆောင်ခြင်း၊ လှည့်စားခြင်း စိတ်သဘောထားများ (Pretending and deceive (or) entice)
- ယုတ်ညံ့သောစိတ်၊ အောက်တန်းကျသော စိတ်ဆန္ဒများနှင့် မှားယွင်းသော အတွေးအခေါ်များ လက်ခံထားသောစိတ်သဘောထားများ (inpurity and wrong spirit)
- မိမိ၏ လွဲမှားစွာခံယူထားသော အယူအဆများအား နားလည်တတ်ကျွမ်းသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ရှင်းပြ၊ ထောက်ပြသော်လည်း လွဲမှားမှုကို မစွန့်လွှတ်နိုင်ခြင်း၊ စိတ်သဘောထားများ ခေါင်းမာခြင်း (Stubborn and obstination) ဖြစ်ပါသည်။

အမုန်းတရားကို ပွားစေ၍ သင့်မြတ်မှု၊ ညီညွတ်မှုကို မရစေသော **“ဆဝိဝါဒ မူလခြောက်ပါး”** ဟုဆုံးမထားပါသည်။ ထိုထိုသော ဆုံးမစကားများအား ဂရုပြုဆင်ခြင်ရှောင်ကြဉ်ခြင်းဖြင့် လူပုဂ္ဂိုလ်တိုင်း၊ အဖွဲ့အစည်းတိုင်း တစ်မျိုးသားလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေမည့် သင့်မြတ်ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးကို ရရှိစေနိုင်မည်မှာမလွဲဟု ခံယူမိပါသည်။

နိဂုံးချုပ်တင်ပြလိုသည်မှာ ယနေ့ကျွန်ုပ်တို့နိုင်ငံ၌ အားသွန်ခွန်စိုက် ဆွေးနွေးညှိနှိုင်းနေကြသည့် တိုင်းရင်းသားပြည်သူများ၊ မျိုးဆက်သစ်လူငယ်၊ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၊ စာပေနှင့် အနုပညာရှင်များနှင့် ပါတီများ၊ အာဏာပိုင် အဖွဲ့အစည်းများဖြစ်သော တပ်မတော်၊ အစိုးရ၊ လွှတ်တော် အသီးသီးတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၇၀ ခန့်က ကျွန်ုပ်တို့ ဘိုးဘွား၊ မိဘ၊ ညီအစ်ကိုမောင်နှမများ၊ တိုင်းရင်းသားများအားလုံး လက်ခံကျင့်သုံးခဲ့ကြသော ပင်လုံစိတ်ဓာတ်အား အခြေခံ၍ “ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ” မှတစ်ဆင့် ကျွန်ုပ်တို့ရင်ထဲ အသည်းထဲတွင် စွဲမြဲနေသော လွတ်လပ်ရေးခေတ်ကာလအစမှ တိုင်းပြည်ပြုလွှတ်တော်၌ လက်ခံသဘောတူအတည်ပြုခဲ့ပြီး ယနေ့တိုင် တိုင်းရင်းသားလူမျိုးမရွေး၊ ဘာသာမရွေး၊ ဒေသမရွေး လူကြီး၊ လူငယ်အဓိဋ္ဌာန်ပြုရွတ်ဆိုနေကြသည့် နိုင်ငံတော်သီချင်းတွင် -

**တရားမျှတ လွတ်လပ်ခြင်းနှင့်မသွေ**
**ဒို့ပြည်၊ ဒို့မြေ၊ များလူခပ်သိမ်း**
**ငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှ**
**ဝါဒဖြူစင်တဲ့မြေ၊ ဒို့ပြည် ဒို့ပြည်၊**
**ပြည်ထောင်စုအမွေ၊ အမိဋ္ဌာန်ပြုပေ**
**ထိန်းသိမ်းစို့လေ----------------**

အစချီဖော်ပြပါရှိသည့် အနှစ်သာရများနှင့် အဆုံးအမများအား အလေးထား၍ ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်ကြပါလျှင် မနွေးအမြန်၊ အမှန်တကယ် အမျိုးသားသင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရမည်ဟု မေတ္တာအရင်းခံဖြင့် အကြံပြုတင်ပြလိုက်ပါသည်။ ။




# ရှမ်းတိုင်းရင်းသားအရေး တင်ပြနိုင်ရန် ဗန်းမော်မြို့၌ တွေ့ဆုံပွဲကျင်းပ

**ဗန်းမော် ဩဂုတ် ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံတွင် အတူနေ တိုင်းရင်းသားအရေးတင်ပြနိုင်ရန် ရှမ်းမိသားစုတွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက ဗန်းမော်မြို့ အလယ်ရပ် ရပ်ကွက်ရှိ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားတွင် ဗန်းမော်မြို့နယ် တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီနာယက ဦးငွေးက အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုင်းမိုးဟိန်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစု ပင်လုံတွင် အတူနေတိုင်းရင်းသားအရေးတင်ပြနိုင်ရန် ဆွေးနွေးတင်ပြခဲ့ ရာ တက်ရောက်လာသူ ပြည်သူများကလည်း အပြန်အလှန်ဆွေးနွေးအကြံပြုခဲ့ကြ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ဒေးဒရဲမြို့နယ်၌ ပြုလုပ်

**ဒေးဒရဲ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေးဒရဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ညိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စောက ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်၊ လည်ပတ်ရန်ပုံငွေစနစ်ဖြင့် ကျေးရွာလိုအပ်ချက်အခက်အခဲများ အောင်မြင်စွာဖြေရှင်းနိုင်ရန်၊ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျှော့ချရန်၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန်၊ တံ့ပြန်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းဝင်ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၁၄ ရွာရှိ ကြီးကြပ်မှုကော်မတီများထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေများကို မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၁၄ ရွာမှ ကြီးကြပ်မှုကော်မတီများထံသို့ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**



# ကျောက်ဖြူမြို့နယ်၌ ရွှံ့မီးတောင်ပေါက်ကွဲ

**ကျောက်ဖြူ ဩဂုတ် ၂၄**

ကျောက်ဖြူမြို့နယ် စစ်တောကျေးရွာအုပ်စု စည်မော်ကျေးရွာ၏ အနောက်တောင်ဘက် ခုနစ်ဖာလုံခန့်အကွာတွင် ယနေ့ ညနေ ၅ နာရီ မိနစ် ၂၀ မှ ညနေ ၆ နာရီထိ ဒေသအခေါ် ကြက်သေနဂါးရွှံ့မီးတောင်ပေါက်ကွဲမှုတစ်ခု ပေါ်ပေါက်ခဲ့သည်။ အဆိုပါရွှံ့မီးတောင်ပေါက်ကွဲချိန်တွင် တစ်နိုင်ငံလုံး အနံ့ လျှပ်လှုပ်ခတ်ချိန်နှင့် တစ်ချိန်တည်းတွင် ပေါက်ကွဲခဲ့ရာ ရွှံ့မီးတောင်၏ ချော်ရည်မှာ အမြင့်ပေ ၂၀ ကျော်ခန့် တက် ရောက်ပြီး အဆိုပါရွှံ့မီးတောင်၏ ပတ်ဝန်းကျင်ပေ ၄၀ ကျော်ခန့်သို့ ချော်ရည်များ စီးဆင်းခဲ့သော်လည်း လူ၊ တိရစ္ဆာန်၊ လယ်ယာမြေစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(၅၀၉)**



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံစဉ် မြေယာမူဝါဒဆိုင်ရာကိစ္စရပ်များ၊ အရေးပေါ်ကာလစီမံခန့်ခွဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရေနှင့်ဆက်နွယ်သည့်မူဝါဒများ၊ ဥပဒေနှင့်နည်းဥပဒေများကို ခေတ်ကာလနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်

**နေပြည်တော် ဩဂုတ် ၂၄**

ရေဆိုင်ရာစီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်နိုင်ခြင်းမရှိလျှင် ရေရှည်တွင် ရေကြီးရေလျှံမှုများနှင့် ရေရှားပါးမှုများကြောင့် စီးပွားရေးဖွံ့ဖြိုးမှုဆုတ်ယုတ်ခြင်း၊ လူမှုရေး မတည်မငြိမ်ဖြစ်ခြင်း၊ ရောဂါထူပြောခြင်းနှင့် အာဟာရချို့တဲ့ခြင်းစသည့် အကျပ်အတည်းများသို့ ဦးတည်သွားနိုင်ကြောင်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။**(ယာပုံ)**



နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအစည်းအဝေး (၁/၂၀၁၆) တွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတက ရာသီဥတုပြောင်းလဲမှု (Climate Change) ဖြစ်စဉ်များကြောင့် ကမ္ဘာတစ်ဝန်းမိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ အအေးလွန်ကဲခြင်း စသည်တို့ကို ပိုမိုတွေ့ကြုံခံစားနေကြရပါကြောင်း၊ ထို့အတူ ရေကြီးရေလျှံမှု၊ ရေရှားပါးမှုစသည့် ပြဿနာများကိုလည်း နှစ်စဉ်တွေ့ကြုံနေရကြောင်း၊ ရေသည်သက်ရှိများ အသက်ရှင်နေထိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားတို့၏ဂုဏ်သိက္ခာနှင့် ယဉ်ကျေးမှုများ တည်တံ့နိုင်ရေးတို့အတွက် အခြေခံအကျဆုံးသော သဘာဝအရင်းအမြစ်တစ်ခု ဖြစ်ပါကြောင်း။

မိမိတို့အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ကြရသည့် လုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်း ရေရရှိသုံးစွဲနိုင်မှုများ လျော့ကျလာနိုင်မှု၊ မြစ်ချောင်းများအပါအဝင် မြေပေါ်မြေအောက် ရေအရင်းအမြစ်များ ရေအရည်အသွေး ကျဆင်းလာမှု၊ ရေလမ်းကြောင်းများပြောင်းလဲပြီး မြို့ရွာများ ရေတိုက်စားခံနေရမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေနှင့်ဆက်နွယ်သည့်သဘာဝဘေးအန္တရာယ်များ ပိုမိုတွေ့ကြုံခံစားလာရမှုများကို စုပေါင်းအားဖြင့် အချိန်မီကာကွယ်တားဆီးနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအဆင့်များ၊ မြစ်ဝှမ်းဒေသများ၊ အများပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍများ၊ ဆက်နွယ်သက်ဆိုင်သူများ ပါဝင်သည့် ဖွဲ့စည်းမှုဆိုင်ရာမူဘောင် (Institutional Framework) လိုအပ်မည်ဖြစ်ပါကြောင်း။

စီမံခန့်ခွဲရေးအဖွဲ့များသည် ရေနှင့်ကဏ္ဍအလိုက် ရေလိုအပ်ချက်များအတွက် ညှိနှိုင်းရေးမှူးများအဖြစ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲသူများအနေဖြင့် ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်မှု(Development)၊ စီမံခန့်ခွဲမှု (Management) နှင့် စောင့်ကြည့်အကဲဖြတ်မှု (Monitoring and Evaluation) တို့ကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံသားအားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု (All Inclusive development)အတွက် မှန်ကန်သည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုမရှိမဖြစ်လိုအပ်ပါကြောင်း၊ ရေးဆွဲပြဋ္ဌာန်းထားသည့် အမျိုးသားအဆင့် ရေမူဝါဒ (National Water Policy)၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် (IWRM System) များကို အခြေခံ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဒုတိယသမ္မတက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ပြည်သူများအတွက် အမြန်အကျိုးရှိစေမည့်လုပ်ငန်းများနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့်အခြေခံအဆောက်အအုံများကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာဖော်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာများနှင့် ရေအသုံးချရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကော်မတီဖွဲ့စည်းမှု၊ ကော်မတီ၏ တာဝန်ဝတ္တရားများ၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်ဝန်ကြီးများက ရေနှင့်ဆက်နွယ်သည့်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရေဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အကြံပြုဆွေးနွေးချက်များသည် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရွေးချယ်ချမှတ်ရာတွင် များစွာအထောက်အကူပြုပါကြောင်း။

ရေကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ယခုအချိန်မှစတင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ တွေ့ကြုံနေရသည့် အခက်အခဲပြဿနာများကို ရေတို၊ ရေရှည်ကာကွယ်ဖြေရှင်းနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

❖

# ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး အလှူငွေပေးအပ်လှူဒါန်း

**ပဲခူး ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အတွက် Asia World Foundation မှ အလှူငွေနှင့် ဆန်၊ ဆီများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် အလှူရှင် Asia World Foundation မှဒါရိုက်တာ ဦးစိုးမြင့်သိန်းက အလှူငွေလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာ ပဲခူးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင်လည်း ကူညီထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

ထို့နောက် Asia World Foundation မိသားစုက အလှူငွေ ကျပ်သိန်း ၅၀၀၊ ဆန်အိတ် ၅၀၀၊ ဆီပိသာ ၅၀၀ တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေး မိသားစု၊ တိုင်းဒေသကြီးဥပဒေချုပ်ဦးအုန်းမြင့်မိသားစု၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်သန်းသန်းဝင်းမိသားစုတို့က အလှူငွေကျပ်တစ်သိန်းစီကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာများဖြင့် ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၂၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉) ကော်လံ (၄) **အရှုံးပေါ်နေသည့် နိုင်ငံပိုင်စက်ရုံလုပ်ငန်းများ** စာပိုဒ်စာကြောင်းရေ ၉ ပါ **ဆိုလာ** (အစား) **ကော့စတစ်ဆိုဒ်ါ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းစဉ်)**

# ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၂၄**
နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားရေးတာဝန်များကို နှစ်ရှည်လများ ဆင်းရဲပင်ပန်းစွာ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် စစ်သည်များနှင့် မိသားစုများ၏ ဘဝရှေ့ရေးစိတ်အေးရစေရန် ရည်ရွယ်တည်ဆောက်ခဲ့သည့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါဘိုးဘွားရိပ်သာ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်သည်။

ရှေးဦးစွာ အဆိုပါဘိုးဘွားရိပ်သာရှိ သံသရာငြိမ်းအေးစေတီတော်မြတ် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမဟာမင်္ဂလာအခမ်းအနားကို ရိပ်သာမွေ့ရုံ၌ပြုလုပ်ရာ နေပြည်တော် ပျဉ်းမနားမြို့ရှိ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်များ တက်ရောက်ချီးမြှင့်တော်မူသည်။

ယင်းနောက် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာဖွင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့သူများ၊ အငြိမ်းစားစစ်မှုထမ်းဟောင်းများနှင့် မိသားစုများ အဆင်ပြေချောမွေ့စွာနေထိုင်နိုင်ရေးအတွက် စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ လားရှိုးနှင့် ဟူမ္မလင်းမြို့များတွင် အဆောက်အအုံ ၁၀၁ လုံးဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ရန်ကုန်၊ မကွေး၊ ဖာပွန်၊ ထားဝယ်၊ မြိတ်နှင့် ခိုလမ်မြို့များတွင်လည်း အဆောက်အအုံ ၇၀ ဆက်လက်ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ စစ်မှုထမ်းဟောင်းများအားလုံးအတွက် ပြည့်စုံလုံလောက်မှုမရှိသေးသော်လည်း ပြည့်စုံလုံလောက်သည်အထိ ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက်လည်း နီးစပ်ရာတပ်မတော်ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(အငြိမ်းစား)က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်းမှာ ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးဆောင်မှုဖြင့် တပ်မတော်က လိုအပ်သည်များအကြံပြု၊ ဖြည့်ဆည်းလုပ်ဆောင်ပေးမှုကြောင့် အချိန်ကြန့်ကြာမှုမရှိဘဲ ကောင်းမွန်ပြည့်စုံစွာ အောင်မြင်ပြီးမြောက်မှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအထိမ်းအမှတ်ရုပ်တုကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(အငြိမ်းစား)တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှု၍ အဘိုးအဘွားများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားသည်။

အဆိုပါ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာကို တပ်မတော်တွင် နှစ်ရှည်လများ သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ကျော် အငြိမ်းစားစစ်သည်တော်ကြီးများနှင့်ဇနီးများ၊ ကျဆုံးစစ်သည်များ၏ဇနီးများနှင့် မိသားစုဝင် လူမမယ်ကလေးများ၊ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မစွမ်းမသန်စစ်သည်များ၊ ၎င်းတို့၏ဇနီးများနှင့် မိသားစုဝင်လူမမယ်ကလေးများ၊ နေရာလစ်လပ်မှုရှိပါက တပ်မတော်နှင့်အတူလက်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်မှုထမ်းမဟုတ်သော ပြည်သူ့စစ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနေထိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုအခါတွင် စစ်မှုထမ်းဟောင်း အဘိုး ၃၀၊ အဘွား ခြောက်ဦး စုစုပေါင်း ၃၆ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါဘိုးဘွားရိပ်သာကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လျာထားအဆောက်အအုံ ၃၈ လုံးတွင် လက်ရှိ ဆောက်လုပ်ပြီးစီးမှု ၃၅ လုံးပြီးစီးပြီဖြစ်ကာ ရာခိုင်နှုန်းပြည့်ဆောက်လုပ်ပြီးစီးပါက အဘိုး ၁၈၀၊ အဘွား ၁၂၀ နှင့် အဘိုးအဘွားစုံတွဲ ၄၈ တွဲအား ထားရှိပြုစုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ရှင်းလင်းပြောကြား

**နေပြည်တော် ဩဂုတ် ၂၄**
အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီသည် ရန်ကုန်တရားမျှတမှုစင်တာ (Yangon Justice Center-YJC) နှင့် University Legal Clinic (ULC) မှ ဦးကျော်မြင့် ခေါင်းဆောင်သော ရှေ့နေများ၊ ဝန်ထမ်းများနှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ (J)အဆောင် အပေါ်ထပ်ရှိ Talk Room ခန်းမ၌ တွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ကော်မတီအတွင်းရေးမှူး ဦးမင်းဦးနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက ကော်မတီအဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး တက်ရောက်လာသူများက ပြန်လည်မိတ်ဆက်ပေးသည်။ ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ကော်မတီက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်ပြောကြားသည်။ **(သတင်းစဉ်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းပို့ချ

**ကျိုက်မရော ဩဂုတ် ၂၄**
ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ရေးဆွဲနည်းသင်တန်းကို ကျိုက်မရောမြို့နယ် ခနောင်ကျေးရွာနှင့် မြွေဟောက်ကျေးရွာတို့တွင် ဩဂုတ်လ ဒုတိယပတ်အတွင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသူရလွင်၊ ဒေါ်ခင်စောမူ (Dev;Planner)နှင့် ရုံးဝန်ထမ်းများ ဦးဆောင်၍ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ သင်တန်းတစ်ကြိမ်လျှင် ကျေးရွာ ၁၅ ရွာမှ သင်တန်းသား သင်တန်းသူ ၃၀ စီဖြင့် နှစ်ကြိမ်ကျင်းပခဲ့ပြီး ကျန်ရှိကျေးရွာများကို ဆက်လက်၍ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကောင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**
**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကောင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၈ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်-လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၀. ၈၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း-ဖလမ်းမြို့ | ၁၉၅၄ | ၀. ၈၀' |
| ၃။ | ပေကြီးရေလှောင်တမံ | စစ်ကိုင်း-ကန့်ဘလူမြို့ | ၈၁၀၀ | ၁. ၅၀' |
| ၄။ | မဟာနန္ဒာကန် | စစ်ကိုင်း-ရွှေဘိုမြို့ | ၁၀၉၅ | ၀. ၅၀' |
| ၅။ | မြောက်ယမားရေလှောင်တမံ | စစ်ကိုင်း-ယင်းမာပင်မြို့ | ၁၄၀၅၇ | ၁. ၇၀' |
| ၆။ | မြောက်ယမား ရေကူရေလှောင်တမံ | စစ်ကိုင်း-ပုလဲမြို့ | ၁၂၂၉၀၀ | ၂. ၀၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း-ကလေးမြို့ | ၅၂၀၀၀ | ၂. ၃၀' |
| ၈။ | ပသိရေလှောင်တမံ | ပဲခူး-တောင်ငူမြို့ | ၃၀၅၀၀ | ၀. ၆၀' |
| ၉။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၃၀' |
| ၁၀။ | ဘောနီရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၁။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၅၀' |
| ၁၂။ | မဇင်းရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၂၆၁၈၆ | ၀. ၈၀' |
| ၁၃။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၁၈၉၁၂ | ၀. ၈၀' |
| ၁၄။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး-ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၅။ | ဝဲကြီးရေလှောင်တမံ | ပဲခူး-ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၂၀' |
| ၁၆။ | သဲကောရေလှောင်တမံ | ပဲခူး-လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၃၀' |
| ၁၇။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး-မြို့သစ်မြို့ | ၂၅၀၀၀ | ၀. ၁၀' |
| ၁၈။ | စလင်းရေလှောင်တမံ | မကွေး-စလင်းမြို့ | ၁၃၃၀၀၀ | ၀. ၇၀' |
| ၁၉။ | မုန်းချောင်းရေလှောင်တမံ | မကွေး-စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄. ၉၀' |
| ၂၀။ | မန်းချောင်းရေလှောင်တမံ | မကွေး-ငဖဲမြို့ | ၁၂၀၀၀၀ | ၀. ၉၀' |
| ၂၁။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး-ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၅. ၈၀' |
| ၂၂။ | မြစ်သာရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၅၀' |
| ၂၃။ | မာလဲနတ်တောင်ရေလှောင်တမံ | မန္တလေး-စဉ့်ကူးမြို့ | ၅၀၉၇၀ | ၂. ၄၀' |
| ၂၄။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၃၀' |
| ၂၅။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀. ၄၂' |
| ၂၆။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀. ၂၆' |
| ၂၇။ | မိုးရင်ရေလှောင်တမံ | ရှမ်းမြောက်-နမ္မတူမြို့ | ၂၅၉၀၀ | ၁. ၃၀' |
| ၂၈။ | ကညင်ရေလှောင်တမံ | ဧရာဝတီ-အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၀. ၃၀' |

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ



ဓမ္မရာဇကဘုရားဖောင်းရစ်ကွဲအက်မှု ဖြစ်ပွားစဉ်။



ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရား၏ကွမ်းတောင် မူလနေရာထိပြုတ်ကျမှုဖြစ်ပွားစဉ်။ (ရဲသူရအောင်)

**■ ကျောဖုံးမှ**

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် ပုဂံဒေသတွင် ထီးလိုမင်းလိုစေတီတော် ထီးတော်မြေခြင်း၊ ဓမ္မရံကြီးဘုရား မုခ်ဦးပြိုကျခြင်း၊ ငါးမျက်နှာဘုရား အပျက်အစီးအနည်းငယ်ရှိခြင်း၊ ဘုရားအမှတ်(၁၆၁၆)ပျက်စီးခြင်း၊ စူဠာမဏိဘုရားပျက်စီးခြင်း၊ ခေမိန္ဒဘုရားပျက်စီးခြင်း၊ မြစေတီစိန်ဖူးတော်ပြုတ်ကျခြင်း၊ အာနန္ဒာဘုရားအင်္ဂတေကွာကျခြင်း၊ တဘက်ကျစေတီထီးတော်မြေခြင်း အပါအဝင် စေတီပုထိုးပေါင်း ၁၀၀ ကျော်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။

မကွေးမြို့တွင်လည်း မြသလွန်စေတီတော် ရင်ပြင်ရှိ ထီးတော်ကိန်းဝပ်စံပယ်တော်မူရာ ဓမ္မာရုံဗဟိုအာရုံခံတန်ဆောင်းအတွင်းရှိ ပလ္လင်နှင့် ကြမ်းပြင်တွင် အက်ကြောင်းများဖြစ်ပေါ်ခြင်း၊ ဗဟိုအာရုံခံတန်ဆောင်းနှင့် မဟာအတုလရံသီတန်ဆောင်းအား ဆက်သွယ်ဆောက်လုပ်ထားသောနေရာတွင် အက်ကြောင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆင်ပေါင်ဝဲမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဘုရားငါးဆူစေတီတော်မြတ်ကြီး စိန်ဖူးကလပ်၏အပေါ်မှ စိန်ဖူးတော်ကြီးနှင့် အရံစိန်ဖူးတော်သုံးလုံးမြေခပျက်စီးခဲ့ပြီး ချောင်းဦးမြို့နယ်အတွင်းမှ ဘုရားအချို့ စိန်ဖူးတော် မြေခြင်းနှင့် အုတ်များကွာကျခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

တစ်ချိန်တည်းမှာပင် ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာအုပ်စု သုံးပန်လှကျေးရွာ ရွာအဝင်ရှိ သုံးပန်လှ ဘုရားကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် မြေခဲ့ပြီး အမြင့်ကျေးရွာအုပ်စုရှိ ဘုရားအမှတ်(၀၆၂) ညဏ်တော် ပေ ၆၀ ခန့်(ဘွဲ့တော်စိစစ်ဆဲ)ဘုရားငုတ်တိုသည် သုံးပုံတစ်ပုံခန့်မှာ ကွာကျပျက်စီးကာ ဘုရားအမှတ်(၁၃၅) တောင်ဘက်မုခ်ရှိ အုတ်များလည်း ပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် ရေနံချောင်းမြို့ပေါ်ရှိ ကျမ်းကိုင်ကျွန်းဘုရား ပြိုကျပျက်စီးခဲ့သည့်အပြင် မင်းလှမြို့နယ်တွင်လည်း ရွှေဘုန်းသာစေတီတော်ဝင်းအတွင်းရှိ ရွှေဘုန်းသာစေတီတော်မြတ်ကြီး၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အနည်းငယ်အောက်သို့ကျွံကျခဲ့ပြီး လေးကျွန်းမာန်ကူဘုရားစိန်ဖူးတော်မှာ မြေခဲ့သည်။

ဆိပ်ဖြူမြို့နယ်တွင်လည်း ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ဆိပ်ဖြူမြို့ရှိ ရွှေမင်းဝန်စေတီတော်နှင့် ရွှေလွန်းပင်စေတီတော်တို့တွင် ဖောင်းရစ်တော်များ အက်ကြောင်းထခြင်း၊ အနောက်ပိုင်းရပ်ကွက်ရှိ ဆယ်မျက်နှာစေတီတော်၏ ထီးတော် ၄၅ ဒီဂရီ တိမ်းစောင်းသွားခြင်း၊ ရွာသစ်ရပ်ကွက်ရှိ ရွှေတောင်ဦးစေတီတော်၊ ရွှေစောလူးစေတီတော်၊ ကိုးတောင့်ကျေးရွာရှိ အရိုးဘုရားကြီးစေတီတော်၊ ထန်းချောင်းကျေးရွာရှိ လေးမျက်နှာစေတီတော် စသည့်စေတီတော်များ၏ ထီးတော်များ မြေခဲ့သည်။

ထို့အတူ ဆိပ်ဖြူမြို့နယ် အောက်ဆိပ်ကျေးရွာ ရွာဦးကျောင်း ဒီပင်ကရာစေတီတော် ကျောက်ထီးတော်တိမ်းစောင်းခြင်း၊ ပိဋကတ်တိုက်စေတီတော် ဖောင်းရစ်အက်ကွဲခြင်း၊ ဆန္ဒတော်ပြည့် အာရုံခံအုတ်တိုက်ရှိ ရှေးဟောင်း အဆောက်အအုံပြိုကျခြင်း၊ ရွာဦးအနောက်ကျောင်းရှိ လောကမာရ်ဇိန်အာရုံခံအုတ်တိုက် အက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ နတ်မောက်မြို့နယ် ရွာမွန်အုပ်စု ကျောင်းရွာလေးကျေးရွာတွင်လည်း စေတီပုထိုးအချို့ပြိုကျမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် မန္တလေးမြို့ မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၂၃ မိုင်အကွာ၊ မြန်မာနိုင်ငံပြည်တွင်း ချောက်မြို့၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာ၊မြေအောက်အနက် ၈၄ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ၂၀၁၆ ဇန်နဝါရီလမှ စ၍ ယခုလှုပ်ခတ်သည့် ငလျင်အထိ အကြိမ်ရေ ၂၆ ကြိမ်မျှ လှုပ်ခတ်ခဲ့ပြီး ယနေ့လှုပ်ခတ်ခဲ့သည့် ငလျင်သည် အင်အားအပြင်းထန်ဆုံးငလျင်ဖြစ်ပြီး ဧပြီ ၁၃ ရက်က ကလေးမြို့အနီး လှုပ်ခတ်ခဲ့သည့် ငလျင်မှာ ဒုတိယအင်အားပြင်းငလျင်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ (နေပြည်တော်)မှ သိရသည်။

"အင်အားပြင်းတော့ တော်တော်များများ မြို့တွေက ငလျင်လှုပ်တယ်ဆိုတာ သိရတယ်။ပုဂံဘက်မှာတော့ အပျက်အစီးရှိတယ်လို့ ဖုန်းသတင်းဝင်လာတယ်။ ငလျင်ကြီးလှုပ်ပြီးရင် နောက်ဆက်တွဲ ငလျင်လေးတွေ လှုပ်တတ်တယ်။ ငလျင်နဲ့ ပတ်သက်ပြီး ပြည်သူတွေအနေနဲ့ တရားဝင် ထုတ်ပြန်တဲ့သတင်းတွေကိုပဲ နားထောင်ကြပါ။ယုံကြည်ကြပါလို့ ပြောချင်ပါတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊မြေငလျင်ဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ယဉ်မျိုးမင်းထွေးက ပြောသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ရေနံချောင်းမြို့ သစ်တပွေ့ရပ်ကွက်တွင် (၇)နှစ်အရွယ်နှင့် (၁၅)နှစ်အရွယ် အမျိုးသမီး နှစ်ဦး ရွှေမြင်မိဘုရား ကမ်းပါးယံပြိုကျကာ ကမ်းပါးပိသေဆုံးခဲ့ပြီး ဆင်ပေါင်ဝဲမြို့နယ် စည်တိုင်းကျေးရွာအုပ်စု ပိတောက်ကန်ကျေးရွာတွင်လည်း အုတ်ပတ်ကားနှစ်ထပ်နေအိမ်တစ်လုံး ပြိုကျမှုဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် မကွေးမြို့တွင်လည်း မြို့ဟောင်းရပ်ကွက်အတွင်းရှိ ဆီစက်ဟောင်းတစ်လုံး မုန့်ဟင်းခါးဆိုင်ပေါ်သို့ ပြိုကျခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ကွမ်းရွာပုဂ္ဂလိကပိုင်ဆေးပေါင်းရုံ အဆောက်အအုံပြိုကျမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ပွင့်ဖြူမြို့နယ်နှင့် ချောက်မြို့နယ်တွင်လည်း နေအိမ်များ ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မလေးရှားနိုင်ငံမှ ပဉ္စမအကြိမ် မြန်မာအလုပ်သမား ၁၃၆ ဦး MAI လေယာဉ်ဖြင့် ပြန်လည်ခေါ်ယူ

**ရန်ကုန် ဩဂုတ် ၂၄**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံသို့ ပြန်ရန် လေယာဉ်စရိတ်မတတ်နိုင်သူ C of I ရရှိပြီးသည့် မြန်မာနိုင်ငံသား ၁၃၆ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံမှ ဩဂုတ် ၂၄ ရက်တွင် ပဉ္စမအကြိမ် ပြန်လည်ခေါ်ဆောင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ တတိယအကြိမ် မြန်မာနိုင်ငံသား ၁၃၆ ဦးအား လေယာဉ်ဖြင့် အခမဲ့ ပို့ဆောင်နိုင်ရေး လှူဒါန်းခဲ့ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း MAI လေယာဉ်ဖြင့် ယနေ့ ည ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလုပ်သမားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်ပို့ရေးကော်မတီဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ IOM ရုံးမှ တာဝန်ရှိသူများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အလုပ်သမားတစ်ဦးလျှင် ကျပ်တစ်သိန်းစီ ထောက်ပံ့ကူညီပေးသည်။ ထို့အပြင် IOM အဖွဲ့မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် နေရပ်ပြန်ခရီးစရိတ်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကာ နေရပ်သို့ချက်ချင်းပြန်နိုင်ခြင်း မရှိသူများကို ခေတ္တနေရာချထားပေးသည်။

မလေးရှားနိုင်ငံ၊ ထိန်းသိမ်းရေးစခန်းများမှ C of I ဖြင့် ပြန်လာသည့် အလုပ်သမားများကို နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၈ ရက်မှစ၍ ပြန်လည်ခေါ်ယူလျက်ရှိရာ ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ စုစုပေါင်း ၆၈၆ ဦး ပြန်လည်ခေါ်ယူပေးပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❂ အာရှအမျိုးသားကလပ်မှ**

ဒုတိယပွဲစဉ်အဖြစ် အုပ်စု(C)မှ တရုတ်ကလပ်အသင်းနှင့် ထိုင်းကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တရုတ်ကလပ်အသင်းမှ (၂၅-၂၀)၊ (၂၅-၁၄)၊ (၂၅-၁၈)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် အုပ်စု(C)မှ UAE ကလပ်အသင်းနှင့် ကာတာကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကာတာကလပ်အသင်းမှ (၂၅-၁၇)၊ (၂၅-၁၈)၊ (၂၅-၁၅)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားပြီး ဝဏ္ဏသိဒ္ဓိအားကစား (C)ရုံ၌ ပထမပွဲစဉ်အဖြစ် အုပ်စု(B)မှ တိုင်ပေကလပ်အသင်းနှင့်အီရတ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တိုင်ပေကလပ်အသင်းမှ (၂၅-၁၈)မှတ်၊ (၂၅-၂၂)မှတ်၊ (၂၅-၂၂)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(D)မှ ဟောင်ကောင်ကလပ်အသင်းနှင့် ကာဇက်စတန်ကလပ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ကာဇက်စတန်ကလပ်အသင်းမှ (၂၅-၁၅)မှတ်၊ (၂၅-၁၂)မှတ်၊ (၂၅-၁၄)မှတ် သုံးပွဲပြတ်ဖြင့် အသီးသီး အနိုင်ရရှိသွားခဲ့သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစား (B)ရုံ၌ ညနေ ၆ နာရီခွဲတွင် စတုတ္ထပွဲစဉ်အဖြစ် အုပ်စု(D)မှ မလေးရှားကလပ်အသင်းနှင့် အီရန်ကလပ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အီရန်ကလပ်အသင်းက (၂၅-၂၂)မှတ်၊ (၂၅-၁၈)မှတ်၊ (၂၅-၁၀)မှတ်သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

**(မောင်မောင်ဇော်)**


**○ အိမ်ရှင်မြန်မာအသင်းမှ**

အသင်းခေါင်းဆောင် ရွှေကိုက အမှားအယွင်းမရှိ သွင်းယူခဲ့သောကြောင့် ချေပဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ညနေ ၃ နာရီက ကျင်းပသည့် ပထမပွဲတွင် ထိုင်းယူ-၁၉ အသင်းက ဂျပန်ဒုတိယတန်းကလပ် ဆာပေါ်ရို ယူ-၁၈ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆာပေါ်ရိုအသင်းသည် မြန်မာအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် ခြေစွမ်းမျိုးပြသနိုင်ခြင်းမရှိခဲ့သည့် ထိုင်းအသင်းကို အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ၂၁ မိနစ်တွင် ဂျာကစ်၊ ၂၇ မိနစ်တွင် ဆူရာချိုင်း၊ ၆၂ မိနစ်တွင် ဝိုရာချစ်တို့က သွင်းယူခဲ့သည်။ ဆာပေါ်ရိုအတွက် ချေပဂိုးကို ၅၈ မိနစ်တွင် တာကာနိုက သွင်းယူခဲ့သည်။

အုပ်စု နှစ်ပွဲစီကစားအပြီးတွင် ဗီယက်နမ် ယူ-၁၉ အသင်းက လေးမှတ်၊ ဆာပေါ်ရို ယူ-၁၈ နှင့် ထိုင်း ယူ-၁၉ အသင်းတို့က သုံးမှတ်စီ၊ အိမ်ရှင်မြန်မာအသင်းက တစ်မှတ်တို့ ရရှိထားသည်။

အုပ်စုနောက်ဆုံးပွဲကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ဆာပေါ်ရို ယူ-၁၈အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



မြန်မာအသင်းတိုက်စစ်ကို ဗီယက်နမ်နောက်တန်း ဖျက်ထုတ်နေစဉ်။



ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံရှိ ရွှေလိပ်တူးအထွတ်စေတီ ပြိုကျမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ရဲသူရအောင်)



ငလျင်လှုပ်ခတ်မှုကြောင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရတနာမာရ်အောင်စေတီ ပြိုကျမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)



ငလျင်လှုပ်ခတ်မှုကြောင့် တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၂)ရပ်ကွက် အပိုင်း(၆) မြောက်ပြင်အရှေ့ကျောင်းဝင်း အတွင်းရှိ ရဟန်း၊ သံဃာ မနေတော့သည့် နှစ်ထပ်တိုက်ကျောင်းဆောင်ဟောင်းပြိုကျနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ(မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့)



ဆိပ်ဖြူမြို့နယ် အောက်ဆိပ်ကျေးရွာရှိ ဆန္ဒတော်ပြည့်အာရုံခံအုတ်တိုက် ပြိုကျပျက်စီးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)



ငလျင်လှုပ်ခတ်မှုကြောင့် မင်းဘူး(စကု)မြို့ နဂါးပွက်တောင်ရှိ ရွှံ့ချော်ရည်များ လျှံကျမှုဖြစ်ပွားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖိုးပြည့်(မင်းဘူး)



ငလျင်လှုပ်ခတ်မှုကြောင့် ရေနံချောင်းမြို့ ရွှေမြင်မိဘုရား ကမ်းပါးယံပြိုကျမှုကို တွေ့ရစဉ်။ (အဆိုပါကမ်းပါးယံပြိုကျမှုကြောင့် အသက် (၇)နှစ်အရွယ်နှင့် (၁၅)နှစ်အရွယ် အမျိုးသမီးနှစ်ဦး ကမ်းပါးယံပိ၍ သေဆုံးခဲ့သည်။) ဓာတ်ပုံ(ဖြိုးမွန်ကျော်)

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅- ၈ -၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-MRTV Entertainment Music
၆:၂၀ -ကာတွန်းအစီအစဉ်
"Dragon Ball Z Bardock
(The History of Trunks)"
(အပိုင်း-၁)
၇:၁၀ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၇၀)
၇:၅၀ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်"
(အပိုင်း-၃၀)
၈:၃၀ -MRTV Entertainment
Music
၈:၄၀ -ဖိုးချစ်၏ တစ်ညတာအက
၉:၀၅ -နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉:၁၅ -ပြည်သူ့နီတိ
"စေတနာရေစီးကမ်းပြို"
၉:၃၅ -စုလျားရစ်ပတ် ဘိသိက်မင်္ဂလာ
၉:၅၅ -တေးဂီတအစီအစဉ်
၁၀:၁၀ -ရှုဖွယ်စုံလင်
ရန်ကုန်တစ်ခွင်
(အင်းယား)
၁၀:၂၅ -မြန်မာဗီဒီယိုဇာတ်လမ်း
"အသံတွေရဲ့ နောက်"
၁၂:၀၀ -အစီအစဉ်ပြီး၏။

*နံနက် (၁၁:၃၀) -
Live "SMM" 2016 Yangon Aerodrome Asian Men's Club Volleyball Championship,NPT

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၇:၃၅ "မွန်ရိုးရာဘုရား
ပန်းဆက်ကပ်ပူဇော်ခြင်း"
၈:၃၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက်
မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ
ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊
အတီးပြိုင်ပွဲ များလေ့လာနိုင်ရန်
(အဆိုဘာသာရပ်)(အမျိုးဂုဏ်
ဇာတိဂုဏ်မြှင့်တင်ရေး
တေးသီချင်း)(အဆင့်မြင့်
ပညာအဆင့်)(အမျိုးသား)
၉:၃၅ "လှပစုံလင်အာဆီယံတစ်ခွင်"
၉:၄၀ ASEAN Sport Light(Part-1)
၁၀:၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၁:၃၅ အထွေထွေသုတအစီအစဉ်
(ဆေးဝါးစက်ရုံတစ်ခုကို
စီမံကိန်းခန့်ခွဲခြင်း)
၁၂:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၄)
၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ" (အပိုင်း-၈၆)
၂:၁၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ
"မိခွေး၊ မိခွေး" (ပိုင်ဇေ၊ ပိုးအိ
နန္ဒာ၊ ဒေါ်နွဲ့နွဲ့စန်း)
[ဒါရိုက်တာ-သိမ်းစိုး
(သီဟရတနာ)]
၃:၃၅ Weekly Sport Info
၄:၁၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက်
မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ
ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊
အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်
လေ့လာနိုင်ရန်
(အဆိုဘာသာရပ်)
(ခေတ်ဟောင်းတေးနှင့်
ကာလပေါ်တေး) (ဝါသနာရှင်
(ဒုတိယတန်းအဆင့်)
(အမျိုးသမီး)
၄:၃၅ Football Magazine
(ရှမ်းယူနိုက်တက်အသင်း)
၅:၁၅ ပြည်သူတို့ရဲ့စကားသံများ
၅:၃၅ လက်တွေ့အသုံးချဘဏ္ဍာရေး
သုတများ
၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"(အပိုင်း-၈၇)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၈:၃၅ "အလည်တစ်ခေါက်
ရောက်ခဲ့ပါပြီ ငါးမည်ရတဲ့အညာ
ယဉ်ကျေးမှုမြို့ဆီ"(အပိုင်း-၂)
၉:၀၀ ပြည်တွင်းသတင်း၊
-2016-Yangon Aerodrome
Asian Men's Club
Voelley ball Championship
အစီအစဉ်
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၆၅)
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း-၁)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV-4

၅:၀၀ ပဌာန်းပါဠိတော်+ဇေဂွသုတ်
၅:၄၀ "သစ္စာအနက်(၁၆)ချက်"
(အမှတ်-၁၂)
တရားတော်[ဆရာတော်ဘဒ္ဒန္တ
သုနန္ဒ(ဓမ္မရံသီဆရာတော်)]
၈:၀၀ "မင်္ဂလာပါ" The Morning Show
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၁၅ ဟင်းချက်ရအောင်
၁၂:၃၅ အနုပညာမိုးကောင်းကင်
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို" (အပိုင်း-၃၄)
၃:၄၀ ရန်ကုန်မြင်ကွင်းကျယ်
(Dagon Centre Shopping Mall
12th Anniversary
ကံထူးရှင်ရွေးချယ်ပွဲ)
၃:၅၅ Cartoon Series
(Welcome To Sky Ville)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ကတိစကား"
(အပိုင်း-၄၄)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို"
(အပိုင်း-၃၅)
၈:၁၅ ရသစုံညွှန်းတမ်းများ
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၈၉)
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သူရသတ္တိ မိန်းမလှလေး"
(အပိုင်း-၁၈)
၉:၅၀ အနုပညာမိုးကောင်းကင်
၁၀:၁၅ MRTV-4 Stage
၁၀:၄၀ World Of Knowledge
(To Catch A Smuggler
Coke In The Coat)




## လော့စ်အိန်ဂျလိစ်တွင် စတင်မိတ်ဆက်ခဲ့သည့် Mechanic: Resurrection ဇာတ်ကားသစ်

အက်ရှင်ဇာတ်ကား အတော်များများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသားကြီး ဂျေဆွန်စတေသမ် ခေါင်းဆောင်ပါဝင်ထားသည့် Mechanic: Resurrection ဇာတ်ကားသစ်ကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ArcLight Cinerama Dome တွင် ဩဂုတ် ၂၂ ရက်က စတင်ရုံတင်ပြသခဲ့သည်။

Mechanic: Resurrection ဇာတ်ကားသည် ၂၀၁၁ ခုနှစ်က The Mechanic ဇာတ်ကား၏ နောက်ဆက်တွဲဖြစ်ပြီး ယင်းဇာတ်ကားသည် ၁၉၇၂ ခုနှစ်က ထွက်ရှိခဲ့သည့် ယင်းအမည်တူဇာတ်ကားကို ပြန်လည်ပုံဖော်ထားခြင်းလည်း ဖြစ်သည်။ စွန့်စားခန်းများပါဝင်သည့် အဆိုပါအက်ရှင်ဇာတ်ကားတွင် မင်းသား ဂျေဆွန်စေတသမ်နှင့်အတူ တရုတ်မင်းသမီး မီလ်ရှဲလ်လီ၊ ဟောလိဝုဒ်မင်းသမီး ဂျက်စီကာအယ်လ်ဘာနှင့် ဝါရင့်ဟောလိဝုဒ်မင်းသားကြီး တော်မီလီဂျုံးစ်တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည်။

ဂျာမနီရုပ်ရှင်ဒါရိုက်တာနှင့် သရုပ်ဆောင်တစ်ဦးဖြစ်သူ Dennis Gansel၏ လက်ရာ အဆိုပါအက်ရှင်ဇာတ်ကားကို ဆန်းမစ်အင်န်တာတိန်းမန့်မှ အမေရိကန်နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ဩဂုတ် ၂၆ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်သည်။ ယင်းဇာတ်ကားကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလကတည်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၊ ဘရာဇီးနိုင်ငံ၊ ဘူလ်ဂေးရီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံ Penang တို့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Mechanic: Resurrection ဇာတ်ကားကို ယခုနှစ်ဖေဖော်ဝါရီလအတွင်းက ရုံတင်ပြသရန်စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှစ်ကြိမ်ခန့် ရွှေ့ဆိုင်းခဲ့ရပြီးမှ ဩဂုတ် ၂၆ ရက်ကို စတင်ရုံတင်ပြသရက်အဖြစ် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

## ဂီတနှင့်အက အနုပညာသင်တန်းများ သန်လျင်၌ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် သန်လျင်မြို့နယ် ဂီတအစည်းအရုံးတို့၏ ပံ့ပိုးကူညီမှုဖြင့် "သင်းနွယ် ဂီတနှင့် အကသင်တန်းကျောင်း"ကို သန်လျင်မြို့ နယ် ဂီတအစည်းအရုံးအဖွဲ့ဝင် ဒေါ်သင်းသင်းနွယ် (B.A(music))က တည်ထောင်ဖွင့်လှစ်သွားမည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် အနုပညာဝါသနာပါကြသည့် လူငယ်မောင်မယ်များအတွက် တယောသင်တန်း၊ စန္ဒရားကီးဘုတ်သင်တန်း၊ Dancer နှင့် ဂီတာသင်တန်းများကို သင်တန်းကျောင်းတည်ရှိရာ သန်လျင်မြို့ အမှတ်(၆၄/က) ပတ္တမြားလမ်း မြို့မတောင်ရပ်ကွက်တွင် ဩဂုတ် ၂၈ ရက်မှစတင်၍ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဖုန်း -၀၉-၅၁၁၃၄၅၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## အောဂျင်စီ၏ နှစ်ပတ်လည်အခမ်းအနား ကျင်းပမည့် ဟာဝိုင်ရီကျွန်းသို့ လိုက်ပါဆင်နွှဲရန် ငြင်းဆိုခဲ့သည့် Tiffany

ကေပေါ့ပ်လောက၏ အထင်ကရ အမျိုးသမီးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Girls' Generation နှင့် အဖွဲ့ခွဲ TTS မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Tiffany သည် အချို့သော အကြောင်းကြောင်းများကြောင့် ၎င်း၏ အေဂျင်စီ အက်စ်အမ်အင်န်တာတိန်းမန့်၏ အနှစ်(၂၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ခြင်း ပြုမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အက်စ်အမ်အင်န်တာတိန်းမန့်အနေဖြင့် ၎င်းအေဂျင်စီမှ အနုပညာရှင်များ စုဝေးပျော်ရွှင်စွာဖြင့် အနှစ်(၂၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဟာဝိုင်ရီကျွန်းတွင် ကျင်းပရန်စီစဉ်ထားပြီး ယင်းခရီးစဉ်သို့လိုက်ပါရန် တေးသံရှင် Tiffany က ငြင်းဆိုခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါခရီးစဉ်သို့ လိုက်ပါရန် ပျက်ကွက်ခဲ့ခြင်းနှင့် ပတ်သက်ပြီး Tiffany က ၎င်း၏ သရုပ်ဆောင်ပိုင်းဆိုင်ရာများကို ပြန်လည်သုံးသပ်ရန်အတွက် အချိန်ယူလိုခြင်းဟု အကြောင်းပြချက်ပေးထားကြောင်းလည်း သိရသည်။

Tiffany သည် အဖွဲ့လိုက် အနုပညာလှုပ်ရှားမှုများအပြင် တစ်ကိုယ်တော်ဂီတလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်လျက်ရှိရာ ၎င်း၏ ပထမဆုံးသော မီနီအယ်လ်ဘမ်ကို ယခုနှစ် မေလဆန်းပိုင်းက ဖြန့်ချိခဲ့ရာ I Just Wanna Dance ဟု အမည်ပေးထားကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

## မင်းသမီး ဂျနီဖာလောရန့်စ် ဝင်ငွေအများဆုံးမင်းသမီးအဖြစ် ဒုတိယအကြိမ် ရပ်တည်

Hunger Games ဇာတ်လမ်းတွဲများ၏ ပင်တိုင်မင်းသမီးတစ်ဦးဖြစ်သူ ဟောလိဝုဒ်မင်းသမီး ဂျနီဖာလောရန့်စ် အနေဖြင့် ၂၀၁၅ ခုနှစ် ဇွန်လမှ ယခုနှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆ သန်းဖြင့် ဝင်ငွေအများဆုံး မင်းသမီးတစ်ဦးအဖြစ် ဒုတိယအကြိမ် ဖော်ပြခြင်းခံခဲ့ရသည်။




အမေရိကန် မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Forbesc မှ ယမန်နေ့က တစ်နှစ်တာအတွင်း ဟောလိဝုဒ်မင်းသမီးများ၏ ဝင်ငွေစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး Melissa McCarthy က အမေရိကန်ဒေါ်လာ ၃၃ သန်းဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ မင်းသမီး စကားလက်ဂျိုဟန်ဆန်က ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်းဖြင့် တတိယနေရာတွင်လည်းကောင်း ရပ်တည်ခဲ့ပြီး အဆိုပါ တစ်နှစ်အတွင်း ဝင်ငွေအများဆုံးရရှိသည့် မင်းသမီးများစာရင်းတွင် ဂျနီဖာအန်နီစတန်၊ တရုတ်မင်းသမီး ဖန်ပင်းပင်း၊ တောင်အာဖရိကနှင့် အမေရိကန် မင်းသမီးတစ်ဦးဖြစ်သူ Charlize Theron၊ မင်းသမီး အေမီအေဒမ်၊ ဂျူလီယာရောဘတ်၊ မီလာခူးနစ်စ်နှင့် ဘောလိဝုဒ်မင်းသမီး Deepika Padukone တို့လည်း ပါဝင်သည်။

သို့သော် အမျိုးသမီးသရုပ်ဆောင်များ၏ အမြင့်ဆုံးဝင်ငွေသည်ပင်လျှင် အမျိုးသားသရုပ်ဆောင်များ၏ အမြင့်ဆုံးဝင်ငွေထက် နည်းပါးမှုရှိနေသေးကြောင်းလည်း သိရသည်။

အမျိုးသားသရုပ်ဆောင်များတွင် ဝင်ငွေအများဆုံးအဖြစ် Fast & Furious ဇာတ်လမ်းတွဲများ၊ Pain & Gain နှင့် G.I. Joe: Retaliation ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ Dwayne Johnson က ဝင်ငွေ အမေရိကန် ဒေါ်လာ ၆၄ သန်းကျော်ဖြင့် ပထမ နေရာတွင် ရပ်တည်ခဲ့ပြီး ကမ္ဘာကျော် အက်ရှင်မင်းသားကြီး ဂျက်ကီချန်း၊ မက်ဒန်မွန်၊ တွမ်ခရုစ်ဇ်၊ Johnny Depp နှင့် ဘမ်အက်ဖလက် တို့ ပါဝင်ကြောင်း သိရသည်။

# အီးအက်ဖ်အယ်လ်ဖလား ဒုတိယအဆင့်တွင် ပရီမီယာလိဂ်အသင်းများ နိုင်ပွဲများရရှိ

၂၀၁၆-၂၀၁၇ ဘောလုံးရာသီ၏ အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ဩဂုတ် ၂၃၊ ၂၄ နှင့် ၂၅ ရက်တို့တွင် ယှဉ်ပြိုင်လျက်ရှိရာ ဩဂုတ် ၂၃ ရက်တွင် ကစားခဲ့သည့် ပွဲစဉ်များတွင် ပရီမီယာလိဂ်အသင်းအများစု နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ ဒုတိယအဆင့်တွင် လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်း၊ အဲဗာတန်အသင်း၊ ဟားစီးတီးအသင်း၊ ဆွမ်ဆီးအသင်း၊ ခရစ္စတယ်ပဲလေ့စ်နှင့် စတုတ်စီးတီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။ ဩဂုတ် ၂၃ ရက်ညပိုင်းတွင် ပွဲစဉ်(၁၅)ပွဲယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်များတွင် လီဗာပူးအသင်းသည် ဘာတန်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ချယ်လ်ဆီးအသင်းသည် ဘရစ္စတိုးရိုးဗားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ အဲဗာတန်အသင်းသည် ယိုဗေးလ်တောင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဟားစီးတီးအသင်းသည် အိတ်ဇီတာစီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဆွမ်ဆီးအသင်းသည် ပီတာဘရော့အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ စတုတ်စီးတီးအသင်းသည် စတီဗန်အေ့ဂျ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။





အဆိုပါပြိုင်ပွဲသည် အင်္ဂလန်နိုင်ငံ၏ ပြိုင်ပွဲများဖြစ်ကြသည့် ပရီမီယာလိဂ်၊ ချန်ပီယံရှစ်၊ လိဂ်ဝမ်းနှင့် လိဂ်တူးပြိုင်ပွဲတို့မှ အသင်းများပါဝင်ယှဉ်ပြိုင်သည့်ပြိုင်ပွဲဖြစ်ပြီး ပထမအဆင့်တွင် အသင်းပေါင်း ၇၀ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဒုတိယအဆင့်တွင် ပရီမီယာလိဂ်အသင်းများပါဝင်လာခဲ့ပြီး အဆိုပါပရီမီယာလိဂ်အသင်းများမှာ ဥရောပဝင်ခွင့်မရရှိခဲ့သည့်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရသည်။ ဒုတိယအဆင့်တွင် အသင်းပေါင်း ၅၀ ပါဝင်ယှဉ်ပြိုင်ခွင့်ရပြီး တတိယအဆင့်မှာမူ ၃၂ သင်းဖြစ်သည်။

ချန်ပီယံဖြစ်သည့်အသင်းသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲတွင် တတိယအဆင့်မှစတင်ကာ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး လက်ရှိချန်ပီယံအသင်းမှာ မန်စီးတီးအသင်းဖြစ်သည်။ ကယ်ပီတယ်ဝမ်းဖလားပြိုင်ပွဲအဖြစ် လေးနှစ်ကြာရပ်တည်ခဲ့ပြီး ကယ်ပီတယ်ဝမ်းဘဏ္ဍာရေးကော်ပိုရေးရှင်းက စပွန်ဆာရုပ်သိမ်းခဲ့ပြီးနောက် စပွန်ဆာမရှိတော့ခြင်းကြောင့် အီးအက်ဖ်အယ်လ်ဖလားအဖြစ် နာမည်ပြောင်းခဲ့ခြင်းဖြစ်သည်။

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ ပထမအဆင့်ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲကိုမူ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုပြိုင်ပွဲကို ၁၉၆၀-၁၉၆၁ တွင် စတင်ကျင်းပခဲ့ပြီး လက်ရှိတွင် (၅၇)ကြိမ်မြောက် ဖြစ်လာခဲ့သည်။ ပြိုင်ပွဲစတင်ကျင်းပခဲ့သည့် ၁၉၆၀-၁၉၆၁ ဘောလုံးရာသီမှ ၁၉၈၀-၁၉၈၁ ဘောလုံးရာသီအတွင်း စပွန်ဆာမရှိခဲ့ဘဲ ၁၉၈၁-၁၉၈၂ ဘောလုံးရာသီမှစတင်ကာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအထိ စပွန်ဆာအမျိုးမျိုးပြောင်းခဲ့ခြင်းကြောင့် Milk Cup၊ Littlewoods Challenge Cup၊ Rumbelows Cup၊ Coca-Cola Cup၊ Worthington Cup၊ Carling Cup၊ Capital One Cup စသည်ဖြင့် ပြိုင်ပွဲ၏ နာမည်လည်း အမျိုးမျိုးပြောင်းခဲ့ရသည်။

ရှုံးထွက်ပြိုင်ပွဲတစ်ခုဖြစ်သည့် အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲသမိုင်းတွင် ဆုဖလားအများဆုံးဆွတ်ခူးရရှိထားသည့်အသင်းများမှာ လီဗာပူးအသင်း(ရှစ်ကြိမ်)၊ အက်စတွန်ဗီလာအသင်း(ငါးကြိမ်)၊ ချယ်လ်ဆီးအသင်း(ငါးကြိမ်)၊ မန်ယူအသင်း(လေးကြိမ်)၊ စပါးအသင်း(လေးကြိမ်)၊ နော့တင်ဟမ်ဖောရက်စ်အသင်း(လေးကြိမ်)၊ မန်စီးတီးအသင်း (လေးကြိမ်) စသည်ဖြင့် အောင်မြင်မှုအသီးသီးရရှိထားကြသည်။

**(ငွေကြယ်)**

# ပရိသတ်တွေရဲ့ စိတ်ပျက်ခြင်းအတွက် ဝင်းဂါး မုသားသုံးခဲ့လေသလား




အာဆင်နယ်အသင်းက ပရီမီယာလိဂ်ပွဲစဉ်(၁)မှာ လီဗာပူးအသင်းကို အိမ်ကွင်းမှာပဲ လေးဂိုး-သုံးဂိုးနဲ့ အရေးနိမ့်ခဲ့သလို ပွဲစဉ်(၂)မှာလည်း လက်စတာကို ဂိုးမရှိသရေ သာ ကစားနိုင်ခဲ့လို့ အာဆင်နယ်ပရိသတ်တွေ စိုးရိမ်နေရပါတယ်။ ပြိုင်ပွဲတစ်ပွဲမှာ အနိုင်/အရှုံးဆိုတာ ကြုံတွေ့နေကျမို့ မဆန်းကြယ်ပေမယ့် ဒီပွဲမှာ ကစားသွားခဲ့တဲ့ အာဆင်နယ်အသင်းသားတွေရဲ့ တိုက်ပွဲဝင်စိတ်အနည်းငယ်လျော့ကျနေခဲ့တာတော့ မေးခွန်းထုတ်စရာပါ။ ယခင် အာဆင်နယ်အသင်းခေါင်းဆောင် ဗီယာရာကတောင် အာဆင်နယ်ကစားသမားတွေအနေနဲ့ ပရီမီယာလိဂ်ဖလားရယူရေးမှာ စိတ်ပိုင်းဆိုင်ရာ အားနည်းလွန်းတယ်လို့ ဩဂုတ် ၂၃ ရက်မှာ ဝေဖန်မှုပြုခဲ့ပါတယ်။


တစ်ဖက်မှာလည်း မဟာပြိုင်ဘက်အသင်းတွေဖြစ်တဲ့ မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးအသင်းတွေက နှစ်ပွဲဆက်အနိုင်နဲ့ ပရီမီယာလိဂ် အမှတ်ပေး ဇယားထိပ်ကို ဦးဆောင်နေကြပေမယ့် အာဆင်နယ် အသင်းကတော့ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၂)နေရာမှာသာ ရပ်တည်ထားတာကြောင့် ယခုနွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားခေါ်ယူမှု အပိုင်းကို ထိရောက်အောင် မဖော်ဆောင်နိုင်ခဲ့တဲ့ ဝင်းဂါးအပေါ် ပိုပြီး အမျက်သင့်စရာကောင်းနေပါတယ်။ ပရိသတ်တွေကတော့ မန်ယူ၊ မန်စီးတီးတို့လို နည်းပြအပိုင်းပါ အပြောင်းအလဲလုပ်ပြီး အသင်းကို ပြန်လည်တည်ဆောက် အောင်ပွဲရှာရေးကိုသာ လိုလားကြပါတယ်။

ဝင်းဂါးကတော့ လီဗာပူးကို ရှုံးနိမ့်ခဲ့တဲ့ ပွဲအပြီးမှာ နှုတ်ဆိတ်နေခဲ့ပေမယ့် လက်စတာအသင်းကို သရေကျသွားပြီးနောက်မှာတော့ သူ့အနေနဲ့ နွေဈေးကွက် မပိတ်သိမ်းခင် ကြီးမားတဲ့ ကစားသမားခေါ်ယူအားဖြည့်မှုပြုလုပ်မယ်လို့ အရိပ်အမြွက်ဆိုခဲ့ပါတယ်။ ဒါပေမယ့် သူက လက်ထဲမှာ ပေါင်သန်း ၃၀၀ ရှိရင် ဒီငွေတွေနဲ့ ကစားသမားသစ် ခေါ်ယူအားဖြည့်မယ်လို့ ဆိုခဲ့ပေမယ့် အာဆင်နယ်အသင်းက ဝန်ထမ်းအင်အား ၆၀၀ လောက်နဲ့ လည်ပတ်နေရတဲ့ အသင်းဖြစ်တာကြောင့် ဒီဝန်ထမ်းတွေရဲ့ လစာကိစ္စတွေကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုတယ်လို့တော့ ဆိုခဲ့ပါတယ်။

ဝင်းဂါးက "ကျွန်တော်အနေနဲ့ အသင်းကို အမှန်တကယ်ထောက်ကူပြုတဲ့ သူကို ရဖို့ဆိုရင် ငွေသုံးစွဲဖို့ ဝန်မလေးပေမယ့် အလဟဿတော့ ငွေမဖြုန်းပါဘူး။ အသင်းမှာ ဝန်ထမ်းအင်အား ၆၀၀ လောက် မှီတည်အသက်မွေးနေရပါတယ်" လို့ ပြောကြားခဲ့တာပါ။

ဝင်းဂါးကတော့သူဟာ ပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ ဘောလုံးအကြောင်းမပြောရဘဲ ငွေကြေးအကြောင်းသာ ပြောနေရတယ်ဆိုတဲ့ စကားနဲ့ ပရိသတ်အာရုံကို ပြောင်းစေဖို့ ကြိုးစားခဲ့ပါတယ်။ ဒါ့အပြင် ဝင်းဂါးက သူ စမ်းသပ် သုံးစွဲခဲ့တဲ့ အသက်(၂၀)အရွယ် လူငယ်ကစားသမား ရော့ဘ်ဟိုးလ်ဒင်းရဲ့ ခြေစွမ်းနဲ့ ပတ်သက်ပြီး ကျေနပ်ကြောင်း ပြောခဲ့ပြီး ဒီကစားသမားအတွက် ပေါင် ၅၅ သန်းလောက် ကျခံခဲ့ရခြင်းမရှိဘူးလို့လည်း ထောက်ပြပါတယ်။

နောက်တန်းကစားသမား အများအပြားဒဏ်ရာရရှိမှုကြောင့် လီဗာပူးကို ပေးဂိုးအများအပြားပေးပြီး ရှုံးနိမ့်ခဲ့ရသလို လက်စတာကို ဂိုးမရှိသရေကျတဲ့ ပွဲမှာ ဝင်းဂါးတိုက်စစ်မှာ အားကိုးအားထားပြုနေရတဲ့ ဆန်းချက်ဇ်၊ ဝဲလ်ကော့နဲ့ ဂီရော့ဒ်တို့ရဲ့ အင်အားနဲ့ ပြိုင်ဘက်ကို ရင်ဆိုင်ဖို့မလုံလောက်ဘူးဆိုတာကိုလည်း ထပ်ပြီး သဘောပေါက်စေခဲ့ပါတယ်။ ဝင်းဂါးခေါ်ဖို့ တောက်လျှောက်ကြိုးပမ်းနေတဲ့ ဗလင်စီယာ နောက်ခံလူ မူစတာဖီကိုလည်း ခေါ်ယူဖို့မဖြစ်နိုင်ဘူးလို့ စကိုင်းစပို့စ်မှ စပိန်ဘောလုံး ကျွမ်းကျင်သူ ဘာလာ့ဂျ်က သုံးသပ်ပါတယ်။ ဩဂုတ်လဆန်းပိုင်းမှာ ဝင်းဂါးက မကြာခင်အချိန်အတွင်း မူစတာဖီကို အပြီးသတ်ခေါ်ယူနိုင်တော့မယ်လို့ ပြောကြားခဲ့ပေမယ့် ပြန်ဝယ်ခွင့်အချက်ကို ဗလင်စီယာဘက်မှ စာချုပ်မှာ ထည့်သွင်းချုပ်ဆိုချင် တာကြောင့် ဒီကိစ္စရပ်က အဓိက အတားအဆီးတစ်ရပ်ဖြစ်နေ ပါတယ်။





တိုက်စစ်ပိုင်း အားဖြည့်ဖို့ လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီကို ယူရိုပြိုင်ပွဲမတိုင်မီက ခေါ်ယူဖို့ နီးစပ်ခဲ့သေးပေမယ့် တကယ်တမ်းဖြစ်မလာခဲ့သလို နောက်ထပ်ပစ်မှတ်ထားတဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဟီဂူအင်၊ လာကာဇက်တီ၊ မိုရာတာတို့ကိုလည်း ရဖို့ဆိုရင် ပေါင်သန်း ၇၀ အထက် သုံးစွဲရဖို့ရှိနေတာကြောင့် လက်လျှော့ခဲ့ပြန်ပါတယ်။ နောက်ဆုံးမှာတော့ ဒဏ်ရာပြဿနာ တောက်လျှောက်ကြုံနေရတဲ့ ယာယာဆိုင်နိုဂို၊ ဝဲလ်ဘတ်တို့လို ကစားသမားတွေကို မျှော်လင့်ပြီး လက်ရှိတိုက်စစ်အင်အားနဲ့ ခရီးဆက်ဖို့ ကြံနေတာဖြစ်ပါတယ်။

ဝင်းဂါးက လွန်ခဲ့တဲ့ သုံးနှစ်က ဆန်းချက်ဇ်ကို ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်နဲ့ ခိုင်းနှိုင်းခဲ့ပြီး အသင်းရဲ့ တိုက်စစ်ကို ဘယ်လောက်အထိ အကျိုးပြုနိုင်မှုရှိမလဲဆိုပြီး ပြောခဲ့ပါသေးတယ်။ ဆန်းချက်ဇ် ဘယ်လောက် အထိအကျိုးပြုခဲ့သလဲဆိုတာ ပရိသတ်တွေသိထားပြီးသား ဖြစ်ပေမယ့် ဆွာရက်ဇ်လို တိုက်စစ်မှူးနဲ့ ယှဉ်လို့မရခဲ့သလို သူ့အပေါ် ပံ့ပိုးမှုအားနည်းတာကြောင့် လိုတာထက်ပိုပြီး အားထည့်ရုန်းကန်ရတာမျိုးလည်း ရှိခဲ့ရတာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ အဲဒီအချိန်က လီဗာပူး ချန်ပီယံလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရလို့ မပျော်မရွှင်ဖြစ်နေတဲ့ ဆွာရက်ဇ်ကို အာဆင်နယ်က ပေါင်သန်း ၄၀ လောက်နဲ့ရဖို့ အခွင့်အရေးကောင်းရှိခဲ့သေးပေမယ့် စာချုပ်မှာ "ပြန်လည်ဝယ်ယူခွင့်"အချက်အလက် ထည့်သွင်းချုပ်ဆိုရမှာ စိုးရိမ်ခဲ့လို့ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးကို လက်လွှတ်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဝင်းဂါးရဲ့ ရှေ့ဖြစ် နောက်ကြောင်း စဉ်းစားလွန်းတဲ့ အပြောင်းအရွှေ့မူဝါဒကို ပရိသတ်တွေအနေနဲ့ ဒေါသထွက်မယ်ဆိုလည်း ထွက်စရာလို့ သုံးသပ်ရမှာဖြစ်ပါတယ်။

အပြောင်းအရွှေ့မှာ ကစားသမားကောင်းခေါ်ယူဖို့ ပျက်ကွက်တိုင်း "ထိုက်တန်မှခေါ်မယ်၊ အလဟဿ ငွေမဖြုန်းဘူး၊ ခြေစွမ်းကောင်းတိုင်းအသင်းကို အကျိုးပြုနိုင်ချင်မှ ပြုမယ်" ဆိုတဲ့ အကြောင်းပြချက်တွေဟာ ပရီမီယာလိဂ်ဖလားလက်မဲ့ ရာသီ၁၀စုနှစ်တစ်ခုကျော် ဖြတ်သန်းခဲ့ရတဲ့ ပရိသတ်တွေအတွက် လုံလောက်တဲ့ အဖြေတော့ မဟုတ်ပါဘူး။ ဒါ့ကြောင့် နွေဈေးကွက် မပိတ်သိမ်းခင် ကစားသမားအင်အား ထပ်ပြီးမဖြည့်နိုင်ရင် မနှစ်က ရရှိထားတဲ့ အဆင့်(၂)နေရာထက်တောင် အောက်ကျပြီး ရာသီသိမ်းရဖို့ရှိနေပါတယ်။ ဒီလိုဆိုတော့ ဝင်းဂါးပြောခဲ့တဲ့ အခုနှစ်နွေဈေးကွက်မှာ အသင်းကို အမှန်အကန်အထောက်အကူပြုတဲ့ ကစားသမားကို ရဖို့ဆိုရင် ငွေကြေးများများ သုံးဖို့လက်တွန့်နေမှာ မဟုတ်ဘူးဆိုတဲ့ အာဆင်နယ် ပရိသတ်တွေကို နှစ်သိမ့်တဲ့ မုသားစကားလား ဆိုတာ. . ။

**မေလွဲ့သင်း**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ တရုတ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓအသင်း ပေကျင်းမြို့ လင်ကွမ်းကျောင်းတိုက်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးစီး၍ Exploring Myanmar Co.,Ltd. က စီစဉ်သော"နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်"အဖြစ် ယနေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပေကျင်းမြို့သို့ ထွက်ခွာသွားသည်။ ယခုခရီးစဉ်တွင် ပေကျင်း၊ ဆီးဆွမ်းပန်နာ့၊ ကူမင်းသို့ သွားရောက်လေ့လာမည်ဖြစ်ပြီး ခရီးစဉ်မှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

ပေကျင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ လင်ကွမ်းကျောင်းတိုက်(ဗုဒ္ဓစွယ်တော် ကိန်းဝပ်စံပယ်တော်မူသောကျောင်း) ပေကျင်းယုံဟော်ကုန်း (လာမားဘုန်းတော်)၊ တရုတ်နိုင်ငံဗုဒ္ဓအသင်း၊ တရုတ်နိုင်ငံသာသနာရေးဦးစီးဌာနတို့မှ ကျောင်းထိုင်ဆရာတော်နှင့် အကြီးအကဲတို့နှင့်အတူ လင်ကွမ်းကျောင်းတိုက်တွင် ဗုဒ္ဓစွယ်တော်သွားရောက်ဖူးမြော်မည်ဖြစ်ပြီး ပေကျင်းရှိ မြန်မာသံရုံးသို့လည်း သွားရောက်လေ့လာမည်ဖြစ်သည်။ ဆီဆွမ်းပန်နာ့နှင့် ကူမင်းမြို့တွင် မြို့နယ်ဗုဒ္ဓအသင်းဥက္ကဋ္ဌ၊ ကျောင်းထိုင်ဆရာတော်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။




**(ကြေးမုံ)**

## မူးယစ်ဆေးဝါးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ဝန်းသို ဩဂုတ် ၂၄**

ကသာခရိုင် ဝန်းသိုမြို့နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှုများ ပပျောက်စေရန်ရည်ရွယ်၍ ဩဂုတ် ၂၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့အစည်းများပူးပေါင်းပြီး မူးယစ်ဆေးဝါးအသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ စာစောင်များပါဝင်သည့် ပြခန်းယာဉ်အား မြို့နယ်အတွင်းရှိ လူစည်ကားရာ ရပ်ကွက်၊ ကျေးရွာ စာသင်ကျောင်း၊ ဈေး၊ လမ်းဆုံများသို့လှည့်လည်ကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**



## မှုခင်းကျဆင်းရေး လှည့်လည်ဟောပြော

**မူဆယ် ဩဂုတ် ၂၄**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအလွဲသုံးမှုလျော့နည်းကျဆင်းရေး၊ လူကုန်ကူးမှုပပျောက်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း ဦးစီး၍ အမှတ်(၂၂) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူး တီခေါင်လွမ်း၊ အမှတ်(၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှူး ရဲမှူး ခင်မောင်ဦး၊ အမှတ်(၁၂၂)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ကျော်ထွန်း၊ မထသဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် MANAအဖွဲ့ ဦးဆောင်ပါဝင်သော ပူးပေါင်းအဖွဲ့က ဩဂုတ် ၂၂ ရက်တွင် မူဆယ်မြို့ သိန်းသန်းချီ အဝေးပြေးယာဉ်ရပ်နားကွင်းနှင့် အမှတ်(၁) မြို့မဈေးကြီးတို့၌ ယာယီပြခန်းများပြုလုပ်၍ ခရီးသည်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ဈေးသူ ဈေးသားများနှင့် ဒေသခံတိုင်းရင်းသားများအား အသိပညာပေး ပိုစတာဆိုင်းဘုတ်များဖြင့် ရှင်းလင်းပြသခြင်းနှင့်အတူ ပညာပေးဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ အလားတူ ဩဂုတ် ၂၃ ရက်တွင် ဆင်ဖြူ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်တွင်လည်းကောင်း ဩဂုတ် ၂၄ ရက်တွင် ပညာရေးဌာနနှင့်ပူးပေါင်း၍ အမှတ်(၃)အထက်တန်းကျောင်းတွင်လည်းကောင်း ပြုလုပ်မည်ဟုသိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့၏ Mobile Library (ရွေ့လျားစာကြည့်တိုက်)သည် နံနက် ၉ နာရီတွင် ဟိုမွန်ရပ်ကွက် မူဆယ် မူးယစ်တပ်ဖွဲ့စုမှူးရုံးမှ စတင်ထွက်ခွာခဲ့ပြီး ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ လူတန်းစားအလွှာစုံအား လက်ကမ်းစာစောင်များ ဝေငှခဲ့ပြီး တွေ့ဆုံဆွေးနွေးမှု အစီအစဉ်တွင် ရဲမှူးစိုးသန်းက ဦးဆောင်ဖြေကြား၍ ကဏ္ဍအလိုက် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပြန်လည်ဖြေကြားခဲ့ကြသည်။

**ဆရာမောင်(မူဆယ်)**

## မောင်တောမြို့နယ်တွင် ကျပ်သိန်းပေါင်း ၃၁၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၄**

မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မောင်တောမြို့ ဦးဥတ္တမလမ်းမပေါ်တွင် ဩဂုတ် ၂၂ ရက်က မောင်တော-တောင်ပြိုသွား ခရီးသည်တင်မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် ဒီမူဟာမောက်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀၊ ခရီးသည် ဂျင်းကီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ တို့အား သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မာမတ်ဟူဆိန်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဖာရုနှင့် နူရ်ဘော်ရှော့တို့နှစ်ဦးအားတွေ့ရှိပြီး ၎င်းတို့က အထုပ်တစ်ထုပ်ကို ရေတွင်းအတွင်းသို့ လွှင့်ပစ်သဖြင့် ၎င်းတို့လွှင့်ပစ်ခဲ့သည့် ရေတွင်းအတွင်းမှ အထုပ်ကိုဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၂၅၀ ကို ထပ်မံသိမ်းဆည်းရမိသည်။



ဂျင်းကီး၊ ဒီမူဟာမောက်၊ ဖာရုနှင့် နူရ်ဘော်ရှော့တို့ လေးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဩဂုတ် ၂၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကွတ်ခိုင်-သိန္နီ "ရှမ်းမန်း" ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ မခင်ထွေးနှင့် မလီကွေစုတို့ထံမှ ဘိန်းဖြူဆပ်ပြာခွက် ၆၆ ခွက် (အလေးချိန် ၇၉၂ ဂရမ်) ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လားရှိုး-ရန်ကုန် "ရွှေမန္တလာ" ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခုံအမှတ် C-1 တွင် လိုက်ပါလာသူ စိုင်းချစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်-နမ့်စန်သွားလမ်း မိုင်တိုင်အမှတ် (၁၇၆)အနီးတွင် နမ့်စန်မြို့ဘက်မှ လွိုင်လင်မြို့ဘက်သို့ ကျဲ မောင်းနှင်ပြီး ရန်အဲနှင့် ပေါ့ တို့ လိုက်ပါလာသောယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ ကိုလည်းကောင်း၊ မိုင်းယောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု မိုင်းဟော့ကျေးရွာနေ အိုက်အွန်၏ တောင်ယာတဲအား ရှာဖွေရာ အိပ်ရာခြေရင်း ခေါင်မိုးတွင် ချိတ်ဆွဲထားသော ပီနံအိတ်အတွင်းမှ ဘိန်းဖြူ တစ်ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၇၀ တို့ကိုလည်းကောင်း၊ အိန္ဒြနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဘားအံမြို့နယ် ကော့စိန်ဘန်အောက်ကျေးရွာအုပ်စု ကော့သိန်းခီးကျေးရွာနေ မနော်သိုင်မူး၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မမူးထိခေါင်အားတွေ့ရှိပြီး မနော်သိုင်မူး လွှင့်ပစ်လိုက်သောအထုပ်အား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၆ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

**အမည်ပြောင်းခြင်း**

ကရင်ပြည်နယ် ဘားအံမြို့ အထက (၅) အဌမတန်း(ခ)မှ ဦးအရယ်နဲ [၃/ဘအန(နိုင်)၁၅၈၅၄၉] ၏ သမီးဖြစ်သူ မကဒါချီးမှားအား မလှလှအေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလှလှအေး**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာနေ မောင်အောင်ရဲကျော် ခုံအမှတ် ဆမ-၄၇၇၊ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်ထွန်း [၁၂/မဘန(နိုင်) ၀၁၀၃၃၉] ဖြစ်ပါသည်။

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၂)၊ ကုန်သည်ရပ်ကွက်၊ မြို့ဦးလမ်းနေ အဖ ဦးစိုးဝင်း[၇/ဒဥန(နိုင်)၀၁၁၅၀၆]၏ သမီး မသန္တာစိုးအား မသူသူဟန် [၇/ဒဥန(နိုင်)၁၄၉၆၀၄]ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသူသူဟန်**

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၂)၊ ကုန်သည်ရပ်ကွက်၊ မြို့ဦးလမ်းနေ အဖ ဦးစိုးဝင်း[၇/ဒဥန(နိုင်)၀၁၁၅၀၆]၏ သမီး မသီတာစိုးအား မသီသီဟန် [၇/ဒဥန(နိုင်)၁၄၉၆၀၃]ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသီသီဟန်**

**အမည်မှန်**

ပြည်မြို့၊ အထက(၅)၊ အဌမတန်း (G)မှ မစုရတီဖြူ၏ အမည်မှန်မှာ မဆုရတီဖြူဖြစ်ပြီး မိဘအမည်မှန်မှာ ဦးကြည်ဝင်း-ဒေါ်သီရိဝင်းထွဋ်[၇/ပမန(နိုင်)၁၆၀၂၇၀]ဖြစ်ပါကြောင်း။

**မဆုရတီဖြူ**

**ဖခင်အမည်မှန်**

ပြည်မြို့၊ အထက(၅)၊ သတ္တမတန်း (ဂ)မှ မခိုင်သဇင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် [၇/ပမန(နိုင်)၁၁၄၆၄၃] ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်နေရီ [၁၂/ဥကတ(နိုင်) ၀၂၇၃၆၅]၏ CDC No. 10087(B.S.T) လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ဖုန်း-၀၉၂၅၀၀၀၂၉၀၀

## ZHULIAN ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍အများသိစေရန်အသိပေးကြေညာချက်

ZHULIAN ( THAILAND ) LTD. ၏ လွှဲအပ်ညွှန်ကြားချက်အရအများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ထိုင်းနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ထားသော ZHULIAN ( THAILAND ) LTD. သည် **ZHULIAN** ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာချက်ကို ရန်ကုန်မြို့၊စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၄/၅၃၇၇၁ ဖြင့်တရားဝင်မှတ်ပုံတင်သွင်းထားပါသည်။ ထိုသို့မှတ်ပုံတင်ထားသူZHULIAN (THAILAND) LTD. သည် **ZHULIAN** ကုန်အမှတ်တံဆိပ်ကိုအသုံးပြုလျက် **သောက်ရေသန့်အား လုံးဝ (လုံးဝ) ထုတ်လုပ်ခြင်းမရှိပါ။ သောက်ရေ / သုံးရေသန့်စင်သည့်စက်ပစ္စည်း (Beyond Water) ကိုသာထုတ်လုပ်ခြင်း** ဖြစ်ပါကြောင်း **ZHULIAN** ကုန်အမှတ်တံဆိပ်ပါကုန်ပစ္စည်းကို သုံးစွဲသူမိဘပြည်သူများအနေဖြင့် ထင်ယောင်ထင်မှားမဖြစ်စေရန် ကြေညာအပ်ပါသည်။ ထို့အပြင် **ZHULIAN** ကုန်အမှတ်တံဆိပ်အား တစ်နည်းနည်းဖြင့်ယှဉ်သုံးစွဲသူများအပေါ် ဥပဒေနှင့်အညီ တရားစွဲ၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ZHULIAN (THAILAND) LTD. ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညွန့်ညွန့်အေး ( တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၇၅))

အမှတ်-၁၀၃၆၊ ကျွမ်းစာသင်ကျောင်းလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**စက်မှုဝန်ကြီးဌာန**

**အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၆) အကြီးစားစက်ရုံ (ဆင်တဲ)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေရရှိလာသော အိမ်ထောင်သည်လိုင်း အဆောက်အဦများ ပြုပြင်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူပြုပြင်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၂၅-၈-၂၀၁၆ရက် |
| ၃။ တင်ဒါပုံစံရောင်းချမည့်နေရာ | - စီမံရေးဌာန အမှတ်(၁၆) အကြီးစားစက်ရုံ (ဆင်တဲ) |
| ၄။ တင်ဒါသွင်းရမည့်နောက်ဆုံးရက် | - ၃၀-၈-၂၀၁၆ရက် |
| အချိန်နှင့်နေရာ | - နံနက် ၉း၃၀နာရီ စီမံရေးဌာန အမှတ်(၁၆) အကြီးစားစက်ရုံ (ဆင်တဲ) |
| ၅။ တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - ၃၀-၈-၂၀၁၆ရက် |
| အချိန်နှင့်နေရာ | - မွန်းလွဲ ၁း၀၀နာရီ စီမံရေးဌာန အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ) |

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၈၆၅၀၉၂၁၊ ၀၉-၇၉၆၆၂၂၃၃၊ ၀၅၃-၄၀၀၂၈၊ ၀၅၃-၄၀၀၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)**
**ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)**

တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

# ဂျပန်ဦးနှောက်ရောင် ရောဂါကူးစက်ခံရသည်ဟု သံသယရှိသည့် နားမခေါ်ကျေးရွာအုပ်စု ဟိုနားကျေးရွာသို့ ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**သီပေါ ဩဂုတ် ၂၄**

ဂျပန်ဦးနှောက်ရောင်ရောဂါ ကူးစက် ခံရသည်ဟု သံသယရှိသည့် သီပေါမြို့နယ် နားမခေါ် ကျေးရွာအုပ်စု ဟိုနားကျေးရွာသို့ သီပေါမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အကျိုးဆောင်လူငယ် လူမှုကူညီရေးအဖွဲ့တို့မှ ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ ကို ဩဂုတ် ၂၂ ရက်က ကွင်းဆင်းဆောင် ရွက်ခဲ့သည်။

ယင်းသို့ ကျန်းမာရေးစောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဟိုနား ကျေးရွာဘုန်းတော်ကြီးကျောင်း၌ နံနက် ၁၀ နာရီတွင် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ခြင်ပေါက်ပွားမှု မရှိစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို စနစ် တကျဆောင်ရွက်ရန် ကိစ္စများကိုလည်း ကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဂျပန်ဦး နှောက်ရောင်ရောဂါ လက္ခဏာများနှင့် ကြို တင်ကာကွယ်ရမည့် ကိစ္စရပ်များကိုလည်း ကောင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ကျွဲ၊ မြင်း၊ နွား၊ ငှက် စသည့် တိရစ္ဆာန်တို့မှလည်း ရောဂါပိုးသယ်ဆောင် တတ်ကြောင်း အသီးသီး ဟောပြောခဲ့ကြ သည်။

ယင်းနောက် သီပေါမြို့နယ် အကျိုးဆောင် လူငယ် လူမှုကူညီရေးအဖွဲ့မှ ရောဂါကူးစက်ခံ ရသူဟု သံသယရှိသည့်အိမ်နှင့် ယင်းပတ် ဝန်းကျင်နေအိမ်များ၊ စာသင်ကျောင်း နှစ် ကျောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း တို့တွင် ခြင်ဆေးဖျန်းပေးခဲ့ပြီး တိရစ္ဆာန် မွေး မြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးရွာရှိ ကျွဲ၊ နွားများကို စစ်ဆေးခြင်း၊ ဆေးကုသပေးခြင်း များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သီပေါမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင် ရောဂါကူးစက်ခံရသူဟု သံသယရှိသူ ကလေး နှစ်ဦးရှိပြီး ကွန်ခိုက်ကျေးရွာအုပ်စု ကုန်းမုံ ကျေးရွာနေ အသက် ၇ နှစ်ရှိ ကလေးတစ်ဦး သည် ဩဂုတ်လ တတိယပတ်တွင် လားရှိုး ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူစဉ် ကွယ် လွန်ခဲ့ပြီး ကျန်ဟိုနားကျေးရွာနေ အသက်ငါး နှစ်ရှိ ကလေးတစ်ဦးအား သီပေါမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိ ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

# အမှိုက်စီမံခန့်ခွဲမှုနှင့် စွန့်ပစ်မှုအမူအကျင့်ကောင်းများ ရရှိစေရေး သဃ်န်းကျွန်း၌ ဟောပြော



**ရန်ကုန် ဩဂုတ် ၂၄**

ယနေ့ ရန်ကုန်မြို့တော်ကြီးတွင် လူဦးရေတိုးတက်လာမှု၊ အချက် အချာကျသည့် စီးပွားရေးမြို့တော် အဖြစ် ဖော်ဆောင်နေမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုကို စိန်ခေါ်လျက်ရှိသည့် မြို့တော်၏ အမှိုက်ပြဿနာများကို နည်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက် လျက်ရှိသော်လည်း မြို့တော်သူ၊ သားများအနေဖြင့် အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများ ရရှိမှသာ လျှင် အမှိုက်ကိုလျှော့ချရန် နည်း လမ်းများဖြင့် ကောင်းမွန်သည့် ပတ်ဝန်းကျင်ကို ရရှိစေမှာဖြစ်သည့် အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစောဝင်းမောင်၊ လ/ထဌာနမှူး ဒေါက်တာအောင်မြင့်မော်နှင့် ခရိုင် မှူး ဦးသက်ဝေ၊ ဌာနခွဲမှူး ဒေါ်သန်း သန်းဝင်း၊ ဌာနစုမှူး ဦးမြင့်စိုးတို့ သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်း က သဃ်န်းကျွန်းမြို့နယ် အ-ထ-က- ၂ သို့ လာရောက်ကာ အမှိုက်စနစ် တကျ စွန့်ပစ်မှု အမူအကျင့်ကောင်း များအား ဟောပြောပေးခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများ အား အမှိုက်စွန့်ပစ်စီမံခန့်ခွဲမှု မှန် ကန်စေရေး ပျော်ရွှင်စွာ ဂိမ်းကစား ခဲ့ကြသည်။ ထို့နောက် ကျောင်း အတွက် ၂၄၀ လီတာဆံ့ အမှိုက်ပုံး နှစ်ပုံး၊ အမှိုက်အိတ် ၈၀၀နှင့် ပညာပေးလက်ကမ်းစာစောင် ၇၅၀ တို့အား ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆန်း မြင့်၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး တင်ကိုကို ကြီး၊ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်မို့မို့အောင်၊ ဒုပညာရေးမှူး ဦးကြည်ဝင်း၊ မြို့နယ်ကျောင်းကျန်း မာရေး ဆရာဝန် ဒေါ်ဟေလီကြည် သန်း၊ ကျောင်းသား၊ ကျောင်းသူ ၃၄၂ ဦးနှင့် ဆရာမများ တက် ရောက်ခဲ့ကြသည်။

**၁၉၇**

# ဘုရင့်နောင်ရုပ်တုကုန်းမြေ ရေစီးရေလာ ကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၄**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ကျက် သရေဆောင် ဘုရင့်နောင်ရုပ်တုကုန်းမြေ ရေစီးရေလာ ကောင်းမွန်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စု ပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကော့သောင်းမြို့သည် မြန်မာ ထိုင်းနယ်စပ်မြို့ဖြစ်သည့် အားလျော်စွာ နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ထွက် လည်ပတ်လေ့ရှိရာ သာယာလှပသည့် ဘုရင့်နောင်ရုပ်တု ကုန်းမြေသည် ခရီးသွားဧည့်သည်များ အများဆုံးလာ ရောက် လေ့လာလည်ပတ်သည့်နေရာတစ်ခုဖြစ်သဖြင့် ကုန်းမြေဝန်းကျင် သန့်ရှင်းသာယာလှပရေး အမှိုက်သရိုက် များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ကုန်းမြေ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ပန်း ရောင်စုံများဝေဆာပွင့်ဖူးကာ သာယာလှပရေး ပန်းအလှ ပင်များစိုက်ပျိုးခြင်း၊ လာရောက်လည်ပတ်သည့် ခရီးသွား ဧည့်သည်များ စိတ်လက်ကြည်လင်ရေးနှင့် မြို့အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသာယာ လှပရေးရည်ရွယ်ကာ ယခုနှစ် မိုးရာသီအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ စုပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရ သည်။ **ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# သတင်းအချက်အလက်ရယူခွင့်နှင့် စိန်ခေါ်မှုများဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကကြီးမှူး၍ သတင်းအချက်အလက်နှင့် ပတ်သက်သော စိန်ခေါ်မှုများအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက်က ရန်ကုန် မြို့ Summit Parkview ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်အတွင်း ရေးမှူး ဦးသီဟစောက သတင်းရယူခွင့်နှင့်ပတ်သက်သော စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ သည်။

ယင်းနောက်ဆွေးနွေးပွဲတွင် ရုပ်မြင်သံကြားမီဒီယာများ၏ သတင်းရယူခွင့် နှင့်ပတ်သက်သော စိန်ခေါ်မှုများကို ဦးတိုးဇော်လတ် (Bureau Chief,DVB )၊ ဦးစိုးမြင့် (Chief Editor,CEO, Mizzima Media Group )၊ ဦးအံ့ဘုန်းမြတ် ( Chief Editor, MCN )၊ ဦးဟံသာညိန်း (Co-Founder, Kamayut Media)၊ ဦးမြင့်ကျော် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်တို့က တင်ပြဆွေးနွေးခဲ့ ကြသည်။

ဆက်လက်၍ ပုံနှိပ်မီဒီယာများ၏ သတင်းအချက်အလက်ရယူခွင့်နှင့်ပတ် သက်သော စိန်ခေါ်မှုများကို ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်) မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်၊ ဦးလှိုင်ဘွား ( Chief Editor Democracy Today )၊ ဦးခိုင်မြတ်ကျော် (Chief Editor-Narinjara Journal)၊ ဦးသီဟသွယ် ( Journalist NHK ) နှင့် ဦးကျော်စွာမင်း တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီတို့က တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးဇေယျာလှိုင်၊ ဦးမြင့် ကျော်နှင့် တက်ရောက်လာကြသူများက ရုပ်သံမီဒီယာ၊ ပုံနှိပ်မီဒီယာနှင့် အွန်လိုင်းမီဒီယာများ ရင်ဆိုင်နေရသည့် အခက်အခဲဆိုင်ရာ ဆွေးနွေးမှုများကို ကဏ္ဍအလိုက် ပြုလုပ်ပြီးဖြေရှင်းနိုင်မည့် အကြံပြုချက်များကို အဖွဲ့လိုက် ဆွေး နွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲမှ ရလဒ်များကိုစုစည်းကာ သက်ဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်စသည့်အဖွဲ့အစည်းများသို့ပေးပို့သွား မည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်အခြေစိုက်သတင်းဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ သတင်းမီဒီယာများ၊ အယ်ဒီတာ၊ သတင်း ထောက် စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။ **အောင်သူရ**

# ပြည်သူကိုမျက်နှာမူ၍ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းများအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးဆွေးနွေး

**ကနီ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ နယ်ရဲတပ်မှူးရုံးမှ ပြည်သူကို မျက်နှာမူ၍ ဝန်ဆောင် မှုကို ရှေးရှုသော ရဲလုပ်ငန်းများ စနစ်တကျ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေး မြို့နယ်အတွင်းရှိ နယ်မြေခံစခန်းများမှ ရဲဝန်ထမ်းများကို ချပြဆွေး နွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့်က ဩဂုတ် ၁၉ ရက်တွင် ကနီမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ရဲလုပ်ငန်း များစနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ကနီ မြို့နယ် ရဲတပ်ဖွဲ့ရှိ ကနီရဲစခန်း၊ ဝင်မနားရဲစခန်း နှင့် ကင်းရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဒုတိယ ရက် ၁၀၀ စီမံချက် ကာလအတွင်း စစ်ကိုင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးမှ ချပြရှင်းလင်းသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေး၊ လောင်းကစား မှုပပျောက်ရေးများအပြင် နယ်မြေအတွင်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လယ်ယာလုပ်ငန်းခွင် လုံခြုံရေး၊ ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေး နှင့် တရားမဝင် ဓာတ်သတ္တုတူးဖော်ခြင်း၊ တရား မဝင် သစ်ထုတ်လုပ်ရောင်းဝယ်ခြင်းနှင့် ကျွဲ၊ နွား မှောင်ခိုရောင်းဝယ်ခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ် ဖော်ထုတ်ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် နယ်မြေအတွင်း မှုခင်းကျဆင်း ရေး လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများ အစဉ်တစ် စိုက် အလေးထား ကင်းလှည့်စောင့်ရှောက်ရန်တို့ကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်း မှာကြားခဲ့ သည်။

ဆက်လက်၍ ဩဂုတ် ၂၂ရက်ကလည်း ကနီ မြို့မရဲစခန်း၌ ဒုတိယ ရက် ၁၀၀ အတွင်း လုပ်ငန်း အောင်မြင်မှုရရှိရေးအတွက် ပြည်သူကိုမျက်နှာမူ ၍ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းများနှင့် ပတ်သက်၍ တပ်ဖွဲ့ဝင်များပြုပြင်ထားရမည့် သန္ဓိ ဌာန်နှင့် စိတ်ဓာတ် တည်ဆောက်ရမည့် အခြေခံ အချက်များကို ရဲမှူးတင်မောင်မြင့်က တပ်ဖွဲ့ဝင်များ အား ထပ်မံရှင်းလင်း ဆွေးနွေးဆောင်ရွက် ခဲ့ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**



**သာပေါင်းမြို့နယ် ရပ်ကွက်(၂) မုန်စီပရိယတ္တိစာသင်တိုက်ရှိ မဟာစည် သာသနာ့ရိပ်သာဓမ္မာရုံ၌ ရပ်ကွက်(၂) ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန် ၁၀၂ အိတ်၊** CB- KMA Foundation **မှ မိသားစုသုံးပစ္စည်းမျိုးစုံပါ ၃၄၄ ပုံး၊ ရေသန့် ၆ လုံးပါ ၄၀ ကတ်၊ ငါးသေတ္တာဘူး ၁၅၀၊ ရေသန့်ဆေးထုပ် ၂၃၀၀ တို့ကို ရပ်ကွက်(၂)အတွင်းရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၉၀ စုအား** CB-KMA Foundation **မှ လှူဒါန်းသော မိသားစုသုံး ပစ္စည်းမျိုးစုံပါ တစ်ပုံး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနမှ အိမ်ထောင်စု တစ်စုအတွက် ဆန် ခြောက်ပြည်၊ ရေသန့်တစ်ကတ်၊ ငါးသေတ္တာ နှစ်ဘူး၊ ရေသန့် ဆေးထုပ် ငါးထုပ်တို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြထွေးနှင့် အဖွဲ့ဝင်များက စနစ်တကျ စီမံဖြန့်ဝေ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ- မျိုးဇော်သိန်း

## မြစိမ်းရောင်စီမံကိန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အလုပ်လက်မဲ့နည်းပါးကာ အချင်းချင်းစုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာ

**မိတ္ထီလာ ဩဂုတ် ၂၄**

မိတ္ထီလာခရိုင်၌ ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေသော မြစိမ်းရောင်စီမံကိန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံတိုးချဲ့ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာစီမံကိန်းကော်မတီဝင်များအား ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဩဂုတ်လပထမပတ်က ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များ တက်ရောက်ကြရာ မြို့နယ်အတွင်း၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာများ ရွေးချယ်မှုအခြေခံမှုများနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား မြို့နယ်ဦးစီးမှူးများက ရှင်းလင်းပြောကြားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံတိုးချဲ့ဆောင်ရွက်သည့်ကျေးရွာများကို ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်ရန်ပုံငွေ သိန်း ၃၀၀ နှုန်းဖြင့် လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများကို ခရိုင်အတွင်း၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာ ၆၈ ရွာနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထပ်မံတိုးချဲ့ဆောင်ရွက်သည့် စီမံကိန်းကျေးရွာ ၃၁ ရွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ခရိုင်အတွင်း၌ စီမံကိန်းဝင်ကျေးရွာ ၉၉ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိကြ၍ အလုပ်လက်မဲ့နည်းပါးလာကြောင်းနှင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရ၍ ရွာသူ၊ ရွာသားများအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိလာကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မင်းဘူးမြို့နယ်အတွင်း နှမ်းစိုက်တောင်သူများ နှမ်းအရနည်း



**မင်းဘူး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးသီးနှံများ ရိတ်သိမ်းချိန်ကာလသို့ရောက်ရှိခဲ့ပြီး နှမ်းများစတင်ရိတ်သိမ်းလျက်ရှိရာ ယခုနှစ်တွင် နှမ်းပင်များ တစ်လသားနီးပါး မိုးများခဲ့မှုကြောင့် နှမ်းပင်များဖျက်သိမ်းပြီး ပြန်လည်စိုက်ပျိုးခဲ့ရရာ နှမ်းထွက်နှုန်းမှာလည်း နည်းသည်ဟု တောင်သူဦးကြီးများထံမှ သိရသည်။

"တောင်သူတွေ နှမ်းအရနည်းကြတယ်။ မိုးများခဲ့မှုကြောင့် နှမ်းပြန်လည်စိုက်ပျိုးခဲ့ရလို့ စိုက်ပျိုးစရိတ်လည်းများခဲ့ရတယ်။ အချို့တောင်သူတွေက နှမ်းပင်တွေပျက်တော့ ပဲတီစိမ်းစိုက်ခဲ့တဲ့ တောင်သူတွေကတော့ အဆင်ပြေနိုင်တယ်" ဟု နန်းတော်ကုန်းကျေးရွာမှ တောင်သူဦးမြအေးက ပြောသည်။

"နှမ်းစတင်ရိတ်သိမ်းချိန်ဆိုတော့ နေ့စားအလုပ်သမားခေါ်ရတာမခက်ခဲသေးဘူး။ နေ့စားအလုပ်သမားတစ်ဦးကို နံနက်ပိုင်းတစ်ပိုင်းကို ငှားရမ်းခကျပ် ၂၀၀၀၊ တစ်နေကုန်ဆိုရင် ကျပ် ၄၀၀၀ ထိ ပေးရတယ်။ နှမ်းရိတ်တဲ့သူများလာရင်တော့ တစ်နေကုန်နေ့စားခကျပ် ၅၀၀၀ ထိပေးရတယ်။ နှမ်းပြန်လည်ရောင်းတဲ့အခါမှာလည်း ကုန်သည်ပွဲစားတွေက နှမ်းမသန့်ဘူးဆိုပြီး အမျိုးမျိုးဈေးနှိမ်ဝယ်ယူကြတယ်။ ယခုကဲ့သို့ သီးနှံအထွက်မကောင်းတဲ့နှစ်တွေမှာ တောင်သူတွေအတွက် တွက်ခြေမကိုက်ဘူး ။ အခြားသီးညှပ်စိုက်ပျိုးသူတွေကတော့ တွက်ခြေကိုက်မယ်။ နှမ်းစိုက်တောင်သူတွေမှာ အရင်းအနှီးများပြီး မိုးလေဝသမှန်နေမှသာ နှမ်းအရများတယ်" ဟု ဇီးဖြူကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီးသည် မြန်မာပြည်၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ရလောက်အောင် ဆီထွက်သီးနှံများစိုက်ပျိုးကြသော်လည်း ယခင်က နှမ်းကိုကြိတ်၍ စားသုံးဆီအတွက်သာ အဓိကထားပြီး ပိုလျှံမှုကိုသာ ရောင်းချကြသည်။ ယခုနှစ်များတွင် စိုက်ပျိုးစရိတ်ကုန်ကျမှုများခြင်းကြောင့် ဆီစားမချန်နိုင်ဘဲ ရောင်းချပြီးနောက်ပိုင်း သီးနှံစိုက်ပျိုးရေးအတွက် ပြန်လည်ရင်းနှီးရကြောင်း၊ နွေနှမ်းမှာလည်း အယ်နီညိုအပူလှိုင်းဒဏ်ကြောင့် ဖြစ်ထွန်းအောင်မြင်မှုနည်းပါခဲ့သည်။

**ဖိုးပြည့်(မင်းဘူး)**

## လွိုင်လင်မြို့တွင် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**လွိုင်လင် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အစီအစဉ်အရ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦးက ဌာန၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် သင်တန်းဖွင့်လှစ်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းသားထူးချွန်ဆုရရှိသူ သုံးဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က ဆုများချီးမြှင့်ပေးပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းနည်းပြများအား ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။



သင်တန်းသား/သူများ လက်တွေ့ထုတ်လုပ်ထားသည့် လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ(၂၃.၈.၂၀၁၆)

အဆိုပါသင်တန်းကို နိုင်ငံတစ်ဝှမ်းလုံးတွင် မြို့ပြနေ အခြေခံလူတန်းစားများနှင့် ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို အထောက်အကူပြုစေမည့် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုဆိုင်ရာ မြှင့်တင်ပေးသည့် ကုန်ထုတ်နည်းပညာသင်တန်းများကို ဒေသအလိုက် ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်ထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းနည်းပြများအဖြစ် ရှမ်းပြည်နယ် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းဦး၊ ဦးစီးအရာရှိ ဦးကိုကိုသက်နှင့် ဝန်ထမ်းများက ပို့ချပေးခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ကောလင်းမြို့ပြည်သူ့ဆေးရုံကြီးတွင် မီးရထားရဲတပ်ဖွဲ့မှ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ကောလင်း ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ပြည်သူ့ဆေးရုံကြီးတွင် ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီခွဲက မီးရထားရဲတပ်ဖွဲ့မှ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မီးရထားရဲတပ်ဖွဲ့အမှတ်(၂)တပ်ခွဲမှ ဒုတိယရဲမှူး သန်းဌေး ဦးဆောင်သော မီးရထားရဲတပ်ဖွဲ့ဝင်များသည် ဆေးရုံကြီးအတွင်းရှိ ခြင်များမပေါက်ပွားစေရေး၊ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး၊ ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

## နည်းပညာတက္ကသိုလ်(မန္တလေး)ရှေးဦးပြုစုခြင်း(အခြေခံသင်တန်း)ဆင်းပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီးကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် နည်းပညာတက္ကသိုလ်(မန္တလေး)တို့ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် ဦးဘုန်းကျော်၊ နည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာဆင့်စိုး၊ တိုင်းကြက်ခြေနီမှ ဦးစီးမှူး (ဒုတိယတန်း၊ တတိယတန်း)များ၊ နည်းပြအရာရှိများ၊ နည်းပညာတက္ကသိုလ် (မန္တလေး) ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ဆွေကမ္ဘာအောင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ စုံလင်စွာတက်ရောက်ကြသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်တို့က သင်တန်းဆင်းအမှာစကား အသီးသီးပြောကြားကြပြီး ကြက်ခြေနီရာသက်ပန်အသင်းဝင်အဆိုပြုလွှာများ၊ သင်တန်းဆင်းအောင်လက်မှတ်များကို တာဝန်ရှိသူအသီးသီးက ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် အသက်တစ်ချောင်းမှသည် အသက်ပေါင်းများစွာကို ကူညီကယ်တင်နိုင်သော ရှေးဦးပြုစုခြင်းနည်းပညာများကို ကျောင်းဆင်းချိန်ညနေပိုင်းတွင် ၁၀ ရက်တိတိ စာတွေ့၊ လက်တွေ့ စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့ပြီး သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ၄၀ ကို စနစ်တကျသင်ကြား လေ့ကျင့်ပေးခဲ့သည်။

**ကျော်စိုးဦး(မန္တလေး)**

## ငါးရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်ရေး စစ်ကိုင်းမြို့၌ အခြေခံငါးမွေးမြူရေးသင်တန်း အမှတ်စဉ် (၂၈) ဖွင့်လှစ်

**စစ်ကိုင်း ဩဂုတ် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်)၌ အခြေခံငါးမွေးမြူရေးသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် ကျေးရွာများအားလုံး ငါးလုပ်ငန်းဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ငါးရိက္ခာများ တိုးတက်ထုတ်လုပ်ရေးနှင့် ပိုလျှံသောငါးရိက္ခာများအား ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်၊ ရေချိုနှင့်ရေငန် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်း တိုးချဲ့ရေးကို အားပေးသွားရန်၊ ငါးလုပ်ငန်းလုပ်ကိုင်ရာ အသိုက်အဝန်းရှိ ပြည်သူများ၏ လူမှုစီးပွားအဆင့်အတန်း တိုးမြင့်လာစေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေနှင့် သင်တန်းမှရရှိသည့် အတွေ့အကြုံများနှင့် နည်းပညာများကို မိမိတို့နှင့် နီးစပ်ရာပတ်ဝန်းကျင်တွင် ပြန်လည်ဖြန့်ဝေစေလိုကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၈ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၂ ရက်အထိ သင်ကြားပေးသွားမှာဖြစ်ကြောင်းနှင့် အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူးများ၊ စစ်ကိုင်းခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အခြားဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။


**မျိုးဝင်း(စစ်ကိုင်း)**

LFP

လာလီဂါရင်ခုန်သံ-၂

# လာလီဂါမှာနိုင်ပွဲဆက်မယ့် ဘာစီလိုနာ

**လာလီဂါပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်ဖြစ်တဲ့ ပွဲစဉ်တစ်မှာတော့ ဘာစီလိုနာ၊ ဆီဗီလာတို့လို နာမည်ကြီးအသင်းတွေ ခြေစွမ်းပြသကာ ဂိုးပြတ် တွေနဲ့ အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်နှစ်မှာ အဆိုပါအသင်းတွေအနေနဲ့ နိုင်ပွဲဆက်လက်ရရှိအောင် စွမ်းဆောင်နိုင်မလား ဆိုတာစောင့်ကြည့်ရပါမယ်။**



### ရှိုင်းမင်းမင်း

**ထိပ်တန်းဂိုးသွင်းရှင်များ**

| | |
|---|---|
| ဆွာရက်ဇ်( ဘာစီလိုနာ) | ၃ဂိုး |
| မက်ဆီ(ဘာစီလိုနာ) | ၂ဂိုး |
| လီဗာဂျား( လက်စ်ပဲမက်စ်) | ၂ဂိုး |
| မီနာ(ဗလင်စီယာ) | ၂ဂိုး |
| ဂါရတ်ဘေးလ်( ရီးယဲလ်မက်ဒရစ်) | ၂ဂိုး |
| ဗစ်တို(ဆီဗီလာ) | ၂ဂိုး |

**ပွဲစဉ် (၁)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဘာစီလိုနာ | ၁ | ၁ | ၀ | ၀ | ၆ | ၂ | ၄ | ၃ |
| ၂ | ရီးယဲလ်မက်ဒရစ် | ၁ | ၁ | ၀ | ၀ | ၃ | ၀ | ၃ | ၃ |
| ၃ | ဆီဗီလာ | ၁ | ၁ | ၀ | ၀ | ၆ | ၄ | ၂ | ၃ |
| ၄ | လက်စ်ပဲလ်မက်စ် | ၁ | ၁ | ၀ | ၀ | ၄ | ၂ | ၂ | ၃ |
| ၅ | ဒီပို့တီဗို | ၁ | ၁ | ၀ | ၀ | ၂ | ၁ | ၁ | ၃ |
| ၆ | စပို့တင်းဂီဂျွန် | ၁ | ၁ | ၀ | ၀ | ၂ | ၁ | ၁ | ၃ |
| ၇ | လီဂါနက်စ် | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၃ |
| ၈ | အက်သလက်တီကို | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ |
| ၉ | ဂရန်နာဒါ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ |
| ၁၀ | မာလာဂါ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ |
| ၁၁ | အိုဆာစူနာ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ |
| ၁၂ | ဗီလာရီးယဲလ် | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ |
| ၁၃ | အလာဗက်စ် | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ |
| ၁၄ | ဘီဘာအို | ၁ | ၀ | ၀ | ၁ | ၁ | ၂ | -၁ | ၀ |
| ၁၅ | အီဘား | ၁ | ၀ | ၀ | ၁ | ၁ | ၂ | -၁ | ၀ |
| ၁၆ | ဆဲလ်တာဗီဂို | ၁ | ၀ | ၀ | ၁ | ၀ | ၁ | -၁ | ၀ |
| ၁၇ | အက်စ်ပန်ညို | ၁ | ၀ | ၀ | ၁ | ၀ | ၁ | -၂ | ၀ |
| ၁၈ | ဗလင်စီယာ | ၁ | ၀ | ၀ | ၁ | ၂ | ၄ | -၂ | ၀ |
| ၁၉ | ဆိုစီဒက် | ၁ | ၀ | ၀ | ၁ | ၀ | ၃ | -၃ | ၀ |
| ၂၀ | ဘက်တစ် | ၁ | ၀ | ၀ | ၁ | ၂ | ၆ | -၄ | ၀ |

### ဘတ်တစ် - ဒီပို့တီဗို
**နံနက် ၁း၁၅ (၂၇-၈-၁၆)**

အဖွင့်ပွဲစဉ်မှာ ဘက်တစ်ဟာ ဘာစီလိုနာကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရ တယ်ဆိုပေမယ့်လည်း ကစားပုံမဆိုးဘူးလို့ဆိုနိုင်ပါတယ်။ ဘာစီလိုနာ ကောင်းလွန်းခဲ့လို့သာ ဘတ်တစ်တို့ အရေး နိမ့်ခဲ့ရတာဖြစ်ပြီး ဒီပွဲမှာတော့ အိမ်ကွင်းလည်းဖြစ်တာကြောင့် နိုင်ပွဲရရှိဖို့အားစိုက်ကစားလာနိုင်ပါတယ်။ ဒီပို့တီဗိုကလည်း အီဘားကိုအနိုင်ကစားနိုင်ခဲ့တယ်ဆို ပေမယ့်လည်း အဝေးကွင်းမှာခြေကမငြိမ်တတ်ပါဘူး။ ဘတ်တစ် အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

### အီဘား - ဗလင်စီယာ
**ည ၁၀း၄၅ (၂၇-၈-၁၆)**

အီဘားဟာ အဖွင့်ပွဲစဉ်မှာ ဒီပို့တီဗိုကို ရှုံးနိမ့်ခဲ့ရတာကြောင့် ဒီအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေးအားစိုက်ကစားလာမှာဖြစ်ပေမယ့် ဗလင်စီယာကိုတော့ အသာရယူနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဗလင်စီယာက အသင်းကောင်းတစ်သင်းဖြစ်သလို ဒီလိုပွဲစဉ်မျိုးမှာ နိုင်ပွဲရရှိဖို့ အားစိုက်ကစားလာမှာလည်းဖြစ်တာကြောင့် အီဘားတို့ပိုမိုအခက်တွေ့နိုင်ပါတယ်။ ဗလင်စီယာပဲနိုင်ပွဲရမယ်။

### လက်စ်ပဲလ်မက်စ် - ဂရန်နာဒါ
**ည ၁၀း၄၅ (၂၈-၈-၁၆)**

အဖွင့်ပွဲမှာ ဗီလာရီးယဲလ်ကိုအိမ်ကွင်းမှာ သရေကစားနိုင်ခဲ့တဲ့ ဂရန်နာဒါခြေကကောင်း မွန်မှုရှိခဲ့ပါတယ်။ ကွင်းလယ်ပိုင်းကလည်း ဗီလာရီးယဲလ်ကိုယှဉ်ကစားနိုင်ခဲ့ပြီး တိုက်စစ်ပိုင်းကလည်း ဗီလာရီးယဲလ်ခံစစ်ပိုင်းကို ခြိမ်းခြောက်နိုင်ခဲ့တာတွေ့ရပါတယ်။ လက်စ်ပဲလ်မက်စ်ကတော့ အိမ် ကွင်းမှာကစားရမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းက သာမန်ထက်မပိုပါဘူး။ ဒါကြောင့် ဒီပွဲမှာလည်း ဂရန်နာဒါတို့ အဝေးကွင်းဖြစ်ပေမယ့်အခွင့် အရေးရနိုင်ပါတယ်။

### အက်စ်ပန်ညို - မာလာဂါ
**နံနက် ၂း၃၀ (၂၇-၈-၁၆)**

ဆီဗီလာကို အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း အက်စ်ပန်ညို ခြေကကောင်းမွန်မှုရှိခဲ့ပါတယ်။ ခံစစ်ပိုင်းကစားပုံအားနည်းခဲ့ပေမယ့်လည်း တိုက်စစ်ပိုင်းက ဆီဗီလာနဲ့ အပြိုင် ဂိုးတွေလိုက်သွင်းယူနိုင်ခဲ့တဲ့အထိ ကစားပုံကောင်းမွန်ခဲ့ပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းပွဲဖြစ်တာ ကြောင့် အက်စ်ပန်ညိုတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ မာလာဂါကတော့ အိမ်ကွင်းမှာ အိုဆာစူနာကိုတောင် အနိုင်မရခဲ့တဲ့အထိ ခြေစွမ်းပိုင်းကသာမန်သာရှိခဲ့ပါတယ်။

### ရီးယဲလ်မက်ဒရစ် - ဆဲလ်တာဗီဂို
**နံနက် ၀၀း၄၅ (၂၈-၈-၁၆)**

ဆဲလ်တာဗီဂိုက အသင်းကောင်း တစ်သင်းဖြစ်သလို ဒီပွဲမှာရလဒ်ကောင်းမွန်နိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း ရီယဲလ်မက်ဒရစ်ရဲ့ အိမ်ကွင်းအားကိုတော့ အသာရဖို့ခက်ပါတယ်။ ရီးယဲလ်ဟာ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်သလို အိမ်ကွင်းဖြစ်တာကြောင့် အမှားခံမှာ မဟုတ်ပါဘူး။ ဆဲလ်တာဗီဂိုရဲ့ခံကစားအားကြောင့် ဂိုးပြတ်ဖို့မသေချာပေမယ့် ရီးယဲလ်ပဲအနိုင်ရသွားနိုင်ပါတယ်။

### အလာဗက်စ် - ဂီဂျွန်
**ည ၁၀း၄၅ (၂၈-၈-၁၆)**

အလာဗက်စ်ဟာ အိမ်ကွင်းပထမဆုံး ပွဲစဉ်မှာ ရလဒ်ကောင်းမွန် ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ အလာဗက်စ် ခြေစွမ်းပိုင်းက သာမန်သာရှိပေမယ့်လည်း အိမ်ကွင်းအားနဲ့ဖိအားပေးကစား လာမယ်ဆိုရင် ဂီဂျွန်တို့ အခက်တွေ့နိုင်ပါတယ်။ ဂီဂျွန်ခြေကလည်း သာမန်သာရှိခဲ့တာကြောင့် ဒီပွဲစဉ်မှာ အလာဗက်စ်တို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

### အိုဆာစူနာ - ဆိုစီဒက်
**ည ၁၀း၄၅ (၂၇-၈-၁၆)**

အိုဆာစူနာဟာ အဖွင့်ပွဲမှာ မာလာဂါကိုအဝေးကွင်းမှာသရေ ကစားနိုင်ခဲ့တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရရှိရေးအားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဒါပေမယ့် ဆိုစီဒက်ကလည်း အသင်းကောင်းတစ်သင်းဖြစ်သလို အိုဆာစူနာရဲ့အိမ်ကွင်းအားကို တုန့်ပြန်ကစားနိုင်တဲ့ခြေစွမ်း မျိုးပိုင်ဆိုင်ထားပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် အသင်းလိုက်စုဖွဲ့မှု ပိုကောင်းတဲ့ ဆိုစီဒက်ကပ်နိုင်မယ်။

### လီဂါနက်စ် - အက်သလက်တီကို
**နံနက် ၂း၄၅ (၂၈-၈-၁၆)**

တန်းတက်အသင်း ဖြစ်နတဲ့လီဂါနက်စ်ဟာ အိမ်ကွင်းပထမဆုံးပွဲစဉ်မှာရလဒ်ကောင်းမွန်နိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း အက်သလက်တီကိုလိုအသင်းကိုတော့ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ အက်သလက်တီကိုဟာ အသင်းလိုက်ကစားပုံလည်း ကောင်းမွန်မှုရှိကာ တိုက်စစ်ပိုင်းမှာလည်း ကစားသမားကောင်းတွေ အများအပြားရှိနေတာကြောင့် လီဂါနက်စ်ကိုပိုမိုဖိအားပေးကစားသွားနိုင်မှာပါ။

### ဘီဘာအို - ဘာစီလိုနာ
**နံနက် ၀၀း၄၅ (၂၉-၈-၁၆)**

ဘာစီလိုနာရဲ့ခြေစွမ်းပိုင်းကကောင်းမွန်မှု အပြည့်ရှိပါတယ်။နေ မာမပါဝင်နိုင်ခဲ့ပေမယ့် ဆွာရက်ဇ်၊ မက်ဆီတို့ ခြေစွမ်းပြနိုင်ခဲ့မှုကြောင့် အဖွင့်ပွဲစဉ်မှာ ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ထိုးဖောက်ကစားပုံရော ကွင်းလယ်ကစားပုံပါ ကောင်းမွန်နေတာကြောင့် ဘီဘာအိုရဲ့ အိမ်ကွင်းအားကိုဘာစီလိုနာတို့ ထိန်းချုပ်နိုင်ဖို့ရှိပါတယ်။ ဘီဘာအိုအိမ်ကွင်းဖြစ်ပေမယ့် ဘာစီလိုနာပဲအနိုင်သေချာနေတယ်။

### ဗီလာရီးယဲလ် - ဆီဗီးလ်
**နံနက် ၂း၄၅ (၂၉-၈-၁၆)**

အဖွင့်ပွဲစဉ်မှာ ဆီဗီလာရဲ့ခြေစွမ်းပိုင်းကကောင်းမွန်မှုအပြည့်ရှိ ခဲ့ပါတယ်။ ခံစစ်ပိုင်းက အားနည်းမှုတွေရှိခဲ့ပေမယ့်လည်း တိုက်စစ်ပိုင်းကစားပုံအထူးကောင်းမွန်ခဲ့ပါတယ်။ ဗီလာရီးယဲလ်ကတော့ အဖွင့်ပွဲမှာ ဂရန်နာဒါကိုတောင်ခြေစွမ်းအသာစီးနဲ့ကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း ဒီပွဲကဗီလာရီးရဲရဲ့အိမ်ကွင်းဖြစ်သလို ဗီလာရီးရဲအနေနဲ့ လည်းနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ကာ ဆီဗီလာကလည်း အဝေးကွင်းခြေကျတတ်တာကြောင့် ဗီလာရီးယဲလ် သရေလောက်တော့မျှော် လင့်နိုင်ခြေရှိပါတယ်။

## လာလီဂါ သတင်းတိုများ

ဘာစီလိုနာကစားသမား မာရှေယာနိုသည် တံကောက်ကြောဒဏ်ရာရရှိထားခြင်းကြောင့် စက်တင်ဘာလရောက်မှ အသင်းတွင် ပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

တံကောက်ကြောဒဏ်ရာရရှိထားခဲ့သည့် ရီးယဲလ်မက်ဒရစ်ကစားသမား ကိုအန်ထရာအိုသည် လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် လေ့ကျင့်ရေးပြန်ဆင်းနိုင်ပြီဖြစ်ပြီး အသင်းနှင့် အတူ ပြန်လည်ပွဲထွက်လာဖွယ်ရှိကြောင်းသိရသည်။

မာလာဂါကစားသမား ဆန်တာခရုဇ်သည် ဒူးဒဏ်ရာရရှိထားခြင်းကြောင့် အသင်းတွင် ပြန်လည်ပါဝင်လာမည့်အချိန် မသိရသေးဘဲ ကာလကြာရှည်အနားယူရဦးမည် ဖြစ်ကြောင်းသိရသည်။

ဗလင်စီယာအသင်း၏ အားထားရသည့် ကစားသမား မူစတာဖီအား အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဗလင်စီယာအသင်းအနေဖြင့် ရောင်းချမည်မဟုတ်သည့်အပြင် ကစားသမားကိုယ်တိုင်ကလည်း ဗလင်စီယာအသင်း၌သာ ဆက်နေမည်ဟုဆိုသည်။


လာလီဂါပွဲစဉ်(၁)၏ အကောင်းဆုံးကစားသမားငါးဦးစာရင်းကို Sport 360 က ထုတ်ပြန်ခဲ့ရာ အဆိုပါကစားသမားများမှာ ဘာစီလိုနာတိုက်စစ်မှူး ဆွာရတ်ဇ်၊ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၊ ဆီဗီလာကွင်းလယ်ကစားသမား ဆာရာဘီယာ၊ အက်စ်ပန်ညိုဂိုးသမား ရောဘတ်တိုဂါဂိုနှင့် ဆီဗီလာကွင်းလယ်ကစားသမား ဖရန်ကိုဗက်ကွက်ဇ်တို့ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက ပေါင်သန်း ၆၀ ကျော်ဖြင့် ခေါ်ယူထားခဲ့သည့် ကိုလံဘီယာကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ၎င်းအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာနိုင်ကြောင်းပြောကြားခဲ့သည်။ ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ချယ်လ်ဆီးအသင်းက ခေါ်ယူရန်ချိတ်ဆက်မှုများရှိခဲ့ပြီး ကိုလံဘီယာကစားဖော် ဂိုးသမား ဒေးဗစ်အိုစပီနာကလည်း အာဆင်နယ်သို့ ပြောင်းရွှေ့ကစားရန် တိုက်တွန်းထားသည်။

**(ငွေကြယ်)**

# သီပေါရဲ့ပါဝါ၊ စိန်ပေဒါရဲ့အနုပညာနှင့် ဂေါဝိန်ဆိပ်ကမ်းမှလှိုင်းပုတ်သံ

မြို့လယ်ကမဏ္ဍပ် အရပ်မှာတဲ့...ကသိုလ်...
ကျောင်း ကြီးအိုအို...။
လက်ရန်းငယ်ပြို...။
ရှင်လူပျိုတည်ကထဲက...မိုးစိုလို့ရွဲ...တော့။
အရှေ့ကိုလျှောက်ပါလို့... အနောက်ကိုတဲ့ မျှော်
လိုက်ရင်...
တံခွန်တိုင်ရွှေကုက္ကားနဲ့ ဘုရား... လေးလေး...
ဘုရားလေးလေး...ဘုရားကိုမြင်။
စာပုလွေမောင်မှာ ပိုက်ပါလို့တဲ့...။
စာပုလွေ...ကိုယ်မှာပိုက်ပါလို့...။
ကျောင်းတော်ကိုတဲ့လိုက်မယ်ပြင်...။
ဘယ်စာ...မောင်သင်မတုံးရယ်လို့...။
ဘယ်စာကို ဘယ်နဝါ မောင်သင်မတုံးရယ်လို့...။
မေလေးကို သံချိုနှောလို့ရယ်...
ပြော လေးလေး ... ပြောလေး ... လေးပြောခဲ့ပါဦး။



**ခဲ** လှထွဋ်ဦး

ဆိုင်းဝိုင်းအတွင်းရှိ ပတ်လုံးများပေါ်မှာ သူ့လက်ချောင်းများက တရစပ်ပြေးလွှားနေသည်။ လက်ချောင်းကလေးများမှ ထွက်ပေါ်လာသံလား။ ပတ်လုံးများဆီမှ ထွက်ပေါ်လာတာလား ခွဲမရအောင် သူ့လက်သံနှင့် ပတ်လုံးသံစဉ်များက တစ်သားတည်းရှိနေသလို မင်္ဂလာပြောညွှန့်သီချင်းကလည်း သူ့အသံ၊ သူ့လက်သံနှင့် လိုက်ဖက်သည်ဟု ဆိုကြသည်။ ထိုသီချင်းရဲ့ အသံပိုင်ရှင်က မြန်မာ့သဘင်နယ်ပယ်တွင် အထူးထင်ရှားကျော်စောခဲ့သော ရွှာစားကြီးစိန်ပေဒါဖြစ်သည်။ သူကိုယ်တိုင်နှစ်သက်သဖြင့် ဆိုင်းဝိုင်းနှင့် အသုံးတော်ခံတိုင်း ကိုယ်တိုင်သီဆိုခဲ့သည့် သီချင်းတစ်ပုဒ်ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်မှသည် ယနေ့ထိ တစ်ဦးတစ်ယောက်၏ အမိန့်အာဏာ တစ်စုံတစ်ရာ ညွှန်ကြားမှုမပါဘဲ လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ကျန်ရစ်သည်။

**သံစဉ်များကြားတွင် မွေးဖွားလာသူ**

ဩဇာလွှမ်းမိုးမှုရှိသော အနုပညာရှင်တိုင်းမှာ ကိုယ်ပိုင်နည်းဟန်တွေရှိကြသည်။ လူတိုင်း အနုပညာတစ်ရပ်ကို ကြိုက်ပိုင်ခွင့်၊ ချီးကျူးပိုင်ခွင့်၊ ကဲ့ရဲ့ခွင့်ရှိသည်။ ထို့အတူ နှုတ်ဆိတ်နေကာ ကြိတ်ပြီးလေးစားခွင့်လည်းရှိသည်။ ဒါပေမယ့် ရှင်လူပျိုကတော့ဝါ မည်ရွေ့ မည်မျှစာသင်မယ်ဆိုတာ မေလေးကိုမပြောဘဲ နှုတ်ဆိတ်နေတာက ပြောမထွက်ရက်လို့လား၊ လွမ်းလို့လားမသိ။

စိန်ပေဒါကို ၁၈၈၂ ခုနှစ်မှာ မန္တလေးမြို့ ဆိုင်းဝင်းရပ်၌ မွေးဖွားခဲ့သည်။ ဖခင်က ဘုရင့်အသုံးတော်ခံ ဆိုင်းဆရာတစ်ဦးဖြစ်သည့် ရွှာစားကြီး ဆရာဖေ၊ မိခင်က သီချင်းကြီး၊ သီချင်းခံ၊ ယိုးဒယားပတ်ပျိုးစသည်တို့ကို သီဆိုနိုင်သည့်အပြင် မိကျောင်းတူရိယာကို ပိုင်နိုင်စွာတီးခတ်နိုင်သည့် နန်းတွင်းသူ ဒေါ်မမလေး။ (မြန်မာ့ စွယ်စုံကျမ်း အတွဲ၄-စာ ၆၇) မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီး ခရစ်နှစ် ၁၈၇၈ ခုနှစ်မှာ အသက် ၂၀ အရွယ်နှင့် သီပေါမင်းနန်းတက်လာပြီး နောက်လေးနှစ်အကြာမှာ မွေးဖွားလာသူမို့ သီပေါမင်းနှင့် ၂၄ နှစ်ငယ်သည်။ သီပေါမင်းနန်းတက်ပြီးနောက် နန်းတွင်းရေး၊ ဟိုအရေး၊ ဒီအရေးတွေနဲ့ ဗျာများနေချိန်မှာ ငှက်ပျောပင်စိုက်  မိလိုက်ဖပါဆိုသလို စိန်ပေဒါ ငယ်နာမည် မောင်ကလေး (ဇာတာထဲမှာ သောကြာသားမို့ မောင်သာလှိုင်ဟု အမည်ပေးထားသည်) ကတော့ပလွေ၊ စောင်း၊ နှဲ၊ မိကျောင်း၊ ပတ္တလား၊ တယောနှင့် အနုပညာအတွေးတွေ၊ သံစဉ်တွေကြားမှာမွေးဖွားကြီးပြင်းခဲ့လေပြီ။

မင်းမှုထမ်းဟူသည် ကမ်းနားကသစ်တစ်ပင်ဟု ဆိုပါက မင်းမှုထမ်းတို့၏ ဧကရာဇ်ဖြစ်သူဘုရင်က ဒီရေလမ်းက ရေမျောကမ်းတင်သစ်တစ်ပင်ပါလားဟု ပုဂ္ဂလိကဆန်ဆန်တွေးပစ်လိုက်သည်။ သီပေါဘုရင် နန်းစံခုနစ်နှစ်အကြာ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ အဆုံးအဖြတ်ဖြင့် နယ်ချဲ့တို့၏ နန်းချမှုကိုခံလိုက်ရသည်။ ၁၈၈၅ ခုနှစ်နိုဝင်ဘာ ၂၈ ရက်ညနေခင်း။ စုဖုရားလတ်နှင့်အတူ သမီးတော်နှစ်ပါး၊ အခြွေအရံများအပါအဝင် သီပေါဘုရင်နှင့် တစ်ဖွဲ့လုံးကို သူရိယသဘော်ပေါ်သို့ ခေါ်ဆောင်တော်မူခဲ့လေပြီ။

နေရောင်လေးမှိန့်တမှိန်မို့ အင်္ဂလိပ်စစ်သားတစ်ဦးက မီးအိမ်ကလေးပြရှာသည်။ သူရိယသဘော်ရဲ့ ကုန်းပေါင်ပေါ်ကို စုဖုရားလတ်လှမ်းအတက် အင်္ဂလိပ်စစ်သားတစ်ဦးက စိုးရိမ်စွာနဲ့တွဲခေါ်ဖို့ လက်ကိုကမ်းပေးသည်ကို အတွဲမခံဘဲ လက်ကိုပုတ်ချခဲ့သည်မို့ ဧကရာဇ်မိဖုရားတစ်ဦးရဲ့ မာန်၊ တော်ဝင်အမျိုးသမီးတစ်ဦးရဲ့ ဂုဏ်သိက္ခာနဲ့ မာနတွေက ကြက်သီးနွေးလေးထသည်အထိ လေးစားမိသည်။

**မြန်မာဆိုင်းတော်သားများကိုသီပေါမင်းခေါ်ယူ**

သီပေါဘုရင်အကျဉ်းစံဘဝမှာ တစ်ချိန်က အာဏာတွေ၊ ပါဝါတွေကို လွမ်းချင်လွမ်းမည်။ ဒါပေမယ့် စိန်ပေဒါကတော့ ပညာရှင်တို့ထံမှ ပညာတွေကိုသာ ကောက်သင်းကောက်နေသည်ဟု ဆိုနိုင်သည်။ ဒီလိုနှင့်ပင် အလွန်ပြည့်သောအိုးတစ်အိုးအဖြစ် ဘောင်ဘင်ခတ်ခြင်းငှာမရှိတော့။ သိလျှင်သိ၏။ မသိလျှင် မသိဟု မှန်ရာကို ဝန်ခံပြောဆိုသည်။ မသိသော သီချင်းကို တတ်ယောင်ကားမလုပ်ဘဲ မသိသိရအောင်ရှာဖွေ၍ သင်ယူနေပြီဖြစ်သည်။

သီပေါဘုရင်နန်းကျပြီးတော့ အိန္ဒိယနိုင်ငံ ဘုံဘေပြည်နယ် ရတနာဂီရိမှာ စံတော်မူရသည်။ အရှေ့မှာ နေနေ၊ အနောက်မှာနေနေ ကိုယ့်အိမ်ကိုယ့်နေရာကသာ အကောင်းဆုံးဆိုတော့ ထီးအရိပ်ကိုလည်း သတိရမှာသေချာသည်။ နန်းရဲ့အငွေ့အသက်တို့ကိုလည်း တမ်းတမိမှာသေချာသည်။

မည်သို့ဆိုစေ ၁၈၈၅ ခုနှစ်ပါတော်မူပြီး ၂၅ နှစ်အကြာ ၁၉၁၀ ခုနှစ်မှာ စံတော်အိမ်သစ်ကြီးပြီးတော့ မန္တလေးမြို့ကိုသတိရရှာသည်။ အနုပညာ သမားတွေကို လွမ်းရှာသည်။ ထို့ကြောင့်ပင် မြန်မာတို့၏ ဇာတိပုညဂုဏ်မာနကို ပွဲထုတ် ချင်ဟန်ရှိသည်။ သီပေါမင်းနှင့်စုဖုရားလတ် တို့၏ တိုက်သစ်မင်္ဂလာကျင်းပဖို့ မန္တလေးမြို့ရှိ မြန်မာဆိုင်းတော်သားတို့ကိုခေါ်ယူရန် စေလွှတ်လေတော့သည်။

ရတနာဂီရိစံမင်းတရားကြီးရဲ့ ပွဲသဘင်ပေမို့ မန္တလေးမြို့မှာရှိတဲ့ စိန်ပေဒါဆိုင်းဝိုင်းက အဖွဲ့ဝင် ၂၀ ကျော်နှင့် စောင်းဆရာဒေဝဣန္ဒာ မောင်မောင်ကြီးအပါအဝင် အနုပညာရှင် ၈၀ ကျော်တို့ ရတနာဂီရိသို့ ရောက်ရှိခဲ့ရလေပြီ။ ရတနာဂီရိစံအိမ်တော်တွင် စိန်ပေဒါက သပြေခံနှင့် ဖောင်လား၊ ဖောင်ငင်၊ ဖောင်ဆိုက် အစရှိသော ကြိုး၊ သီချင်းများဖြေဖျော်ရာ သီပေါမင်းခဗျာ အကျဉ်းစံဘဝကို မေ့ပျောက်သွားသည်အထိ လွန်စွာနှစ်ခြိုက်တော်မူလေသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသို့ မပြန်မီ သီပေါမင်းက စိန်ပေဒါအား "နေမျိုးဗလကျော်သူ" ဟူသော ရွှာစားဘွဲ့တံဆိပ်တော်နှင့်တကွ ရွှေသိုင်းအလံ လေးချက်၊ ဖန်အိုး(ဖန်ပန်းတိုင်း) တို့ကို ချီးမြှင့်ပေးသနားလေသည်။ (စွယ်စုံကျမ်း၊ စောင်း-တူ-စာ ၆၈) အကျဉ်းစံတစ်ဦး၏ ဘဝတွင် ပါဝါတွေ၊ အာဏာတွေမရှိသော်လည်း သွေးကစကားပြောလာသည်မို့ စေတနာ၊ မေတ္တာတွေက တားဆီး၍မရအောင် ယိုဖိတ်ခဲ့သည်ဟု ဆိုနိုင်သည်။

၁၉၁၁ ခုနှစ်မှာလည်း သမီးတော်များ နားထွင်းမင်္ဂလာပွဲကို အခေါ်လွှတ်၍ စိန်ပေဒါသည် ရတနာဂီရိ သို့ ဒုတိယအကြိမ်ရောက်ရပြန်လေသည်။ ဒီတစ်ခေါက်တော့ ဆရာစိန်ကြီးခေါ်၍လား၊ ဆရာကတော်က အတင်းလိုက်ချင်၍လား မပြောတတ်။ ဇနီးဖြစ်သူ မစိန်မေလည်း လိုက်ပါသွားခဲ့သည်။ တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာဆိုသည့်အတိုင်း စေတနာမေတ္တာတို့ ရောင်ပြန်ဟပ်သလို ဒီတစ်ခေါက်မှာတော့ စိန်ပေဒါက သီပေါမင်း သဘောကျတဲ့ တိုးနရားရုပ်ကြီးကိုပါ ယူဆောင်သွားကာ ရှေ့တော်တွင် ကပြအသုံးတော်ခံခဲ့သည်။ ဒါ့အပြင် စိန်ပေဒါကလည်း ခေသူမဟုတ်။ ဗုဒ္ဓဂယာသို့သွားကာ မဟာဗောဓိပင်ကိုတောင် သွားရောက် ဖူးမြော်လိုက်သေးသည်။

မန္တလေးမြို့ကို ပြန်ရောက်တော့ ရွှာစားကြီး စိန်ပေဒါကို ဘုရင်မင်းမြတ်က ချီးမြှင့်မြောက်စားသည်ဆိုသော သတင်းကောင်းမင်္ဂလာမှာ မန္တလေးတစ်မြို့လုံးသာမက မိုးမြေတစ်ခုလုံး သိမ့်သိမ့်တုန်စေခဲ့လေပြီ။ ယခုတော့ ဘုရင်သီပေါမင်းလည်း ၁၉၁၆ ခုနှစ်တွင် နတ်ရွာစံခဲ့သလို ရွှာစားကြီး စိန်ပေဒါလည်း ၁၉၄၂ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီဖြစ်သည်။

မန္တလေးမြို့ကို မကြာခဏရောက်ဖူးသည်။ ထွက်တော်မူ နန်းကခွာခဲ့သည့် အနောက်ပြင်ကိုလည်း ရောက်ဖူးသည်။ ဂေါဝိန်ဆိပ်ကမ်းကိုလည်း ရောက်ဖူးသည်။ နန်းကျဘုရင် သီပေါတို့ ထွက်ခွာရာလမ်းကိုလည်း လျှောက်ဖူးသည်။ ဌာနဆိုင်ရာဝန်ထမ်းဘဝတုန်းက မန္တလေးမြို့ရှိ မြို့နယ်ပြန်ကြားရေးရုံးခွဲကလေးက အဲဒီလမ်းမှာမို့ မကြာခဏ ရောက်ခဲ့ခြင်းဖြစ်သည်။

မန္တလေးရောက်တိုင်း မဟာမြတ်မုနိဘုရားကို ဖူးမြော်သည်။ ခြင်္သေ့ကြီးနှစ်ကောင်ကြားကိုဖြတ်သန်းကာ မန္တလေးတောင်ကို တက်ကြသည်။ မြွေကြီးနှစ်ကောင်အကြောင်း ရုံးက ကောင်မလေးတစ်ယောက်ကို မသိသလို ပြန်ပြန်မေးရတာ ပျော်စရာဖြစ်သည်။ ဦးပိန်တံတားအောက်မှာ တောင်သမန်အင်းထဲက ငါးလတ်လတ်ဆတ်ဆတ်ကြော်တွေကိုလည်း စားကြသည်။ ညနေဘက် ဂေါဝိန်ဆိပ်ကမ်းဘက်ကို မန္တလေးရုံးက ခင်မင်ရင်းစွဲရှိနေတဲ့ ဒေသခံစာရေးမလေးနဲ့  လမ်းလျှောက်ရင်း စကားတွေ ဖောင်ဖွဲ့ခဲ့ကြဖူးသည်။ ဝင်လုဆဲဆဲနေလုံးကြီးကိုကြည့်ပြီး အလွမ်းတွေများ ရင်ထဲကထွက်လာလေမလားလို့ ဖျစ်ညှစ်ထုတ်ဖူးသည်။

ထွက်ခွာသူတွေက ထွက်ခွာသွားပြီ။ ကျန်ရစ်သူတွေလည်း ကျန်ရစ်သည်။ ငါလည်း ဘယ်တော့ထွက်ခွာမလဲဆိုတာ တွေးကြည့်တော့ ချစ်သူခင်သူတွေကို လွမ်းသလိုရှိခဲ့သည်။ ဘေးမှာရှိနေတဲ့ ကောင်မလေးကိုတော့ နီးနီးနားနားမို့ အလွမ်းဆုံးဖြစ်သည်။ နေလုံးကြီးဝင်တော့မှ ကျွန်တော်တို့ပြန်ကြသည်။

ဧရာဝတီမြစ်ကမ်းဆီမှ တစ်ချက်တစ်ချက်ကြားရတဲ့ လှိုင်းပုတ်သံများက သီပေါဘုရင်နဲ့ စုဖုရားလတ်ကို နှုတ်ဆက်ခဲ့ဖူးသလား။ ရွှာစားစိန်ပေဒါကို ဂုဏ်ပြုခဲ့ဖူးသလား မသိနိုင်ပေမယ့် ကျွန်တော်နဲ့ မန္တလေးသူရဲ့ရင်ကို ပိုခုန်စေခဲ့တာတော့ အမှန်ဖြစ်သည်။ မည်သို့ဆိုစေ ညနေခင်းလေညင်းက သယ်ယူလာတဲ့ သနပ်ခါးရနံ့ သင်းပျံ့ပျံ့က ခုထိလတ်ဆတ်နေဆဲ၊ ဂေါဝိန်ဆိပ်ကမ်းဘက်ဆီမှ လှိုင်းပုတ်သံတို့ကိုလည်း အခုအထိ ကြားယောင်ဆဲဖြစ်သည်။

> အလွန်ပြည့်သောအိုးတစ်အိုးအဖြစ်ဘောင်ဘင်ခတ်ခြင်းငှာမရှိတော့။ သိလျှင်သိ၏။ မသိလျှင် မသိဟု မှန်ရာကို ဝန်ခံပြောဆိုသည်။ မသိသောသီချင်းကို တတ်ယောင်ကားမလုပ်ဘဲ မသိသိအောင် ရှာဖွေ၍ သင်ယူနေပြီ . . .

## နိုင်ငံတကာဂီတပညာရှင် ၉၅ ဦး ပါဝင်သော အကြီးမားဆုံးသံစုံဂီတပွဲတော် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် ဖျော်ဖြေမည်

**မန္တလေး ဩဂုတ် ၂၄**

ထိုင်းနိုင်ငံမှ Thai Philharmonic Orchestra သံစုံတီးဝိုင်း၏ နိုင်ငံတကာဂီတပညာရှင် ၉၅ ဦးပါဝင်သော အကြီးမားဆုံး သံစုံဂီတဖျော်ဖြေပွဲတော်ကို ဩဂုတ် ၂၆ ရက်တွင် ရန်ကုန် အမျိုးသားကဇာတ်ရုံ ဩဂုတ် ၂၇ ရက်တွင် ညနေ ၇ နာရီတွင် မန္တလေးအမျိုးသားပြဇာတ်ရုံနှင့် ဩဂုတ် ၂၉ ရက်တွင် နေပြည်တော်ကုန်သွယ်မှုစင်တာတွင် အခမဲ့ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

Thai Philharmonic Orchestra သံစုံတီးဝိုင်းတွင် နိုင်ငံတကာမှဂီတပညာရှင် ၉၅ ဦးက ၁ နာရီခွဲကြာ အစီအစဉ်များဖြင့် တီးခတ်သွားမည်ဖြစ်ရာ နိုင်ငံတော်သီချင်းကို ပထမဆုံး တီးခတ်ဂုဏ်ပြုမည်ဖြစ်သည်။ အထူးဖျော်ဖြေမှုအနေဖြင့် ကမ္ဘာကျော် LUDWIG VAN BEETHOVEN Music Piano နှင့် PYOTR ILYCH TCHAIKOVSKY တို့၏ တေးဂီတနှစ်ပုဒ်လည်း ပါဝင်တီးခတ်သွားမည်ဖြစ်ပြီး အဓိကဂီတမှူး Gudni A.Emilson၊ ကမ္ဘာကျော် စန္ဒယားဆရာ Oliver Kern တို့မှလည်း ဖျော်ဖြေကြမည်။

အဆိုပါ သံစုံဂီတပွဲတော်ကို မြန်မာနိုင်ငံဆိုင်ရာဂျာမန်ယဉ်ကျေးမှုဌာန၊ ဂျာမနီသံရုံးနှင့် တော်ဝင်ထိုင်းသံရုံးတို့မှ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ပြီး ထိုင်းဘုရင်မင်းမြတ်၏ နှစ်(၇၀)မြောက်ထီးနန်း ရရှိခြင်းအထိမ်းအမှတ်နှင့် ယခုနှစ် ဩဂုတ် ၁၂ ရက်က ကျရောက်သည့် ထိုင်းဘုရင်မ၏ (၈၄) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်ဖြင့် ဖျော်ဖြေခြင်းဖြစ်ကြောင်းသိရသည်။ (၀၀၂)





## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**မော်လိုက် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင်းရှိ ပြည်သူများ မော်တော်ဆိုင်ကယ်အသုံးပြုမှုများလာသည့်နှင့်အမျှ ယာဉ်မတော်တဆတိမ်းမှောက်မှုများ၊ ထိခိုက်ဒဏ်ရာရမှုများလာပြီး အများစုမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်းများကြောင့် မလိုလားအပ်သည့် အသက်အန္တရာယ်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းစေရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး ဦးဆောင်၍ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းကို ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီတွင် မော်လိုက်မြို့ လူစည်ကားရာနာရီစင်၌ ပြုလုပ်ခဲ့သည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် မော်တော်ဆိုင်ကယ်အသုံးပြုသူများအား ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပို၍ မစီးရန်၊ ဆိုင်ကယ်ဘက်မှန်တပ်ဆင်ထားရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာမောင်းနှင်ကြရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်းနှင့် ယင်းအသိပညာပေးလုပ်ငန်းကို တစ်ပတ်တိတိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကာလတွင် မော်တော်ယာဉ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ ကျေးလက်ဒေသများအထိ ကွင်းဆင်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းကျဆင်းရေးဆိုင်ရာများ အသိပညာပေး

**မိုးကုတ် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှု၊ နယ်မြေခန်းမှူးများ၏ အနီးကပ်ကြီးကြပ်မှုတို့နှင့်အတူ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းလုံခြုံရေးတို့အတွက် ရက် ၁၀၀ စီမံကိန်းချမှတ်ကာ ရဲတပ်ဖွဲ့လုပ်ငန်းစဉ်များအား မြို့နယ်အတွင်းရှိ ကျေးရွာများအထိကွင်းဆင်း၍ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ အသိပညာတိုးပွားကာ မှုခင်းများကျဆင်းရေးအတွက် ရည်ရွယ်၍ ကျပ်ပြင်နယ်မြေရဲစခန်းမှ ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က မိုးကုတ်မြို့ ကျောက်ဆင်ကျေးရွာအုပ်စု ဘော်မားကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မိုးကုတ်မြို့နယ် ကျပ်ပြင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဝင်းအောင်က မှုခင်းဖြစ်စဉ်များအားလည်းကောင်း၊ လူမှုပတ်ဝန်းကျင်နှင့် အင်တာနက်ကွန်ရက်တို့မှတစ်ဆင့် လူမှောင်ခိုကူးမှု၊ လူကုန်ကူးမှုဖြစ်စဉ်များအားလည်းကောင်း၊ မူးယစ်ဆေးဝါးမှုခင်းဖြစ်စဉ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအကြောင်းနှင့် မော်တော်ယာဉ်များအား စည်းကမ်းမဲ့စွာ ရပ်နားမောင်းနှင်မှုများ၊ ယင်းအကြောင်းအရင်းများကြောင့် ယာဉ်တိုက်သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံများအားလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြသကာ အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ဟောပြောပွဲသို့တက်ရောက်လာသူများက မြို့နယ်အတွင်းရှိ ယာဉ်ကြောပိတ်ဆို့သည့်နေရာများနှင့် မှုခင်းများ၊ မူးယစ်ဆေးဝါးပြဿနာများနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းခဲ့ကြရာ ကျပ်ပြင်နယ်မြေစခန်းမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ကျပ်ပြင်နယ်မြေစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

## ကောလင်းမြို့နယ် မြစိမ်းရောင်စီမံကိန်းကျေးရွာများ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်

**ကောလင်း ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာပေါင်း ၃၅ ရွာအား မြစိမ်းရောင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေလျက်ရှိရာ အဆိုပါကျေးရွာများသို့ ကသာခရိုင် ကျေးလက်ဒေသဦးစီးဌာနနှင့် ကောလင်းမြို့နယ်ကျေးလက်ဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြစိမ်းရောင်စီမံကိန်းရွာတွေကို လာရောက်စစ်ဆေးပေးတာကောင်းတယ်။ စစ်ဆေးကြတာကတော့ စာရင်းဇယားရေးသွင်းမှု မှန်ကန်ခြင်းရှိ-မရှိနဲ့ ရန်ပုံငွေက ချေးငွေအဖြစ်ဆောင်ရွက်တဲ့လုပ်ငန်းတွေပါ။ စစ်ဆေးရေးအဖွဲ့က လိုအပ်ချက်တွေလည်း သင်ပေးပါတယ်။ အခုဆိုရင် စစ်ဆေးရေးအဖွဲ့က သင်ကြားပေးတဲ့အတွက် အတိုးတွက်ချက်နည်းနဲ့ အတိုးကောက်ယူတဲ့အခါ သတ်မှတ်လအတွင်း အချိန်မီကောက်ယူနိုင်တာကြောင့် ဘဏ်ကိုလည်း အချိန်မီသွင်းနိုင်ပါတယ်။ ထပ်မံရရှိလာမယ့်အတိုးတွေကို အသင်းသားတွေချေးပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု မြစိမ်းရောင်ကော်မတီဝင်တစ်ဦးကပြောသည်။

ယခုအခါ မြစိမ်းရောင်စီမံကိန်းကျေးရွာပေါင်း ၃၅ ရွာတွင် ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိဏ်းမော် ဦးဆောင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဩဂုတ် ၁ ရက်မှ ၁၀ ရက်ထိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျန်ရှိသော ကသစ်ကုန်း၊ ဇီးကုန်း၊ ညောင်ကုန်း၊ ချပ်ကုန်း၊ ယွန်းအို၊ ချောင်းနား၊ မိုးနှံ၊ ညောင်ပင်သာ၊ ကိုင်းဝန်း၊ ထိန်အင်း၊ အောက်သီတရာ၊ ခေါ်တော၊ ဆင်းဝေါင်း၊ အောက်ကလုံး၊ ဆပ်သွားကျင်း စသည့် ကျေးရွာ ၁၅ ရွာအား မြို့နယ်ဦးစီးမှူး ဦးသောင်းမြင့် ဦးဆောင်သော ဝန်ထမ်းများသည် ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်ထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းလှုမင်း**

## ရိဒ်ရေကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ပြုလုပ်

**ရိခေါဒါရ် ဩဂုတ် ၂၄**

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့အနီး သဘာဝအလျောက် တောင်ကုန်းပေါ်တွင်တည်ရှိသည့် ထူးခြားအံ့ဖွယ် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန် ပိုမိုသာယာလှပရေးအတွက်ရည်ရွယ်လျက် ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုး၏ ဦးဆောင်မှုဖြင့် ရိဒ်ရေကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲခန့်က ရိဒ်ရေကန်၏ကမ်းစပ်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ငါးမွေးမြူရေးဦးစီးဌာနမှူး ဦးခင်ထွန်းတို့က ငါးမျိုးများကို စိုက်ထည့်ပေးပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့်အတူ မြို့ပေါ်လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်း ၁၅၀ ခန့်က ငါးမျိုးများကို အသီးသီးစိုက်ထည့်ပေးကြသည်။

အဆိုပါငါးမျိုးများကို ကလေးမြို့နယ်မှ ငါးမျိုးစိတ်သုံးမျိုးကိုသယ်ယူကာ ရိဒ်ရေကန်အတွင်း စိုက်ထည့်ပေးခြင်းဖြစ်ပြီး ထိုင်းငါးခုံးမကောင်ရေ ၁၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၊ ရွှေဝါငါးမျိုး ၃၀၀၀၀ စုစုပေါင်းငါးကောင်ရေ ၅၀၀၀၀ အား ရိဒ်ရေကန်အတွင်း စိုက်ထည့်ထားခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ အမှတ်သင်္ကေတဖြစ်သည့် ရိဒ်ရေကန်ကြီး ဆက်လက်ရှင်သန်လျက် ပိုမိုလှပစေရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ခရိုင်ငါးမွေးမြူရေးဦးစီးဌာနမှူးထံမှ သိရသည်။

**ချင်းတွင်းသား**



# ခွေးရူးရောဂါသမိုင်းကြောင်း

## ဒေါက်တာခင်စန်းမော်

လူနှင့် သက်ရှိသတ္တဝါတို့၏ ကျန်းမာရေးကဏ္ဍတွင် "တိရစ္ဆာန်များမှလူကိုကူးစက်တတ်သည့် ရောဂါများသည် အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်နေသဖြင့် ပေါ့ပေါ့တန်တန် သဘောမထားသင့်ပေ။ အဘယ်ကြောင့် ဆိုသော် ဤရောဂါများသည် လူတို့၏ ရှင်သန်နေသော ဘဝများ၌ အသေးအမွှားပြဿနာများသာမက ကျယ်ပြန့်စွာ ဆက်စပ်ဆင်ခြင်ရမည့် အခြေအနေများအထိ အကျိုးသက်ရောက်မှု ရှိနေသောကြောင့် ဖြစ်ပါသည်။

တိရစ္ဆာန်များမှ လူကိုရောဂါကူးစက်ခြင်းအား Zoonosis ဟု ခေါ်ပြီး တိရစ္ဆာန်များမှ လူကို ကူးစက်တတ်သည့် ရောဂါများအား Zoonotic Diseases ဟုခေါ်ပါသည်။

လူတို့၏ သမိုင်းကြောင်းကို ဆန်းစစ်လေ့လာကြည့်လျှင် လူနှင့် လူ့ပတ်ဝန်းကျင်၊ တောရိုင်းတိရစ္ဆာန်များနှင့် အိမ်မွေးတိရစ္ဆာန်များ၊ အစားအသောက်နှင့်ပတ်သက်၍ အန္တရာယ်ကင်းရှင်းမှု၊ လူထုကျန်းမာရေးရှုထောင့်၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးစသော မျက်နှာစာအမျိုးမျိုးကို Zoonotic Diseases များ၏ ခြိမ်းခြောက်ခြင်းကြောင့် အကြီးအကျယ် ပြောင်းလဲခဲ့ရသော အဖြစ်အပျက်များစွာရှိခဲ့ကြောင်း တွေ့ရပေမည်။

သာဓကအနေဖြင့် ဖော်ပြရသော် တိရစ္ဆာန်မှ လူကို ကူးစက်တတ်သည့် သန်ကောင်ရောဂါ၊ အရေပြားယားနာကဲ့သို့ အသေးအမွှားကိစ္စများရှိသလို ဆားစ် (Sars) ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ (Bird Flu) တို့ကဲ့သို့ တစ်ကမ္ဘာလုံး အုတ်အော်သောင်းတင်းဖြစ်ပြီး တပ်လှန့်နိုးဆော်ကာ မပြန့်ပွားအောင်ထိန်းချုပ်ခဲ့ရသော အကြီးအကျယ်ဖြစ်ရပ်များလည်း ရှိခဲ့ဖူးပါသည်။

ဤရောဂါများကို အဘယ်ကြောင့် ကာကွယ်တားဆီးရပါသနည်း။ ဖြစ်ပွားမှုနှုန်းလျော့ကျအောင် အဘယ်ကြောင့် ဆောင်ရွက်ရပါသနည်း။ အဖြေက ရှင်းပါသည်။ နောင်လာနောက်သားမျိုးဆက်သစ်တို့၏ လူနေမှုဘဝများမှာ ထိုရောဂါဝေဒနာများမခံစားရအောင်၊ အသက်မဆုံးရှုံးရအောင် ဆောင်ရွက်နေခြင်းသာ ဖြစ်ပေသည်။

ယခုခေတ်တွင် သမားရိုးကျ အိမ်မွေးတိရစ္ဆာန်များသာမက တိုင်းတစ်ပါးမှာသာရှိသော (Exotic Animal) တိရစ္ဆာန် အသစ်အဆန်းများကို အိမ်မွေးတိရစ္ဆာန်အဖြစ် မှာယူတင်သွင်းကာ မွေးမြူလာကြသည်။ နိုင်ငံရပ်ခြားတွင်လည်း တိရစ္ဆာန်မျိုးရိုးများကို လိုချင်သည့် အရည်အသွေးများရအောင် မျိုးရိုးဗီဇပေါင်းစပ်ခြင်း၊ မျိုးရိုးသစ်တည်ထောင်ခြင်းတို့လုပ်ဆောင်လာကြသဖြင့် တိရစ္ဆာန်အမျိုးအစား စုံလင်များပြားလာပေသည်။

ထို့အပြင် မွေးမြူရေးတိရစ္ဆာန်များ မွေးမြူထုတ်လုပ်ရာ၌ ထုတ်လုပ်မှုအပိုင်းမှာ အကောင်းဆုံးစံချိန်များ ရရှိလာအောင် အစာကျွေးသည့် နည်းလမ်းများကို ပြုပြင်ပြောင်းလဲခြင်း၊ မြိုင်ကာလတူညီအောင် ဟော်မုန်းများ အသုံးပြုခြင်း၊ ခေတ်မီနည်းလမ်းများစွာကို အသုံးပြုခြင်းတို့ကို ဆောင်ရွက်လာကြပါသည်။ ထိုသို့ ပြုလုပ်ခြင်းသည် ကိုယ်ခံအားလျော့နည်းသော၊ ရောဂါပိုးများကို ခံနိုင်စွမ်းရည်နည်းပါးသော တိရစ္ဆာန်များအဖြစ် ထုတ်လုပ်ရာ ရောက်ပါသည်။ နောက်ထပ် အကြောင်းအရာ တစ်ခုမှာ ပဋိဇီဝဆေးများ (Antibiotics)ကို ကြီးထွားနှုန်းအားပေးသော Growth Promoters များအဖြစ်တွင်ကျယ်စွာ အသုံးပြုလာကြခြင်းကြောင့် ပဋိဇီဝဆေးယဉ်သော တိရစ္ဆာန်များ တိုးပွားလာသဖြင့် ရောဂါပိုးများကို ခုခံနိုင်စွမ်းလျော့ကျလာသည်။

မျက်မှောက်ခေတ်တွင် မိသားစု၏ အဖော်မွန်အဖြစ် မွေးမြူကြသော အိမ်မွေးတိရစ္ဆာန်များသည်လည်းကောင်း၊ မွေးမြူရေးတိရစ္ဆာန်များသည်လည်းကောင်း တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် ရောဂါပိုးကူးစက်နိုင်သော အဓိက ဇာတ်ကောင်များအနေဖြင့် ပါဝင်ပတ်သက်ကြပါသည်။

တိရစ္ဆာန်မှ လူကို ကူးစက်တတ်သည့် ရောဂါပိုးများ၊ ကူးစက်ပုံနည်းလမ်းများ၊ ပြန့်ပွားပုံနည်းလမ်းများ အမျိုးမျိုးကွဲပြားခြားနားကြသော်လည်း ရောဂါပိုးကူးစက်ရန် အခွင့်အလမ်းများသည် အဓိကအုပ်စုများက လူ့အဖွဲ့အစည်းထဲမှာ ရှိနေသည်။

**ထိုအုပ်စုများမှာ-**

-တိရစ္ဆာန်များကို ကိုင်တွယ်၊ထိန်းကျောင်း၊ ကုသပေးရသူများ၊
-မွေးကင်းစ ကလေးငယ်များနှင့် နုနယ်ငယ်ရွယ်သော ကလေးများ၊
-အိုမင်းမစွမ်းဖြစ်နေသော၊ နာမကျန်းဖြစ်နေသော သူများ၊
-စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ လုပ်သားများ၊
-အစားအသောက်ထုတ်လုပ်သော လုပ်ငန်းများမှ အလုပ်သမားများ၊
-ခုခံအားနည်းသော ဝေဒနာရှင်များ၊
-ကိုယ်တွင်းအင်္ဂါအစားထိုးလဲလှယ်ထားရသူများ၊
-ကိုယ်ဝန်ဆောင်မိခင်များ ဖြစ်ကြသည်။

ခေတ်အဆက်ဆက် ပြောင်းလဲပြီး တိရစ္ဆာန်များမှ လူကိုကူးစက်နိုင်သည့် ရောဂါအသစ်အဆန်းများ မည်မျှပေါ်ထွန်းခဲ့သည်ဖြစ်စေ လူနှင့် တိရစ္ဆာန်တို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သော ရောဂါဆိုးကြီးတစ်ခုက မပြောင်းမလဲ ရှိနေပါသေးသည်။ ထိုရောဂါဆိုးကြီး၏ အမည်ကား "ခွေးရူးရောဂါ" ပင်ဖြစ်သည်။

ခွေးရူးရောဂါကို ဘီစီ ၂၀၀၀ ဝန်းကျင်ကတည်းက သိရှိခဲ့ကြသည်။ ခွေးရူးရောဂါအကြောင်းရေးသားခဲ့သည့် ပထမဆုံး မှတ်တမ်းမှာ ဘီစီ ၁၉၃၀ က မီဆိုပိုတေးမီးယား

> **ခွေးရူးရောဂါသည် Rhabdo ဟုခေါ်သော ကျည်ဆန်ပုံ ပိုင်းရပ်စ်ကြောင့် ဖြစ်ပွားရသောရောဂါဖြစ်ပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့ကို အဓိကတိုက်ခိုက်သည်။ ထိုပိုင်းရပ်စ်သည် လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးတို့အား ရောဂါကျရောက်စေသည်။**

Codex of Eshnunna အညွှန်းစာအုပ်ထဲတွင်ဖြစ်ပါသည်။ ထိုမှတ်တမ်းထဲ၌ ခွေးရူးရောဂါ လက္ခဏာများပြနေသည့် ခွေး၏ ပိုင်ရှင်သည် အကိုက်မခံရအောင် အကာအကွယ် အတားအဆီးလုပ်ထားသင့်သည်ဟုပါရှိသည်။ အကယ်၍ မိမိမွေးမြူထားသောခွေးက ခွေးရူးရောဂါဖြစ်ပွားပြီး အခြားလူတစ်ဦးတစ်ယောက်ကို ကိုက်မိသောကြောင့် ထိုလူသေဆုံးလျှင် ခွေးပိုင်ရှင်အား ကြီးလေးသော ဒဏ်ငွေပေးဆောင်စေသည်ဟု မှတ်တမ်းတင်ခဲ့သည်။

ထိုရှေးကျသော ခေတ်က ခွေးရူးရောဂါအကြောင်း ကောင်းစွာမသိခဲ့ကြသဖြင့် ရိုးရာဆေးဝါးများဖြင့်သာ ကုသခဲ့ကြသည်။ ရိုးရာဆေးဝါးများထဲ၌ ဟိုင်းဘီးနားခေါ် တောရိုင်းတိရစ္ဆာန်၏ အရေပြားကို အဝတ်စနှင့် အုပ်၍ အနာပေါ် အုံပေးခြင်း၊ လူ၏ ဦးခေါင်းရိုးပါဝင်သောဆေးဖော်ပြီး အနာကိုလိမ်းပေးခြင်းတို့ပါဝင်သည်။

၁၇၆၈ ခုနှစ်တွင် ဘော့စတွန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ခွေးရူးရောဂါသည် နှစ်အနည်းငယ်အတွင်း အခြားပြည်နယ်များသို့ ပျံ့နှံ့သွားပြီး နောက်ပြင်သစ်ပြည်နှင့် မြောက်အမေရိကတိုက်အထိ ရောက်ရှိသွားခဲ့သည်။ ၁၉ ရာစုအတွင်းက ခွေးရူးရောဂါ၏ကြောက်မက်ဖွယ်ကောင်းပုံကို ဘေးဆိုးကပ်ဆိုးတစ်ခုဟုပင် ယူဆခဲ့ကြသည်။ ထိုခေတ်တွင် ပြင်သစ်ပြည်နှင့် ဘယ်လ်ဂျီယံပြည်တို့၌ သူတော်စင် Saint Hubert ကို ရိုသေကိုင်းရှိုင်းကြသောကြောင့် စိန့်ဟူးဘတ်၏သော့ (St Hubert's key) ကို မီးပြင်းပြင်းနှင့်ဖုတ်ပြီး ခွေးကိုက်ခံရသော အနာကို ထိုသော့တံနှင့်ကပ်ကာ ကုသခဲ့ကြသည်။ ပဉ္စလက်ဆန်သော အတွေးအခေါ်ကို အသုံးပြုပြီး ခွေးရူးရောဂါ ကာကွယ်တားဆီးနိုင်အောင် ခွေးများအား သော့တံဆိပ်သံပူကပ်ပေးခြင်းကိုလည်း လုပ်ဆောင်ခဲ့ကြပေသည်။ ခွေးရူးရောဂါဖြစ်ပွားသည့် ခွေးများ၏ပုံစံသည်မသိသာမထင်ရှားသောကြောင့် ထိုရောဂါကိုကြောက်ရွံ့ခြင်းသည် ယုတ္တိမရှိဟု ယူဆပြီး ထိရောက်သော ကုသမှုလည်း မရှိခဲ့ပေ။ ခွေးရူးဟု သံသယဖြစ်သော ခွေးက ကိုက်လိုက်လျှင် ထိုလူသည် သူ့ကိုယ်သူ သတ်၍သေခြင်း သို့မဟုတ် အခြားသူများက ဝိုင်း၍ သတ်ဖြတ်ခြင်းဖြင့် ကိစ္စတုံးအောင် စီရင်ကြသည်။ ဤသို့ပြုလုပ်ခြင်းသည် လူဝီပါစတာ (Louis Pasteur) ခေါ် သိပ္ပံပညာရှင်ကြီးအဖွဲ့ စမ်းသပ်မှုများလုပ်ရန် အခွင့်အရေးများရရှိခဲ့သောကြောင့် ၁၈၈၅ ခုနှစ်တွင် "ခွေးကိုက်ခံရပြီးနောက် ထိုးရသော ကာကွယ်ဆေး"ကုထုံးကို တီထွင်နိုင်ခဲ့ပါသည်။ ရှေးခေတ်က ခွေးရူးရောဂါသည် လျှာမှစတင်ဖြစ်ပွားသည်ဟု ယူဆပြီး ခွေးရူးပြန်နေသော လူ၊ တိရစ္ဆာန်တို့၏ လျှာကို အရင်းမှ ဖြတ်တောက်ဖယ်ရှားသည့် နည်းလမ်းကို အသုံးပြုခဲ့ကြသည်။ ခွေးရူးရောဂါဖြစ်ပွားရသည့် အကြောင်းရင်းအမှန်ကို သိရှိရသောအချိန်မှစ၍ ရှေးဟောင်းကုထုံးများအားလုံး ရပ်ဆိုင်းသွားခဲ့သည်။

အကိုက်ခံရပြီးနောက် ထိုးရသော ကာကွယ်ဆေးအစီအစဉ်များနှင့် Immunoglobulin (ခွေးရူးရောဂါခုခံနိုင်သော စွမ်းအားအသင့်ပါဝင်ပြီး) ဆေးဝါးများပေါ်ထွန်းလာသော်လည်း ခွေးရူးရောဂါအပေါ် လူတို့၏ ကြောက်ရွံ့ထိတ်လန့်မှုမှာ လျော့ကျမသွားပေ။

အဘယ်ကြောင့်ဆိုသော် တစ်ကမ္ဘာလုံးရှိလူထုကျန်းမာရေးစနစ်များကို အစဉ်အမြဲ ခြောက်လှန့်နိုင်သည့် ကြောက်မက်ဖွယ်ရောဂါဆိုးကြီးတစ်ခု ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ခွေးရူးရောဂါဖြစ်ပွားပြီဆိုလျှင် ကုရာနတ္ထိဆေးမရှိဘဲ အသက်သေဆုံးကြရသည်။

တစ်ကမ္ဘာလုံးကိုခြုံ၍ကြည့်လျှင် နှစ်စဉ်နှစ်တိုင်း အကိုက်ခံရပြီးနောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးရသော လူဦးရေသည် ၁၀ သန်းခန့်ရှိပြီး ခွေးရူးပြန်ရောဂါကြောင့် အသက်ဆုံးရှုံးရသူများမှာ ၅၅၀၀၀ ခန့်ရှိနေသည်။ ထိုလူများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြပြီး အများစုသည် အာရှတိုက်နှင့် အာဖရိကတိုက်များမှ ဖြစ်ကြသည်။

ဗြိတိန်နိုင်ငံသည် ပထဝီအနေအထားအရ ကျွန်းစုနိုင်ငံဖြစ်နေသဖြင့် ခွေးရူးရောဂါကို အမြစ်ပြတ် သုတ်သင်ရှင်းလင်းခဲ့ခြင်း၊ ခွေးရူးရောဂါပိုးပါရှိသော တိရစ္ဆာန်များ မဝင်ရောက်နိုင်ရန် တင်းကျပ်စွာ ကာကွယ်တားဆီးထားခြင်းတို့ကြောင့် ခွေးရူးရောဂါကင်းစင်သော နိုင်ငံအဖြစ် ဘေးအန္တရာယ်ကင်းစွာ ရပ်တည်နေပေသည်။ ဥရောပရှိ နိုင်ငံအများစုတို့သည်လည်း ခွေးရူးရောဂါကင်းစင်သော နိုင်ငံများဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၉၀ ခုနှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူ လူဦးရေ ၅၅၀၀၀ မှ ၂၀၁၀ခုနှစ်တွင် ၂၆၀၀၀ သာရှိအောင် လျှော့ချနိုင်ခဲ့သည်။ ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသည် ခွေးရူးရောဂါကြောင့် သေဆုံးသူလူဦးရေ အများဆုံးနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးနိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ကာ ထိုင်းနိုင်ငံက တတိယအများဆုံး နိုင်ငံဖြစ်နေသည်။ မြန်မာနိုင်ငံသည်လည်း ခွေးရူးရောဂါအန္တရာယ် အများဆုံးနိုင်ငံများထဲတွင် ပါဝင်နေပါသည်။

ခွေးရူးရောဂါသည် Rhabdo ဟုခေါ်သော ကျည်ဆန်ပုံ ပိုင်းရပ်စ်ကြောင့် ဖြစ်ပွားရသောရောဂါဖြစ်ပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့ကို အဓိကတိုက်ခိုက်သည်။ ထိုပိုင်းရပ်စ်သည် လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးတို့အား ရောဂါကျရောက်စေသည်။

အာရှနှင့် အာဖရိကနိုင်ငံများတွင် ခွေးများနှင့် ကြောင်များသည် ခွေးရူးရောဂါကူးစက်ပျံ့နှံ့စေသော အဓိက ဇာတ်ကောင်များ ဖြစ်ကြသည်။ တောင်အမေရိကနိုင်ငံများတွင်မူ သွေးစုပ်လင်းနို့များကတစ်ဆင့် ကူးစက်ပျံ့နှံ့စေကြောင်း သိရှိရပါသည်။

တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားလျှင် တံတွေးထဲ၌ ခွေးရူးရောဂါပိုင်းရပ်စ် များစွာပါနေမည်။ ထိုတိရစ္ဆာန်က အခြားတိရစ္ဆာန်ကို ကိုက်လိုက်လျှင် ကိုက်လိုက်သော အနာထဲကို တံတွေးထဲမှ ခွေးရူးရောဂါပိုင်းရပ်စ်များဝင်သွားပြီး ရောဂါကူးစက်စေသည်။ ခွေးရူးရောဂါဖြစ်ပွားနေသော တိရစ္ဆာန်သည် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ရောဂါလက္ခဏာများနှင့်အတူ အမူအရာပြောင်းလဲခြင်း၊ အစာမစားနိုင်ခြင်း၊ ရေမသောက်နိုင်ခြင်း၊ အနီးအနားရှိ လူ၊ တိရစ္ဆာန်တို့ကို တိုက်ခိုက်ခြင်း၊ ရန်လိုခြင်း၊ ကိုက်ခဲခြင်းတို့ ဖြစ်လာတတ်သည်။ ရောဂါလက္ခဏာပြပြီး ရက်များမကြာမီ တိရစ္ဆာန် သေဆုံးတတ်သည်။

လူကိုရောဂါကူးစက်ပုံမှာ ခွေးရူးပြန်နေသော တိရစ္ဆာန်က ကိုက်ခြင်း၊ သူ၏ သွေးရည်ထဲမှ ပိုင်းရပ်စ်များ အနာထဲသို့ ဝင်ရောက်ခြင်းကြောင့် ကူးစက်သည်။ ခွေးရူးရောဂါကြောင့် သေဆုံးသွားသော လူနာမှန်းမသိဘဲ ထိုလူ၏ ကိုယ်တွင်းအင်္ဂါများကို အစားထိုးကုသခြင်း (Organ Transplantation) ကြောင့်လည်း ကူးစက်တတ်သည်။ ထိုဖြစ်ရပ်ကို ၂၀၀၄ ခုနှစ် ဇွန်လတွင် အမေရိကန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့ပါသည်။ အာကင်ဆောပြည်နယ်မှ ကိုယ်တွင်းအင်္ဂါလှူဒါန်းသူ (အကြောင်းရင်းမသိရဘဲ သေဆုံးသူ) ၏ အသည်းနှင့် ကျောက်ကပ်နှစ်လုံးကိုယူကာ အစားထိုးခံရသူများဖြစ်ကြသည့် အလာဘားမား၊ အိုကလာဟိုးမားနှင့် တက္ကဆက်ပြည်နယ်မှ လူနာသုံးဦးသည် ခွေးရူးရောဂါပိုးကူးစက်ပြီး သေဆုံးခဲ့ကြရသည်။

အာရှနှင့် အာဖရိကတွင် ခွေးရူးရောဂါပျံ့နှံ့စေသော အဓိက တိရစ္ဆာန်မှာ ခွေးလေခွေးလွင့်များဖြစ်ကြသဖြင့် အိန္ဒိယနိုင်ငံသည် ခွေးလေခွေးလွင့်များကို နှိမ်နင်းပြီး လူတို့၏ ကျန်းမာရေးအတွက် ဆောင်ရွက်ခဲ့ရာ ခွေးရူးရောဂါကြောင့် သေဆုံးသူလူဦးရေများစွာ လျှော့ချနိုင်ခဲ့ပါသည်။ သို့သော် နောက်ပိုင်းတွင် အိမ်မွေးတိရစ္ဆာန်ချစ်တတ်သူများက ခွေးလေခွေးလွင့်ရှင်းလင်းခြင်းကို ကန့်ကွက်လာကြသောကြောင့် ခွေးလေခွေးလွင့်များကို ကာကွယ်ဆေးထိုးခြင်း၊ ခွေးလေခွေးလွင့်ကောင်ရေ မတိုးပွားအောင် သားဆက်ခြားပေးခြင်း သို့မဟုတ် သားကြောဖြတ်ခြင်းစသော နည်းလမ်းများကို အစားထိုးလာခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ခွေးရူးရောဂါကင်းစင်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်နေကြပါသည်။ ထိုသို့ဆောင်ရွက်နေသူများထဲတွင် အစိုးရအဖွဲ့အစည်းများ၊ ဆရာဝန်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ တိရစ္ဆာန်ချစ်တတ်သူများ၊ စေတနာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများလည်း ပါဝင်ကြသည်။ သို့ရာတွင် ခွေးရူးရောဂါနှင့်ပတ်သက်လျှင် ဗဟုသုတနည်းပါးသော ပြည်သူလူထုများရှိနေကြသေးသည်။ သူတို့သည် မှားယွင်းသော အယူအဆများကို လက်ခံထားတတ်ကြသေးသည်။

ထို့ကြောင့် ခွေး၊ ကြောင်တို့၏ ကိုက်ခြင်းခံရလျှင်

-ရေ၊ ဆပ်ပြာ၊ ပိုးသန့်စင်ဆေးရည်တို့နှင့် ဒဏ်ရာကို သေချာစွာဆေးကြောပါ။
-ဆရာဝန်ထံချက်ချင်းပြသပြီး ကုသမှုခံယူပါ။
-ဆရာဝန်က ကာကွယ်ဆေးထိုးသင့်သည် ဟုဆုံးဖြတ်လျှင် အမြန်ဆုံးထိုးပါ။
-အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များအနေဖြင့် မိမိ၏ ခွေး၊ ကြောင်တို့ကို ခွေးရူးကာကွယ်ဆေး မှန်မှန်ထိုးပါဟု အသိပေးတိုက်တွန်းအပ်ပါသည်။ ။

## နောက်ဖေးလမ်းကြားများရှိရေဆိုးပိုက်၊ မိလ္လာပိုက်နှင့်မိလ္လာကန်များ စစ်ဆေးပြုပြင်



**ရန်ကုန် ဩဂုတ် ၂၄**
ပုဇွန်တောင်မြို့နယ် ၇ ရပ်ကွက်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံချက်အနေဖြင့် နောက်ဖေးလမ်းကြားများအား အမှိုက်သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်၊ အင်ဂျင်နီယာဌာန (ရေ/သန့်)၊ အင်ဂျင်နီယာဌာန (ယာ/အုံ)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန မြို့နယ်တာဝန်ခံတို့ကြီးကြပ်လျက် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန့်ရှင်းရေးဌာနက နောက်ဖေးလမ်းကြားအမှိုက်တွေရှင်းလင်းပေးတဲ့အချိန်မှာ ဆက်စပ်လုပ်ငန်းဖြစ်တဲ့ မိလ္လာပိုက်၊ ရေဆိုးပိုက်နဲ့ မိလ္လာကန်တွေကိုလည်း တစ်ဆက်တစ်စပ်တည်း ပြုပြင်ရကြောင်း သို့မှသာ သန့်ရှင်းကောင်းမွန်သည့် နောက်ဖေးလမ်းကြားဖြစ်လာမည်ဖြစ်ကြောင်း (ရေ/သန့်)တာဝန်ခံ ဒေါ်ခင်စန်းယုက ရှင်းပြသည်။

အဆိုပါ ၇ ရပ်ကွက် နောက်ဖေးလမ်းကြားများအား အမှိုက်များရှင်းလင်းပေးခြင်း၊ မိလ္လာနှင့် ရေဆိုးပိုက်များ ပြုပြင်ပေးခြင်း၊ နေအိမ်တိုက်ခန်းများ၌ တွယ်ကပ်နေသည့် သစ်ပင်များ ရှင်းလင်းပေးခြင်းများကို ဩဂုတ် ၁၁ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ကြပြီး ဩဂုတ် ၂၂ ရက်တွင် လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(မောင်မောင်)**

# ထပ်ဆင့်ရှင်းလင်းပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်

**ကလေး ဩဂုတ် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ချပြရှင်းလင်းခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ နေပြည်တော်ရဲချုပ်တို့၏ လမ်းညွှန်မှာကြားချက်များ၊ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပွဲ ဦး/ရေး/ထောက်ဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကလေးခရိုင်ရဲတပ်ဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက တပ်ဖွဲ့ဝင်များပြုပြင်ထားရှိရမည့် သန္နိဋ္ဌာန်စိတ်ဓာတ်များ၊ တည်ဆောက်ရမည့် အခြေခံအချက်များ၊ ဒုတိယရက် ၁၀၀ စီမံချက်ကာလအတွက် နေပြည်တော်ရဲချုပ်ရုံးမှ ချပြသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လောင်းကစားမှုပပျောက်ရေးများအပြင် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနယ်မြေတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လယ်ယာလုပ်ငန်းခွင် လုံခြုံရေးနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနယ်မြေတွင် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးအတွက် လိုအပ်လျက်ရှိသော တရားမဝင်ဓာတ်သတ္တုတူးဖော်ခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ရောင်းဝယ်ခြင်း၊ တရားမဝင် ကျွဲ၊ နွား မှောင်ခိုရောင်းဝယ်ခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်ဖော်ထုတ်ဖမ်းဆီးခြင်းများကိုပါ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးလက်အောက်ရှိ မြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ ရဲကင်းမှူးများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များအား အကျယ်တဝင့်ချပြညွှန်ကြားခဲ့ကြကြောင်း သိရသည်။

**ဂျိုးနက်**

## အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး တတိယအကြိမ် ဝါးခယ်မတွင် ထိုးနှံပေး

**ဝါးခယ်မ ဩဂုတ် ၂၄**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး ပြည်သူများအား ထိုးနှံပေးခြင်းကို ဩဂုတ် ၂၂ ရက်နံနက်က ဝါးခယ်မမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ တတိယအကြိမ် ထိုးနှံပေးလျက်ရှိသည်။

အသည်းရောင်အသားဝါရောဂါ ကျဆင်းပပျောက်စေရေးအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်အဖြစ် ဇွန်လနှင့် ဇူလိုင်လက မြို့နယ်အတွင်းရှိ အစိုးရဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် လုပ်သားပြည်သူများ စုစုပေါင်း ၂၂၅၅ ဦးကို ထိုးနှံပေးပြီးဖြစ်ရာ ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်ထိ တတိယအကြိမ်အဖြစ် အခမဲ့ထိုးနှံပေးကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

## ကျုံပျော်ရေဘေးသင့်ပြည်သူများအတွက် မျိုးစပါး၊ မျိုးပဲနှင့် ပစ္စည်းမျိုးစုံ လာရောက်လှူဒါန်း

**ကျုံပျော် ဩဂုတ် ၂၄**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မြို့နယ်ရောမင်းခန်းမ၌ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီကပြုလုပ်ရာ အလှူရှင် ၁၉၈၁ B.Ed ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ဦးသိန်းမြင့်ဆောင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ၁၉၈၁ B.Ed ကျောင်းသား၊ ကျောင်းသူဟောင်းများက တောင်သူများပြန်လည်စိုက်ပျိုးရန် မျိုးစပါး၊ မျိုးပဲတို့အတွက် တန်ဖိုးငွေကျပ် ၁၈ သိန်းအားလည်းကောင်း၊ WSKD အဖွဲ့က မြွေဆိပ်ဖြေဆေးနှင့် အခြားလှူဖွယ်ပစ္စည်းများအားလည်းကောင်း၊ ဝေဠုကျော်ဖောင်ဒေးရှင်းက ရေသန့်ဆေးနှင့် အခြားလှူဖွယ်ပစ္စည်းများအားလည်းကောင်း၊ မြို့နယ်တိမွေးကုဦးစီးဌာနက တိရစ္ဆာန်အစားအစာများအားလည်းကောင်း လှူဒါန်းရာ မြို့နယ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမျိုးနွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

## ဖန်းမောက်မြို့နယ်၌ အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်း ဖွင့်လှစ်

**ဖန်းမောက် ဩဂုတ် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကကြီးမှူး၍ (၁/၂၀၁၆) အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် အထောက်အကူပြုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဖန်းမောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာအောင်ဆန်းဝင်းက တိုင်းဒေသကြီးဦးစီးမှူး၏လမ်းညွှန်ချက်အရ အခြေခံတိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းသင်တန်းသို့ ဖန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ ၎င်းသင်တန်းသို့ ဖန်းမောက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စပယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ဖန်းမောက်)**

## ဒါးကမြစ်ရေ သုံးပေခွဲခန့် ကျဆင်းသွားသော်လည်း မြို့တွင်းလမ်းများတွင် သွားလာမှု အဆင်မပြေသေး



**ကျောင်းကုန်း ဩဂုတ် ၂၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဒါးကမြစ်ရေ သုံးပေခွဲခန့် ကျဆင်းသွားသော်လည်း မြို့တွင်းလမ်း၌ ရေများကျန်ရှိနေသေးကြောင်း ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက သိရသည်။

မြို့တွင်းကမ်းနားလမ်းများပေါ်တွင် ရေသုံးပေခန့် ဆက်လက်ရှိနေသေးကြောင်းနှင့် ကျောင်းကုန်းမြို့မဈေးကြီးအတွင်း အမြင့်သုံးပေခွဲခန့် တက်ရောက်လာသဖြင့် ဆိုင်ခန်းပေါင်း ၃၃၅ ခန်းလုံး ရေနစ်မြုပ်ခဲ့ရသည်။ ယခုအခါ တချို့ဆိုင်ခန်းများ ပေါ်ပြီဖြစ်၍ ရေဆေးကြောနေကြရပြီး ဈေးအလယ်အနိမ့်ပိုင်းနေရာများတွင် ရေများကျန်ရှိနေသေးသည်။

၁၉၉၁ ခုနှစ် ထိန်ငူတာကျိုးတုန်းက ရေသည် ကျောင်းကုန်းမြို့တွင် စံချိန်တင်အကြီးမားဆုံးဖြစ်ပြီး ယခုနှစ် ၂၀၁၆ ခုနှစ်ရေသည် ၁၉၉၁ ခုနှစ်ရေကိုမီရန် တစ်ပေခန့်သာလိုတော့သဖြင့် ဒုတိယအကြီးမားဆုံး စံချိန်တင်ရမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်အေးနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကျင်းပ

**ပုလော ဩဂုတ် ၂၄**
တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ပုလောမြို့နယ် ဒေသခံပြည်သူများတွေ့ဆုံပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက ပုလောမြို့ ကမ်းရိုးတန်းရတနာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ဆန္ဒကို ရှေ့တန်းတင်၍ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှ အောင်မြင်မည်ဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းအားနှင့် ပေါင်းစပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက ပုလောမြို့နယ်အတွင်း ဆောင်ရွက်ပေးလျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ချပြဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဒေသခံများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**ပုလော(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်အတွင်း အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ်ပြည့်ဝမှု ရှိ–မရှိ ကွင်းဆင်းစစ်ဆေး

**ဝါးခယ်မ ဩဂုတ် ၂၄**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း ဒေသခံပြည်သူများ နေ့စဉ်အသုံးပြုလျက်ရှိသော အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ် ပြည့်ဝမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းကာ မြို့နယ်စည်ပင်သာယာဈေးအတွင်းမှ ဈေးဆိုင်များ၊ အိမ်ဆိုင်များသို့ လိုက်လံကာ ဩဂုတ် ၂၂ ရက် နံနက်က ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးကို ရှေးရှုပြီး အာဟာရ ရက်သတ္တပတ်များလှုပ်ရှားမှု အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်အဖြစ် မြို့နယ်စည်ပင်သာယာဈေးအတွင်း အိမ်သုံးဆားရောင်းချသည့် ဈေးဆိုင်နှင့် မြို့ပေါ်ရပ်ကွက်ရှိ အိမ်ဆိုင်များမှ စားသုံးရန်မသင့်သော၊ အိုင်အိုဒင်းဓာတ်ပြည့်ဝမှုမရှိသော အိမ်သုံးဆားများကို စစ်ဆေးပေးပြီး ဝယ်ယူရောင်းချမှုများ မပြုလုပ်ရန် တာဝန်ရှိသူများက လမ်းညွှန်မှာကြားပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**


SAMSUNG
Galaxy Note7
ကျပ်
၈၀,၀၀၀
ခန့်တန်ဖိုးရှိ လက်ဆောင်များ
ဈေးနှုန်း - ၉၂၀,၀၀၀ ကျပ်
Premium Care For Galaxy Note7
ဖုန်းမျက်နှာပြင် မတော်တဆကွဲပါက ၂၀၁၇ စက်တင်ဘာလကုန်အထိ
ရှေ့မှန် (သို့) နောက်မှန် ပထမအကြိမ် အခမဲ့ ပြုပြင်ပေးမည်။
ရန်ကုန်နှင့်မန္တလေး မြို့များတွင် အခမဲ့ သယ်ယူ ပို့ဆောင်ပေးပါမည်။
စတင်ရောင်းချခြင်း အထူး အစီအစဉ်
11th September 2016 ( တစ်ရက်တည်းသာ )
ရန်ကုန်မြို့ - Melia Hotel
မန္တလေးမြို့ - Skywalk Shopping Mall
ကျပ် ၈၀,၀၀၀ ခန့်တန်ဖိုးရှိ လက်ဆောင်များ အပြင်
( Samsung 32" LED TV များ မဲဖောက်ပေးသွားမည် )
ကမ္ဘောဇဘဏ်နှင့် ၆လအရစ်ကျ အစီအစဉ်
တစ်နိုင်ငံလုံးရှိ ကမ္ဘောဇဘဏ်ခွဲအသီးသီးတွင် ဖုန်းတန်ဖိုးနှင့်ညီမျှသော စုငွေ
နှင့်အထက် ဘဏ်စာရင်း ရှိသူတိုင်း လျှောက်ထားနိုင်ပြီး မည်သည့်
Samsung Brand Shop တွင်မဆို ထုတ်ယူနိုင်ပါသည်။
ငွေလက်ငင်းပေးချေမှု ၀%
ဝယ်ယူသူမှ အတိုးနှုန်း ၀%
4G PLUS
အခမဲ့ 6 GB အင်တာနက် + ဆင်းကတ် အခမဲ့ + ဖုန်းခေါ် ဆိုခြင်း ၂,၅၀၀ ကျပ် အခမဲ့
ooredoo
၁ လလျှင် ၁၀,၀၀၀ ကျပ် ငွေဖြည့်ပြီး 2GB အခမဲ့အင်တာနက်ကို ၃ လ ဆက်တိုက်ရယူနိုင်ပါသည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
Call Center
01 2399 888
(Mon-Sun)
8AM to 6PM

We must work together! We must build our Nation!

MYANMAR'S LAND
Success, Motivation and Management Institute

www.facebook.com/mlinstitute

သင်..အသက်ငယ်ငယ်နဲ့ အောင်မြင်ချင်ပါသလား ➡ လူငယ်မန်နေဂျာသင်တန်း

YOUNG MANAGER TRAINING

သင်တန်းများအားလုံးကို ABE (UK) ၏ ကမ္ဘာ့အဆင့်အများဆုံးရ (WORLD FIRST) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့ငွေ) ကိုယ်တိုင်သင်ကြားပေးပါမည်။



စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ လူငယ်တိုင်းအတွက် . . .

- အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
- Marketing, HR, Operation အခြေခံ အသိသုတများ၊
- Business Plan, Business Model ရေးဆွဲနည်း၊
- ခေါင်းဆောင်မှုပညာ (Leadership Skill)
- အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
- Problem Solving Skill, How to get idea ?

တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်

၁၀-၉-၂၀၁၆ ဖွင့်မည်။ သင်တန်းကာလ (၂-လ) Sat-Sun 5:30 pm to 7:30 pm

သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှလည်း Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။

Campus - Taw Win Centre (3rd Floor) website : www.lynnthaiknyunt.com
Contact: 01503172, 09259290274, 09259290273, 0943121060, 0932350785, 095010014

ရွှေပလ္လင်

ဂမုန်းပွင့် (လှည်းတန်း) ဖွင့်ပြီ

ရွှေပလ္လင် လက်ဖက်ရည် အရမ်းကောင်းဆိုပဲ ...
တွေ့ကြရအောင် ရွှေပလ္လင် မှာ...

ဖုန်း ၀၀- ၅၃၈ ၇၃၆

DISCOVER A FUTURE UNLIMITED

အနာဂတ်၏ ကြယ်ပွင့်များ



မြန်မာနိုင်ငံဩစတြေးလျသံရုံးမှ ကြီးမှူးကျင်းပသည့် ဩစတြေးလျပညာရေးပြပွဲကြီး

ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်၊ကောလိပ်နှင့် ကျောင်းစုစုပေါင်း ၁၆ခုမှပါဝင်ပြသမည် ဖြစ်ပြီး မြန်မာကျောင်းသားများနှင့် မိဘများအနေဖြင့် အနာဂတ်ပညာရေးအကြောင်းအရာများအတွက် ကျောင်းများ၏ ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ပြောဆိုဆွေးနွေးနိုင်မည့် အခွင့်အရေး၊ တစ်ကျောင်းချင်းစီ၏ ရှင်းလင်းတင်ပြချက်များကို နားထောင်နိုင်မည့်အခွင့်အရေးနှင့် စကောလားရှစ် လျှောက်ထားနိုင်မည့်အခွင့်အရေး......

- Sedona Hotel Mandalay, Saturday 27 Aug 2016, 9:00am - 1:00pm
- Sule Shangri-La Hotel Yangon, Sunday 28 Aug 2016, 9:30am - 5:00pm

For more information and
to register visit: www.studyinaustralia.gov.au/myanmar
Facebook page: www.facebook.com/studyinaustralia

Australian Government
Australian Trade and Investment Commission

Australia
Future Unlimited

YWCA
ပန်းအလှပြုပြင်နည်းသင်တန်း
အခြေခံ၊ အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း

နေ့ရက် - ၂၉-၈-၂၀၁၆ မှ ၁၆-၉-၂၀၁၆
အချိန် - မွန်းလွဲ၁း၀၀နာရီ မှ ၃း၀၀နာရီ
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။
မှတ်ချက်- ဓါတ်ပုံ(၃)ပုံ၊ပန်းညှပ်ကတ်ကြေးမှတ်စုစာအုပ်ယူဆောင်လာရန်။

MISS MODEL
မော်ဒယ်လမ်းညွှန်
နေခြည်ဂေဟ
မယ်နဲ့မောင်စာပေ
ဖုန်း–၀၉ ၇၃၀၄၅၈၃၅



ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၇)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

CIMA Chartered Institute of Management Accountants



BOOST YOUR CAREER WITH
THE YOUNG ACCOUNTANTS EMPLOYABILITY PROGRAMME

Your first step to be a Chartered Global Management Accountant (CGMA)

UP TO 90%*
SCHOLARSHIP ON CIMA FEE FOR CERTIFICATE IN BUSINESS ACCOUNTING
*Terms and conditions apply.

Equip yourself with a globally recognised qualification and get internship opportunities with the Young Accountants Employability Programme. Register your interest here: http://bit.ly/CIMA-YAEP

For more information:
E. wendy.tinwinkyi@cimaglobal.com T. 9594 253 20504 | www.cimaglobal.com

Supported by
BUSINESS INSTITUTE YANGON
DAW YU YU MYINT BUSINESS AND MANAGEMENT TRAINING CENTRE
EXCELLENT CHOICE
FINANCE, ACCOUNTANCY & MANAGEMENT TRAINING SCHOOL
IMA INSTITUTE OF ACCOUNTING & FINANCE
NAY LIN AUNG FINANCE & ACCOUNTANCY ACADEMY
WISE COLLEGE
ZAW BUSINESS SCHOOL

FORWARD CAR RENTAL
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်းမြို့ပြင်
လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09 5089800
09 252522200

ကား မျိုးစုံ
(Alphard/Crown/MarkII/အခန်းတတုံး/Hiace (၉/၁၃ယောက်စီး) ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် မျှတသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126

ODYSSEY
ပြည်တွင်း ပြည်ပ လေယာဉ်လက်မှတ်
ဘိုကင်အရောက်ပို့ဝန်ဆောင်မှု
01-246334,246339,240545
အရောင်းဌာနကိုယ်စားလှယ် ယူနိုင်သည်

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

DADDY (ဒယ်ဒီ)
မြဝတီ-မဲဆောက်
ဘားအံ
Sep:2 ထွက်မည်
100000ိ/-
09 448001903

ရွှေတိုးဧည့် (၆၄)ကြိမ်မြောက် ဘာသာကိုးမင်းခေါင်ထွက်ရပ်ပူဇော်ပွဲသို့
• ဘာသာပွဲ + ပုပ္ပါး (ဘာထူးသီးသန့်ခရီးစဉ်) (၃)ရက်
• ဘာသာပွဲ + ပုဂံ၊ ရွှေစည်းခုံ၊ ဘုရားများ (၅)ရက်
• ဘာသာပွဲ + တောင်ကြီး အင်းလေး၊ ရွှေညောင် (၇)ရက်
Sep 16 ကြိုတင် ရောင်းပြီ
ဘာသာပွဲ၊ ပုဂံ၊ ရွှေစည်းခုံ (ဘာသာပွဲဖြင့်ခရီးစဉ်)
Hotel + Restaurant (Myanmar + Chinese Style) (Sep 17 ထွက်မည်)
373275, 708342, 0949219404









**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..
လိပ်စာ - ဒဂုံစင်တာ(၁)၊ ဘီဆောင် - စ၀၁၊ မြေနီကုန်း၊ စမ်းချောင်း။
01-503815 ,09-333 777 82,09-42 101 3085

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**သုံးရာသီ** ဝပ္ပဒါန
(၆၄)ကြိမ်မြောက် အဘအောင်မင်းခေါင်ထွက်ရပ်
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်(၄)ဆူ
တစ်ဦးထမင်းကျွေး (၄၀၀၀၀/-)ကျပ်
ကားအမျိုးမျိုးငှားရမ်းသည်။
☎ 420144146, 421153797

အရေးအနှောလုံးဝမပါဝင်တဲ့
**သပြေညို-ဆုံဆီ**
ဖုန်း-၅၄၄၂၅၀ ၊ ၉၁၉၀၁၁၇ ၊ ၀၉၉၆၅၁၀၉၈၈၅

**ရွှေလမ်းခရီး**... 095124678,098627170,09401589907
* ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော်ခရီးစဉ်
* တောင်ကြီး၊ (ရွှေတော်ကာဗ္ဗူ)၊ (ထမ်စမ်းလိုက်ဂူ)၊ အင်းလေး၊ ပင်းတယ၊ ကလော
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝေဠုဝန်ကျောက်ခိုမ်းစေတီတော်
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရှစ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်ခရီးစဉ်
* မော်လမြိုင်၊ ရွှေလဘိုတောင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ (ကျိုက်ထီးရိုး)
* ကရင်ပြည်နယ် ဘားအံဘုရားဖူးနှင့် မြဝတီခရီးစဉ် (သော်ကြာနေ့တိုင်း)
(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်လှူကားခ/ စက်လှေခ၊ တည်းခိုခန်းခ ပရိတ်ကြီး)
* ငပလီ * ပြည်၊ အတောက်တောင် * ချောင်းသာ/ ငွေဆောင် လက်မှတ်ရောင်း/ ခင်းလုံးငှား
(၆၇)ကြိမ်မြောက် အဘဘိုးမင်းခေါင် ထွက်ရပ်ပူဇော်ပွဲသို့ ကြိုတင်လက်မှတ်ရောင်းပြီ

အာကာထွန်း အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း
**ရွှေမှီ** ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
ဒေါ်နီနီဝင်း ဦးစီးသော "ရွှေမှီ" ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို (၂၀၁၆)ခုနှစ်၊ အောက်တိုဘာလမှစတင်၍ အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ပို့ဆောင်ပေးမည် ဖြစ်ပါသည်။ (၁၄)ညအိပ် (၁၅)ရက် ပုံမှန်ခရီးစဉ်များ Oct(22), Nov(4), Feb(10/26), March (24,31) လိုက်ပါလိုသည့် ခရီးစဉ်နေ့ရက်များကို ရွေးချယ်ပြီး (၂)လ ကြိုတင်စာရေးပေးသွင်းနိုင်ပါသည်။
တစ်ဦးလျှင် (၁၁)သိန်းကျပ်၊ နိုင်ငံကူးလက်မှတ် (၆)လသက်တမ်းနှင့်အထက်ရှိသူများ (၃၀၀၀၀/-ကျပ်)တိတိ ထပ်မံလျှော့ပေးပါမည်။
**ရွှေမှီ** ဘုရားဖူးအဖွဲ့ နှင့် ယခင်နှစ်များကလိုက်ပါခဲ့ကြသော ဓမ္မမိတ်ဆွေသူတော်စင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။ ဒေါ်နီနီဝင်း(ရွှေမှီပရိဘောဂတိုက်)
မိတ်ဟောင်း/မိတ်သစ်များကို နွေးထွေးစွာ ကြိုဆိုပါသည်။
အမှတ်(၁၀၅)၊ (ရွှေမှီပရိဘောဂတိုက်) သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၁၁၉၂၊ ၀၉ ၇၇၄၂၇၀၈၅၃၊ ၀၁-၅၄၂၆၈၇


**NELC**
*Don't Worry, Just Speak!*
**Preschool**
သယ်န်းကျွန်းကျောင်းခွဲ
စက်တင်ဘာလ တွင် ဖွင့်မည်
မြောက်ဥက္ကလာပကျောင်းခွဲ
အောက်တိုဘာလ တွင် ဖွင့်မည်။
အမှတ်-၃၊ ပေါ်ဆန်းမွှေးလမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ဖုန်း-09 960603700 / 09 960603800
အမှတ်-၁၁၅၁၊ သီတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ဖုန်း-09 960604700
ဗိုလ်အောင်ကျော်-01 256516~7 စမ်းချောင်း-01 501947/09 8612639 မရမ်းကုန်း- 09 73065345
မန္တလေး-09 91023900 ပြင်ဦးလွင်-09 400306019 လားရှိုး-082 26611 တာချီလိတ်-084 52572


၁ ဒသမ ၉ ဘီလီယံသော
လူဦးရေနှင့် ထိတွေ့ခြင်း
(၁၃) ကြိမ်မြောက် တရုတ်-အာဆီယံပြပွဲမှ လှိုက်လှဲစွာကြိုဆိုပါ၏။
စက်တင်ဘာ ၁၁ ရက် - ၁၄ ရက်၊ ၂၀၁၆ နန်နင်းမြို့၊ တရုတ်နိုင်ငံ
- လူသုံးကုန် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး၊ ခေတ်ရွေ့ပြေးနည်းပညာနှင့် နှစ်လိုဖွယ်မြို့ကြီးများ၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကို ပင်မပြခန်း(၅)ခုတွင် ဖော်ထုတ်ပြသခြင်း၊
- မြန်မာ့ဈေးကွက်နှင့် အထူးသင့်လျော်သော တရုတ်နိုင်ငံနှင့် အခြားသောအာဆီယံနိုင်ငံများမှ အရည်အသွေးမြင့်ခေတ်မီလူသုံးကုန်များကို ခင်းကျင်းပြသခြင်း၊
- နိုင်ငံတကာ၏ ကြီးမားသောရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်းများကို တစ်စုတစ်ဝေး တည်းမြင်တွေ့ရမည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပြပွဲ၊
- တရုတ်နိုင်ငံ၏ ခေတ်ရွေ့ပြေးနည်းပညာများ၊ အဆင့်မြင့်မြို့ကြီးများ၊ အင်တာနက်၊ စီးပွားရေးလုပ်ငန်းသစ်များနှင့် စွန့်ဦးတီထွင်မှုများအပြင် အာဆီယံနိုင်ငံများ၏ နောက်ဆုံးပေါ် သိပ္ပံနှင့် နည်းပညာဆိုင်ရာအောင်မြင်မှုများကို စုစည်းထားသည့် ခေတ်ရွေ့ပြေးနည်းပညာပြပွဲ
- ရင်းနှီးမြှုပ်နှံမှုနှင့် ရန်ပုံငွေတိုးမြှင့်တောက်ခံရေးနီးနှောဖလှယ်ပွဲများ၊ မြှင့်တင်ရေးအစည်းအဝေးများကဲ့သို့သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။
ဆက်သွယ်ရန်
ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဌာန၊ မြန်မာနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဖုန်း - +၉၅-၆၇-၄၀၈၄၁၀၊ ၄၀၈၂၆၆၊ ၄၀၈၃၁၅ ဖက်စ် - +၉၅-၆၇-၄၀၈၀၀၄၊ ၄၀၈၃၁၁ အီးမေးလ် - moctradefair@gmail.com
တရုတ်-အာဆီယံပြပွဲဌာန
ဖုန်း - +၈၆-၇၇၁-၅၈၁၃၁၆၃ ဖက်စ် - +၈၆-၇၇၁-၅၈၁၃၃၅၅ အီးမေးလ် - zhaoying@caexpo.org
(၁၃)ကြိမ်မြောက် တရုတ်-အာဆီယံပြပွဲ
စက်တင်ဘာ ၁၁ ရက် - ၁၄ ရက်၊ ၂၀၁၆၊ နန်နင်းမြို့၊ တရုတ်နိုင်ငံ
Hotline : +၈၆-၇၇၁-၁၂၈၄၇ www.caexpo.org
CAEXPO WECHAT CAEXPO SINA WEIBO FACEBOOK

Since 1996 **Home** Think of House, Think of Home
ပါကေးအစားထိုး ကြမ်းခင်း Special Promotion

READY MADE FLOOR
100,000 ကျပ် ဖိုးကျင်မှ စတင်၍
** Selected items only
Buy Floor ၃ ကျင်းဝယ် → Get Hi-Class Japanese Wall Leather ၁ ကျင်း လက်ဆောင်

** Terms & conditions applied
မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၁)ခုတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည် HOTLINE: 09-79-700-70-70 09-79-700-70-80

Number One Directory in Myanmar YELLOW PAGES
ဘာပဲလိုလို
The **YANGON DIRECTORY**


ရန်ကုန်လမ်းညွှန် ရဲ့
**DIGITAL** လောကသို့ ဝင်ရောက်လိုက်ပါ..
www.yangondirectory.com | SALES DIRECT LINE: 09-448001662


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
ORIENT
Interior and Exterior Emulsion Paint
MONSOON PROGRAM
လီတာ ၅၀ ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကဒ် ၅၀၀၀ ကျပ်
ရယူပါ...
ORIENT
Promotion ကာလ ▶ ၁-၈-၂၀၁၆ မှ ၃၀-၉-၂၀၁၆


Ocean
SUPERCENTER
BEST VALUE PRODUCTS
AND MORE...
SUPER SAVER
တန်မှတန်
26th August ~ 8th September, 2016
Daily Needs Special !!!
SAVE
WHITE CASTLE
Butter Cookies
454g
3,950
Ks. 4,400
HUP SENG
Deluxe Cracker
Original/ Cheese
168g
1,450
Ks. 1,600
HAIHACO SOZOLLY
Egg & Milk Cookies
270g
1,550
Ks. 1,720
LOACKER
Wafer Cubes
(with Hazelnut/ Chocolate)
125g
2,500
Ks. 2,850
AMICO
Layer Cake (Strawberry/ Chocolate/ Butter)
12's 216g
1,050
Ks. 1,150
POTAE/ CORNAE/ PAPRIKA
Potato Snack/ American Corn Snack
80g/ 85g
1,350
Ks. 1,450
UNITED 555
Seaweed (Crilled/ Tasty Cruied)
36g
1,700
Ks. 1,950
KOH KAE
Peanut (Shrimp/ Chicken/ Tom Yum)
230g/ 240g
1,650
Ks. 1,850
HERO BOY
Mixed Fruit Jelly
660g
800
Ks. 880
HOSEN
Lychee in Syrup
565g
1,750
Ks. 1,950
OVALTINE
Malted Milk/ Chocolate Flavour (Bottle)
400g
Buy Any 1 Get 1
free
Malt 4 Sticks Gift Pack
NESCAFE
3in1 Coffeemix (Creamy Delight/ Rich & Aroma)
30's 492g/ 540g
Buy 1 Get 1
free
Nestle Milo 125ml
NAGAR PYAN
Green Tea
200g
2,500
Ks. 2,800
DUTCH LADY
UHT Milk (Low Fat/ Full Cream)
1 Ltr
Buy 2 Get 1
free
Magic Tube
MARIGOLD
UHT Milk (Chocolate/ Full Cream/ Strawberry)
250ml x 6's
2,600
Ks. 2,900
TIPCO
100% Juice Sai Nam Phueng Orange
1 Ltr
2,200
Ks. 2,450
IFF
Tamarind Juice/ Red Grape Juice
350ml
Buy 2 Get 15% Off
Ks. 550
SUNKIST
C500 Vitamin C Drink
240ml
Buy 3 Get 1
free
Same Item
MM
Fresh Egg
60g
1,350
Ks. 1,450
DUTCH MILL
Pasteurized Milk (Fresh/ Sweet/ Strawberry/ Choco-malt/ Coffee)
155ml
Buy 6 Get 1
free
Dutch Mill Coffee
EHRMANN
0% Fat Yogurt (Natural/ Creamy Strawberry Raspberry/ Cherry Raspberry)
4's 400g
2,050
Ks. 2,580
XI YANG YANG
Bun (Red Bean/ Red Sesame)
10's 350g
2,700
Ks. 3,000
PEPSI/ 7UP/ MARINDA
1.25 Ltr
Buy 2 Save Ks. 200
Ks. 800
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ခင်အေး (၈၂)နှစ်**
**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား/သူဟောင်းများ**

လူမှုရေးကူညီစောင့်ရှောက်မှုအသင်း၏အတွင်းရေးမှူး ဦးဥက္ကာ-အသင်းဝင် ကျောင်းသူဟောင်းဒေါ်အေးအေးမြင့်၊ ကျောင်းသား/သူဟောင်းများဖြစ်သည့် ဦးဇော်ဝင်း-(ဒေါ်မြင့်မြင့်ဦး)တို့၏ မိခင်ကြီး ဒေါ်ခင်ခင်အေးသည် ၂၁-၈-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား/သူဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးခင်မောင်ဝင်း @ Freddie Maung**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်(၂၀-B) အင်းယားလမ်းနေ ဒေါ်မြတ်မြတ်လွင်၏ခင်ပွန်း၊ မြန်မာ့အာမခံဝန်ထမ်းဟောင်းများအသင်း၏ နာယက ဦးခင်မောင်ဝင်း @ Freddie Maung သည် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာ့အာမခံဝန်ထမ်းဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မန်းကြည်**
**အသက် (၇၃) နှစ်**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းပျံသန်းရေးဌာနမှ Captain ထွန်းထွန်းဝင်း (အထွေထွေမန်နေဂျာ-လေ့ကျင့်ရေး)-ဒေါ်ယဉ်ယဉ်မိုးတို့၏ မိခင်ကြီး ဒေါ်မန်းကြည်သည် ၂၁-၈-၂၀၁၆ ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၆၀) လေယာဉ်မောင်းသင်တန်း**
**ကျောင်းဆင်းလေယာဉ်မှူးများ**

## TRADE MARK CAUTION

**Everydayhappy Co., Ltd.**, a corporation duly organized and existing under the laws of Thailand, of 42/22 Viphavadee Rangsit 41, Sanambin, Donmuang, Bangkok, Thailand, is the Owner of the following Trade Mark:-

de leaf
THANAKA
**Reg. No. 6028/2016**

in respect of **"Int'l Class 3:** Thanaka products (Refreshing Talc, Soap, Day Cream, Foundation Powder, Body Lotion and Facial Cleanser)".

Fraudulent imitation or unauthorised use of the said Trade Mark will be dealt with according to law.

Win Mu Tin, M.A., H.G.P., D.B.L., M.A (Business Law)
for **Everydayhappy Co., Ltd.**
E-mail: makhinkyi.law@mptmail.net.mm
P. O. Box 60, Yangon

## ကန်ထရိုက်တာ ဦးစိုးဝင်း[၁၂/ဗတထ(နိုင်)၀၃၄၄၂၉]နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ခင်[၇/ပခန(နိုင်)၁၇၆၁၂၂]အမှတ် ၁၁၀(အေ)၊ သစ်တောလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများ သိစေရန် ကြေညာအပ်ပါသည်။

အထက်ပါလိပ်စာတွင်တည်ရှိသည့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ခင် အမည်ပေါက်ပိုင်ဆိုင်သော "ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄(အေ)၊ မြေကွက်အမှတ်-၄H/၂၊ ဧရိယာ(၀. ၂၅၀)ဧကရှိ မြေကွက်နှင့် မြေကွက်အမှတ်-၄H/၄က၊ ဧရိယာ(၀. ၀၄၈)ဧကစုစုပေါင်း (၀. ၂၉၈)ဧကရှိမြေပေါ်တွင်" ကွန်ဒို(၂၁)ထပ်တိုက်တစ်လုံးဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာ ဦးစိုးဝင်း[၁၂/ဗတထ(နိုင်)၀၃၄၄၂၉] အမှတ်(၃၀-B)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူနှင့် "၂၃-၁၀-၂၀၁၃ရက်စွဲပါ မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ ကွန်ဒို (၂၁)ထပ်တိုက် အကျိုးတူပူးပေါင်း တည်ဆောက်ရန် နှစ်ဦးသဘောတူကတိစာချုပ်" ချုပ်ဆိုခဲ့ကြပါသည်။

သို့သော်လည်း အဆိုပါ အဆောက်အအုံ ဆောက်လုပ်ပေးရန် လက်ခံသဘောတူခဲ့သူ ကန်ထရိုက်တာ ဦးစိုးဝင်းသည် ၂၃-၁၀-၂၀၁၃ရက်စွဲပါ စာချုပ်အတိုင်း ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို လုံးဝ(လုံးဝ)လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ စာချုပ်ပါ စည်းကမ်းများကို အဆင့်ဆင့် ချိုးဖောက်ခဲ့သောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှာ အချိန်၊ ငွေကြေး၊ ဂုဏ်သိက္ခာနှင့်ဘဝရပ်တည်မှုပုံစံများ လွန်စွာဆုတ်ယုတ် နစ်နာခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ဤကြေညာသည့် နေ့မှစ၍ ၂၃-၁၀-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်သည် ကန်ထရိုက်တာ ဦးစိုးဝင်း၏ စာချုပ်ပါ စည်းကမ်းချက်များကို အဆင့်ဆင့် ချိုးဖောက်ခဲ့မှုများကြောင့် လုံးဝရပ်စဲပျက်ပြယ်သွားပြီးဖြစ်ကြောင်း နှင့် နောက်နောင်စာချုပ်ပါ ကိစ္စရပ်များနှင့် ပတ်သက်၍ ကန်ထရိုက်တာ ဦးစိုးဝင်းနှင့် လုံးဝမပတ်သက်တော့ပါကြောင်း ကန်ထရိုက်တာ ဦးစိုးဝင်းနှင့်သက်ဆိုင်သူများ သိစေရန် ကြေညာအပ်ပါ သည်။

**ဦးအောင်ခင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးတက်ဝင်းမြိုင်** | **ဒေါ်သီသီလှိုင်** | **ဒေါ်ထွေးဆုပိုင်စိုး** |
| **B.A(Law), LL.B** | **LL.B, D.M.L (စဉ်-၄၁၅၂၈)** | **LL.B, LL.M (စဉ်-၄၅၉၈၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |
| **(စဉ်-၁၉၅၃/၈၀)** | **LAW OFFICE OF WYNN & WIN** | |

**အမှတ်-၁၀/၁၂ ပထမထပ်၊ (၃၅)လမ်း လမ်းတို**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၇၉၇၀၇၇**

## ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးကြီးသာကျော်(ငြိမ်း) (၉၇)နှစ်**

(၁၉၆၄-၈၄)တက္ကသိုလ် ကောလိပ်သိပ္ပံကျောင်းပေါင်းစုံ အသုံးလုံး အဖွဲ့ဝင်ဟောင်းများဦးစီးသော စာတတ်မြောက်ရေးနေ့နှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့-အဖွဲ့ဝင် ဒေါက်တာစံအေးကြည်နှင့် ဒေါ်ခင်နုသာတို့၏ဖခင် ဗိုလ်မှူးကြီးသာကျော် (လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)သည် ၂၀-၈-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်စိန်ထွေး**
**အသက်(၉၀)**

ဦးအေးမြင့် (အငြိမ်းစားကျောင်းဆရာ)၏မိခင် ဒေါ်စိန်ထွေး အသက် (၉၀)သည် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

**ဦးစိုးသိန်း(သိန်းသန်းကုမ္ပဏီ)**
**(၁၉၇၃-၇၄)မြောင်းမြဆရာအတတ်သင်ကျောင်းဆင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးတင့်လှိုင်(ဗာကင်)**
**အသက်(၈၆)နှစ်**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီး ဦးမြင့်သိန်း၏ ဖခင်ဖြစ်သူ ဦးတင့်လှိုင် (ဗာကင်)သည် ၁၄-၈-၂၀၁၆ ရက်နေ့တွင် မန္တလေးမြို့၊ မြို့သစ် ကန်သာယာရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျ(၇၄) တရားရေးအရာရှိသင်တန်းအမှတ်စဉ်(၂)**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမောင်မောင်မြင့် (၆၉)နှစ်**
**B.Arch(1972)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၃၈၉/B)၊ ဓမ္မာရုံလမ်းသွယ်နေ ဒေါ်တင်နွယ် (SAT-ငြိမ်း၊ ထ-၄၊ စမ်းချောင်း)၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးမောင်မောင်မြင့် (၆၉)နှစ်သည် ၁၆-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဗိသုကာကောင်စီ**
**မြန်မာနိုင်ငံဗိသုကာအသင်း**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၅)၊ ၅လွှာ၊ ၁၃၂လမ်း၊ မအူကုန်းလမ်းကျယ်နေထိုင်သူ ဒေါ်သီတာဆွေ(ခ)ဒေါ်ရှုခ်စာနာ[၉/မနမ(နိုင်)၀၉၄၀၅၃]သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၄/၉၈၃၁/၂၀၁၆ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် Snack နှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိရာ ဈေးကွက်အတွင်း နာမည်ကောင်းသတင်းရရှိပြီး ဝယ်ယူအားပေးထောက်ခံမှုလည်း အပြည့်အဝရရှိထားပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဒေါ်သီတာဆွေ(ခ) ဒေါ်ရှုခ်စာနာမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်း**
**B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၈၇)**
**အမှတ်(၃၃)၊ ၈လွှာ၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၁၂၄၅၂၊ ၀၉-၉၆၂၁၆၈၄၃၈**

## ဒေါ်ခင်ရီ (၆၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ (၃)လမ်းမြောက်၊ အမှတ်(၉၆)နေ (ဦးဘထွန်း-ဒေါ်တင်မြ)တို့၏သမီး၊ (ဦးကျော်သိန်း-ဒေါ်ခင်သု)တို့၏သမီးချွေးမ၊ ဦးအုန်းမြင့်-ဒေါ်တင်လှိုင်၊ ဦးမြင့်ဝင်းကျော်(ဓာတု)-ဒေါ်အုန်းအုန်းကျော် (အထက-၃၊ သာကေတ)၊ ဦးတင်ရှိန်-ဒေါ်သင်းသင်းအောင်၊ ဒေါ်မြသက်ဝေ၊ (ဦးမြင့်လွင်)၊ ဦးမြင့်နိုင်-ဒေါ်အေးအေးသန်း၊ ဒေါ်တင်မြင့်တို့၏ အစ်မ၊ ဦးညွန့်ရွှေ၏ ဇနီး၊ ဦးမြတ်မင်းဦး(ခ)ကိုငယ်လေး-ဒေါ်လှမြင့်မူ၊ ဦးလှစိုး-ဒေါ်မြတ်သီတာထွန်း (မလွန်အသင်း)၊ ကိုအောင်နိုင်စိုး၊ မလဲ့ရည်ဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျိစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဖိဇ်မော်လဝီမုဟမ္မဒ် ကမားလ်(ခ)ဦးမျိုးလွင်
**အသက် (၅၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နေ (ဒေါက်တာဦးအေဟတ်-ဒေါ်ကြိုင်ကြိုင်)တို့၏မြေး၊ မရမ်းကုန်းမြို့နေ [မုဟမ္မဒ်နူရှာလ္လာဟ်(ခ)ဆရာလေးဦးဖေဝင်း]-ဒေါ်မိုးဆွေ (မိုးမိသားစုသံဆိုင်)တို့၏ သား၊ ဦးစိုးလွင်-ဒေါ်ခင်ကြည်တို့၏ ညီ/မောင်၊ (ဦးဝင်းလွင်)-ဒေါ်ဖြူဖြူမာ၊ ဦးသိန်းလွင်-ဒေါ်စီစီမာ၊ ဦးသန်းလွင်-ဒေါ်ခင်မိုးမိုး၊ ဦးဘိုဘို-ဒေါ်နွယ်နီဝင်း၊ မောင်ဇော်မျိုးလွင်-မရွှေဇင်ဝင်း၊ မောင်အောင်ညီညီ-မဟေမာဝင်းတို့၏အစ်ကို၊ ကိုကျော်ကျော်ထွဋ် - မဝါဝါမျိုးလွင်၊ မောင်ရဲမျိုးထက်-မသက်မြတ်နိုး၊ မောင်ဇွဲသူရိန်မျိုးတို့၏ဖခင်၊ တူ/တူမ ၁၆ ယောက်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၀-၈-၂၀၁၆ (စနေနေ့) ညနေ ၃း၄၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ငွေး
**အသက် (၄၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်နေ ကိုယ်ပိုင်အမှတ်-၆၈၃၈၆၆ တပ်ကြပ်ကြီး/လက်နက်ပြင် သန်းထွန်း(ခ)သန်းထွန်းအောင်၏ဇနီး၊ ပြန်တမ်းဝင်အမှတ်- ကြည်း ၆၄၂၆၁ ဗိုလ်ပိုင်စိုးဦး၊ မပန်းအိဖြူ မပြည့်ဖြိုးသူတို့၏ မိခင် ဒေါ်မြင့်မြင့်ငွေးသည် ၁၆-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် မင်္ဂလာဒုံမြို့နယ် ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၆ ရက် ညနေ ၄နာရီတွင် ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အမည်ပြောင်း

ကံ့ကော်ပန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရွှေပြည်သာ၊ သတ္တမတန်းမှ (အဖ) ဦးစိုးမိုးအောင်[၁၀/သထန(နိုင်)၀၀၀၄၃၆]၏သမီး မသပြေဇွန်ဖူးအား မသက်ထားအောင်ဟု ပြောင်းလဲခေါ်ပါရန်။

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၃၂/က)၊ မြေကွက်တည်နေရာအမှတ်(၁၃၂/က)၊ ဥက္ကာ(၅)လမ်း၊ (ဦးလှတင် အန်/အိုကေအေ-၀၆၀၉၆၈) [၁၂/ဥကမ(နိုင်)၀၀၆၆၈၁]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှတင်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သတင်းစာများတွင် ကြော်ငြာခဲ့ရာ ကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါ၍ မူလထုတ်ပေးထားသည့် ဦးလှတင်အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ သာသနာ့မြေ ဒါယကာကြီး**
## ဦးစံတိန်း(ခ)ဦးဘနော်(မုဒုံ) (၁၀၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၄၀၂/က)နေ (ဦးပြုံး-ဒေါ်ထယ်)တို့၏သား၊ (ဒေါ်တင်)၏ခင်ပွန်း၊ ဦးအောင်စိန်(ခ)ဖိုးလေးမောင်၏ညီ၊ ဦးကျော်ထွန်း-ဒေါ်ခင်တင့်(ကောင်းစံ-ဘတ္တရီ)၊ ဦးအောင်ဖေ-[ဒေါ်လှသွင်(အောင်စိုးမိုး-ဘတ္တရီ)]၊ ဦးဝင်းအောင်-ဒေါ်လှသန်း (အောင်အောင် ဘတ္တရီနှင့်တာယာ)၊ ဦးမြင့်ဝင်း-ဒေါ်အေးအေးနွယ်(ဖြိုးမောက်-ဘတ္တရီ)၊ ဒေါ်အေးအေးရီတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၄ယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဖြိုးမောက်ဘတ္တရီ ကျောက်မြောင်းနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းကြည်(ခ)ကျန်းစွေ့ထန် (၈၂)နှစ်
**(ဘိုကလေး)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဒဂုံသီရိလမ်း၊ အမှတ်(၂၁)၊ လေးလွှာနေ ဒေါ်ကြည်ကြည်စိန် (အငြိမ်းစားဆရာမ၊ ဘိုကလေး ဆရာအတတ်သင်ကျောင်း)၏ ခင်ပွန်း၊ ဦးမင်းဇော် (Goal Advertising Co., Ltd)၊ ဒေါက်တာအောင်မိုးထွန်း (ခွဲစိတ်ဆရာဝန်၊ မော်လမြိုင်မြို့)-ဒေါ်အေးအေးစန်း၊ မချိုဝင်းမော် (ဂုဏ်ဝင့်သူရိုးရာဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ဖခင်၊ မောင်ကောင်းဇော်ဦး၊ မလင်းလက်ထွန်းတို့၏အဘိုးသည် ၂၃-၈-၂၀၁၆ရက် နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ သာသနာ့မြေဒါယကာကြီး**
**ဦးစံတိန်း(ခ)ဦးဘနော်(မုဒုံ)**
**အသက် (၁၀၁)နှစ်**

(ဦးဝင်းအောင်)-ဒေါ်လှသန်း (အောင်အောင်ဘတ္တရီနှင့် တာယာ)၊ ဦးမြင့်ဝင်း-ဒေါ်အေးအေးနွယ်(ဖြိုးမောက်-ဘတ္တရီ)၊ ဦးကျော်ထွန်း-ဒေါ်ခင်တင့်၊ ဒေါ်အေးအေးရီတို့၏ဖခင် ဦးစံတိန်း(ခ)ဦးဘနော်သည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဘုန်းပြည့်-ကုမ္ပဏီလီမိတက်**
**ဦးထွန်းထွန်းအောင်-ဒေါ်ထိုက်ယဉ်ယဉ်အောင်နှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ သာသနာ့မြေဒါယကာကြီး**
**ဦးစံတိန်း(ခ) ဦးဘနော်(မုဒုံ)**
**အသက် (၁၀၁) နှစ်**

(ဦးဝင်းအောင်)- ဒေါ်လှသန်း (အောင်အောင်ဘတ္တရီနှင့် တာယာ)၊ ဦးမြင့်ဝင်း-ဒေါ်အေးအေးနွယ်(ဖြိုးမောက်-ဘတ္တရီ)၊ ဦးကျော်ထွန်း-ဒေါ်ခင်တင့်၊ ဒေါ်အေးအေးရီတို့၏ဖခင် ဦးစံတိန်း(ခ)ဦးဘနော်သည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလိမ္မာ-ကုမ္ပဏီလီမိတက်**
**ဦးညီညီစိုး-ဒေါ်ကေသီမော်နှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ချုပ်မောင်မောင်ဝင်း**
**ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)**
**ဝန်ကြီး(ငြိမ်း) မွေး/ရေဝန်ကြီးဌာန**
**နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ သူရဲကောင်းမှတ်တမ်းဝင်**

ပါမောက္ခ ဒေါက်တာဦးမျိုးဝင်း(ပါမောက္ခချုပ်-ငြိမ်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်) - ဒေါ်ချိုချိုဝင်းတို့၏ဖခင် ဗိုလ်ချုပ်မောင်မောင်ဝင်းသည် ၁၈-၈-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူးနှင့် ဆရာ/ဆရာမများ**
**သွားညှိကုပညာဌာန**
**သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အေးရ(ကလော) (၈၂)နှစ်**

သူငယ်ချင်း ဦးမောင်ချစ်-ဒေါ်ခင်ငွေးတို့၏ မိခင်ကြီးဖြစ်သူ ဒေါ်အေးရ အသက်(၈၂)နှစ်သည် ၂၂-၈-၂၀၁၆ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဗိုလ်မှူးတိုးလင်း)-ဒေါ်နန်းသီတာ**
**ရန်ကင်း**

## ဝမ်းနည်းကြေကွဲခြင်း

Capt, ဦးမျိုးမင်းခိုင် (MTM SHIP Management)၏ဖခင် ဦးဘိုကြီး(မြန်မာ့ရုပ်သံ-ငြိမ်း)အသက် (၇၁)နှစ်သည် ၂၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**I.M.T**
**(C/D21, C/E 19)**

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဗိုလ်ချုပ်မောင်မောင်ဝင်း (ရေ-၃၀၂၁) (၈၈) နှစ်**

**ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)**

**ဝန်ကြီး(ငြိမ်း) မွေး/ရေဝန်ကြီးဌာန**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ သူရဲကောင်းမှတ်တမ်းဝင်**

ရန်ကုန်မြို့နေ ဒေါ်မြစိန်၏ခင်ပွန်း ဗိုလ်ချုပ်မောင်မောင်ဝင်း(ငြိမ်း) သည် ၁၈-၈-၂၀၁၆ (ကြာသပတေးနေ့) ည ၇း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း(ရေ)(ငြိမ်း)-ဒေါ်အေးအေး မိသားစု**

**ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ်မောင်မောင်ဝင်း (၈၈)နှစ်**

**ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ရေ) (ငြိမ်း)**

ပါမောက္ခ ဒေါက်တာဦးမျိုးဝင်း (ပါမောက္ခချုပ်-ငြိမ်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်) - ဒေါ်ချိုချိုဝင်းတို့၏ဖခင် ဗိုလ်ချုပ်မောင်မောင်ဝင်းသည် ၁၈-၈-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## ဦးကျိုချင်ဆန်း(ခ) ဦးအောင်ကြည် (၈၈)နှစ်

**ဖြူးမန်းဖြိုးကားဂိတ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ခရေလမ်း၊ (ခ-4/B)နေ (ဦးကျိုကြီးဝမ်-ဒေါ်အုန်းခင်)တို့၏သား၊ (ဒေါ်လှကြည်)၏ခင်ပွန်း၊ ဦးလှဝေ-မယုယုအောင်၊ ဒေါ်ခင်စန်းနွယ်-ဦးယူကျော်လင်း၊ (ကိုစိုးလင်းဖြိုး)တို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄း၀၅ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆ (တနင်္လာနေ့)နံနက် ၆ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စေတီဒါယကာကြီး

## ဦးပန် အသက်(၈၀)

**ဦးပန်နှင့်မိသားစုသစ်ခွဲစက်လုပ်ငန်း**

(ဦးဂျော်လီ-ဒေါ်ချစ်)တို့၏ သား၊ (ဦးမောင်စိန်-ဒေါ်အေးစိန်)တို့၏သားသမက်၊ ကိုတင်ထွန်း-မစုသွယ်၊ ကိုမြင့်စိန်-မခင်မာဝင်း၊ ကိုပြုံးချို၊ ကိုကျော်စိန်၊ ကိုစိုးမင်းဦး-မစိုးစိုးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ခက်ဆုမြတ်၊ ရဲကိုကိုမြတ်၊ မေသွယ်တင်ထွန်း၊ ဇွဲကိုကိုမြတ်၊ သက်ဆုမြတ်၊ ဖြိုးကိုကိုမြတ်တို့၏ ချစ်လှစွာသောအဘိုး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၁၂၈)နေ (ဒေါ်စိန်)၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်သန်းညွှန့်(ခ)ဒေါ်အမာ

**[အထည်(၈) ခွဲ(၃) စက်မှု(၁) ငြိမ်း]**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၄၁၄) နေ ဦးဗောဓိအောင်ကျောင်းနေ (ဖွားဖွား ဒေါ်ကန္တာစာရီ)၏ ညီမ၊ (ဦးအေး - ဒေါ်လှအိ)တို့၏ သမီး၊ (ဦးမောင်လှ-ဒေါ်ခင်ရွှေ)တို့၏ သမီးချွေးမ၊ ဦးမျိုးမင်းထွန်း(ခ)ဦးစိန်ကုလား၊ ဦးဝင်းကိုကို(ခ)ဦးမြကုလား-ဒေါ်နီနီဝင်း၊ ဆရာလေး ဒေါ်ဥတ္တဝတီ(ခ) မပုလဲ၊ ဦးမောင်ကိုကို(ခ)ဦးဘာဘူ-ဒေါ်စန်းစန်းနွဲ့၊ ဦးခိုင်မင်း(ခ) ဦးမောင်မောင်စိုး (AGD-ဘဏ်)-ဒေါ်မာမာဇင်၊ ဦးဇော်မျိုးထွန်း(ခ)ဦးဆန်းထွန်း (More & More စက်ပန်းထိမ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ဦးခင်မောင်သိန်း (ခွဲမှူး-ငြိမ်း၊ စက်မှု-၁)၏ ချစ်လှစွာသောဇနီးသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း အမကြီး

## ဒေါ်နု (၁၀၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အမှတ်(ခ/၁၄၃)၊ အမှတ် (၄၀)နေ (ဦးမြချမ်း-ဒေါ်မြဦး) တို့၏ သမီး ၊ (ဦးနီလှအောင်)၏ဇနီး၊ ဦးဝင်းဆွေ၊ ဒေါ်ပိုမစိန်၊ ဦးထွန်းလှစိန်၊ မထွေးစိန်တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၅ယောက်တို့၏ အဘွားသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးနု (၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၁၈) လမ်း၊ အမှတ် (၉၄၆/ခ)နေ (ဦးချစ်ဖေ-ဒေါ်အေးဖြူ) တို့၏ သမီး၊ (ဦးလှအောင်)၏ ဇနီး၊ ဦးဝင်းလှိုင်-ဒေါ်တင်တင်လှတို့၏ကျေးဇူးရှင်မိခင်ကြီးသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်ဝင်း (၇၂)နှစ်

**မိုးကုတ်မြို့**

မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ (ဦးလှမောင်-ဒေါ်ခင်ရွှေ)တို့၏ သား၊ ရှမ်းစုရပ်နေ (ဦးထွန်းဖေ-ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ ဦးစံရွှေ၏ညီ၊ (ဦးခင်မောင်သန်း)-ဒေါ်ရီရီကို၊ ဦးအောင်ဝင်း-ဒေါ်ခင်မာမာ၊ (ဦးစိန်လွင်)-ဒေါ်ခင်ကြည်ထွေး၊ ဦးဆန်နီ-ဒေါ်စောရီ၊ ဦးဝင်းသိန်းနိုင်-ဒေါ်မိမိလွင်တို့၏အစ်ကိုကြီး၊ ကိုထွန်းထွန်းဝင်း-မငယ်ငယ်ဆွေ၊ မကြေးမုံဝင်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဒေါ်စိန်စိန်တင်၏ခင်ပွန်းသည် ၂၄-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်းနိုင် (၅၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ညောင်ပင်သာရပ်ကွက်နေ (ဦးဟန်ခိုခိုင်-ဒေါ်စန်းရီ)တို့၏ သား၊ (ဦးသာထွန်းအောင်-ဒေါ်ဖြူ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၄၆)၊ အခန်း (၂၀၂)နေ ဒေါ်ခင်နှင်းနု၏ ခင်ပွန်း၊ မောင်ဝေဇင်မင်း (ရေကြောင်းတက္ကသိုလ်-မတုတ္တနှစ်)၏ မွေးသဖခင်၊ ဦးနေလင်း (Sule-Shangri-La Hotel)၏အစ်ကို ဦးစိုးဝင်းနိုင်သည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြ (၈၄)နှစ်

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ဖို့မြေရပ်ကွက်၊ အမှတ်(၃၂)၊ (၁၀၁) လမ်း၊ သုံးလွှာနေ (ဦးမောင်ကြီး-ဒေါ်ခင်စော)တို့၏သမီး၊ ဦးလှချစ် (Training president, Future wave success, Motivation and Leader ship Training specia Adviser, Human Development and Motivation Myanmar Cosmetics Association)၊ ဦးကိုကိုလတ်၊ ဦးကိုကိုနိုင်-ဒေါ်ကြည်ကြည်လွင်၊ ဦးလှဟန်-(ဒေါ်မိမိနိုင်)၊ ဦးဟန်ဝင်းဇော်-ဒေါ်ဖြူဖြူနိုင်၊ (ဦးအောင်နိုင်)၊ ဦးဝင်းနိုင်၊ ဦးစိုးနိုင်-ဒေါ်အေးအေးမိုး(ခ) မိဝါတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ အဘွား ဒေါ်မြမြသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်ဝင်း (၇၂)နှစ်

**မိုးကုတ်မြို့**

မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ (ဦးလှမောင်-ဒေါ်ခင်ရွှေ)တို့၏ သား၊ ရှမ်းစုရပ်နေ (ဦးထွန်းဖေ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ကိုနေမျိုးသန်း-မပုံ့ပုံ့၊ ကိုလွင်ကိုကိုမောင် - မအိကေခိုင်၊ ကိုအောင်မျိုးသန့်၊ ကိုဝေဝေး-မသဲစု၊ ကိုစောနေမင်းကို-မလွင်လွင်အောင်ဝင်း၊ ကိုစည်သူအောင်ဝင်း- မနှင်းနှင်းဝေ၊ ကိုကျော်စွာအောင်ဝင်း-မမွန်မွန်၊ ကိုညီထွန်း - မခိုင်ဇာမောင်မောင်၊ ကိုသော်တာမောင်မောင် - မသီရိ၊ မယွန်းရတီလွင်၊ မဝတ်မှုံရွှေရည်၊ မနဒီရွှေရည်တို့၏ ဘကြီးသည် ၂၄-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၆ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူ တူ/တူမများ

## ဒေါ်မြမြချစ် (၇၃)နှစ်

**စီမံကိန်းမှူး(ငြိမ်း)၊**

**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သဘာဝရိပ်ငြိမ်း အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် (၄/၅)နေ (ဦးမောင်မောင်ချစ်-ဒေါ်ယဉ်နု)တို့၏သမီး၊ (ဦးခင်မောင်ဘို)၏ဇနီး၊ ကိုခင်မောင်ဌေး-မအေးမြတ်မွန်(ခေတ္တ-UK)၊ ကိုဖြိုးကျော်သူ-မချိုချိုတင်ဌေ(ခေတ္တ-UK)၊ ကိုစိုင်းနန္ဒာထွန်း(ECHO)-မမြသဉ္ဇာဘို (World Vision)၊ မမြဝတ်ရည်ဘိုတို့၏ မွေးသမိခင်၊ နဒီရောသူ၊ သစ္စာရီမွန်ဌေးတို့၏ အဘွား ဒေါ်မြမြချစ်သည် ၂၄-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း (၆၁)နှစ်

**(AGTI-EP/78) (ပြည်)**

**လျှပ်စစ်အင်ဂျင်နီယာ**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးထွန်း-ဒေါ်မြရီ)တို့၏ သား၊ (ဦးသာဦး-ဒေါ်အုံးနု)တို့၏ သားသမက်၊ ဦးခင်ဝင်း-ဒေါ်ခင်ထွေးတို့၏ ညီ/မောင်၊ (ဦးစံဝင်းအောင်)-ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်ကို၊ ဒေါ်စန်းစန်းဝေ၏ခင်ပွန်းသည် ၂၄-၈-၂၀၁၆ ရက် နံနက် ၆း၂၀ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ ရက် နံနက် ၆နာရီမှ ၉ နာရီအထိ မိုးကောင်းဘုရား အနောက်မြောက်မုခ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးလှမြင့်(ကျောက်ဆူး သောက်ရေသန့်) (၇၅)နှစ်

**မြိတ်မြို့**

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ ကန်ဖျားလမ်းမကြီး၊ အမှတ် (၈၉)နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂၇)၊ (၁၀)လမ်း၊ ဒုတိယထပ်နေ (ဦးအုန်းတင်-ဒေါ်ရှုကြည်)တို့၏သား၊ (ဦးဘိုးစိန်-ဒေါ်အေးစီ)တို့၏သားသမက်၊ ဒေါ်ရီ၏ချစ်လှစွာ သောခင်ပွန်း၊ ဦးလှကြည်-(ဒေါ်ဆွေဆွေသိန်း)၊ ဦးလှဝင်း-ဒေါ်ဆွေဆွေယု၊ ဦးမောင်လေး-ဒေါ်စန်းစန်းကြူတို့၏အစ်ကို၊ ကိုနိုင်ဝင်းမြင့်-Mrs.Noriko Suda၊ ကိုမောင်မောင်အောင်-မချိုချိုအေး၊ ကိုဝင်းထွန်းသိန်း-မအေးမြတ်သူ၊ ကိုအေးမင်းအောင်-မသက်သူဇာလွင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ Mr Sein Suda (တိုကျို)၊ မောင်ဝင်းစိုးမိုး(ထ-၂ လမ်းမတော်)၊ မောင်အောင်ခန့်ဖြိုး၊ မဖြူစင်သန့်၊ မခိုင်ဇင်ဆု(IISY School)တို့၏အဘိုး ဦးလှမြင့်သည် ၂၄-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၃နာရီတွင် ရန်ကုန်မြို့၊ ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစန်းမြင့် (ရွာလွတ်) (၇၁)နှစ်

**မှူ/အုပ်(ငြိမ်း)**

ချောင်းဆုံမြို့နယ်၊ ရွာလွတ်ရွာနေ (ဦးစံသွင်-ဒေါ်အေးတင်)တို့၏သား၊ (ဦးနု-ဒေါ်မာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်) ရပ်ကွက်၊ တိုက်(A-7)၊ အခန်း(၄၀၂)၊ ဇောတိကအိမ်ရာနေ (ဒေါ်မြင့်သန်း)၏ ခင်ပွန်း၊ ဦးဝင်းလှိုင်-ဒေါ်ဥမ္မာမြင့်၊ ဦးကြည်အောင်- ဒေါ်ဝင်းမာမြင့်၊ ဦးစိန်လင်း-ဒေါ်ဝင်းသီတာမြင့်၊ မသီဂီမြင့်၊ မနှင်းဇာခြည်မြင့်၊ မောင်မင်းသန်းစိုးထွန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဟိန်းခန့်ဇော်၊ မဖူးဖူးမြင့်အောင်၊ မောင်ကောင်းခန့်ဇော်၊ မရွှေကိုရွှန်းလဲ့လင်း၊ မဆုတင့်တယ်အောင်၊ မဆုလတ်ရွှင်အောင်တို့၏ အဘိုးသည် ၂၄-၈-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၀ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်သန်းဌေး (၅၃)နှစ်

**ကြည့်မြင်တိုင်**

ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၄၈)၊ ခုနစ်လွှာနေ [ဦးလှသိန်း(ခ)ဦးဂျော်ဂျက်-ဒေါ်တင်ရီ]တို့၏သားထွေး၊ (ဦးထွန်းလွင်)၊ ဒေါ်လှညွှန့်တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်လွင်(လမ်းမတော်တရားရုံး)၏ ခင်ပွန်း၊ မသက်ထားစုစံ၊ မမေသူကျော်တို့၏ဖခင်သည် ၂၄-၈-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဝင်းမော် အသက်(၅၀)

**B.Sc (Maths)**

အမှတ်(၈၈)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးခင်လှ)-ဒေါ်သန်းနုတို့၏သား၊ (ဦးစိန်လွင်-ဒေါ်ခင်ဌေး)တို့၏ သားသမက်၊ ဒေါ်သစ်သစ်လွင်၏ ခင်ပွန်း၊ [ဒုဗိုလ်အောင်ချို (တေဇ-၁၃)]၊ ဒုဗိုလ်မှူးကြီးဝင်းသော်-ဗိုလ်မှူးကြီးဒါလီအောင်၊ ကိုသန့်ဇော်တို့၏ အစ်ကို၊ မောင်သက်အောင်၏ဖခင် ဦးဝင်းမော်သည် ၂၄-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပုဇွန်တောင်နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှလှ(ခ)ဒေါ်မြလှ (၈၃)နှစ်

## (၁)လပြည့်လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၇၁)၊ အနော်ရထာလမ်းနေ (ဦးစန်းမောင်-ခတ်ပုံသိတဂူ)၏ဇနီး၊ ဦးကြည်အေး၏မိခင်၊ ဦးဓူဝံ-ဒေါ်ခင်အေး(သိတဂူခတ်ပုံ)တို့၏အစ်မကြီး၊ ဦးရီဌေး၏အဒေါ်၊ ကိုသူရထွန်း၏အဘွား ဒေါ်လှလှ ကွယ်လွန်သွားသည်မှာ ၂၅-၈-၂၀၁၆ ရက်နေ့တွင် (၁)လပြည့်ပြီဖြစ်သော်လည်း ယနေ့ထက်တိုင် မမေ့နိုင်သေးပါ။ ဒေါ်လှလှအတွက်ရည်စူးပြီး ပြုခဲ့၊ ပြုဆဲ၊ ပြုမယ့် ကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါသည်။အမျှရပြီး မြင့်မြတ်သောဘုံဘဝမှ သာစုအနုမောဒနာခေါ်နိုင်ပါစေ။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဦးမျိုးသန့် (၅၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၅၄၀)နေ (ဦးသန်းဟိန်)-ဒေါ်တင်ဌေတို့၏သား၊ (ဦးဖေသန်း-ဒေါ်တင်မြ)တို့၏သားသမက်၊ ဒေါ်ခင်ခင်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကိုကိုနိုင် (Myanmar Airways Int'L)-မချမ်းငြိမ်းငြိမ်းအေး (Apex Airline Public Co., Ltd)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မမျိုးမျိုးသော်တာ (Grade-5/ICEC)၊ မယွန်းပိုးမြတ်သော်တို့၏ ချစ်လှစွာသောအဘိုး၊ ဦးဝေဦး(MOGE)-ဒေါ်စန်းစန်းမြင့်၊ ဦးသက်ဇော်-ဒေါ်သီသီဝင်းတို့၏ညီ/မောင်၊ ဦးထွန်းထွန်းကျော်-ဒေါ်မို့မို့အောင်၊ ဦးသားထွန်းလွင်-ဒေါ်စန်းစန်းလွင်၊ ဦးဇော်ဖြိုးမင်း-ဒေါ်နီနီခိုင်၊ ဦးညီညီမင်း-ဒေါ်ဇာနည်တို့၏အစ်ကိုသည် ၂၄-၈-၂၀၁၆ ရက် နံနက် ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိန်လင်း(ခ)အကျွမ်း

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**အားကစားနှင့်ကာယပညာဦးစီးဌာန**

**အသက် (၆၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နေ (ဦးအောင်သိန်း-ဒေါ်စောကြူ)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့နယ်နေ (ဦးသိန်း-ဒေါ်မြကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၅) ရပ်ကွက်၊ စိန်ခြယ်လမ်း၊ အမှတ် (၁၉/ခ)နေ ဒေါ်ကြည်ကြည်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အောင်ခန့်-ဒေါ်ဇင်မာလင်း၊ ဦးဇော်မင်းထွန်း-ဒေါ်သက်အိအိလင်း၊ ဦးကျော်စွာလင်း-ဒေါ်ခင်ဖြူဖြူထွန်းတို့၏ မွေးသဖခင်၊ မယဉ်မေသက်၊ မနှင်းအိရွှေရည်၊ မောင်ကျော်ရှင်းခန့်၊ မောင်လင်းဘုန်းခန့်တို့၏ အဘိုးသည် ၂၄-၈-၂၀၁၆ရက် နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိန်မောင်(ပန်းချီ) (၁၀၃)နှစ်

**သုံးခွမြို့**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၂)၊ တိုက် (၁၀၅/၄)နေ (ဒေါ်ရီ)၏ခင်ပွန်း၊ (ဦးသန်းထွန်း-ဒေါ်မြသန်း)၊ ဦးထွန်းရှိန်-ဒေါ်လှမြင့်၊ (ဦးအောင်မြင့်)-ဒေါ်သန်းတင့်၊ ဦးဝင်းမောင်-ဒေါ်ခင်ဝင်းချို၊ ဦးခင်မောင်ဆန်း-ဒေါ်နုနုကြည်တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများ အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းမြ (ကြံခင်းမြို့) (၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့ရွာသစ်ရပ်နေ (ဦးမှတ်-ဒေါ်သိန်းရှင်)တို့၏သမီး၊ (ဦးမာ-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ တိုက်(၂၃၈)အခန်း(၆)နေ (ဗိုလ်ကြီးကိုကြီး-ငြိမ်း) (စစ်ဥပဒေချုပ်ရုံး)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်သက်နွယ်ကို (ကျန်းမာရေးဦးစီးဌာန-ငြိမ်း)၊ ဦးအောင်ဇော်လင်းကို၊ ဒေါ်ခင်ရီမင်းကို (လဝက-ရန်ကုန်တိုင်း)တို့၏ မိခင်ကြီးသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်ဝေ(A.G.T.I) (၈၁)နှစ်

**တောင်ကြီး GTI-ငြိမ်း၊ ဌာနမှူး-စီမံ**

မော်လမြိုင်ကျွန်းမြို့နေ ဦးကြူဖောင်း-ဒေါ်ဖွားဟန်တို့၏ သား၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်၊ နယ်မြေ(၈)၊ အမှတ်(ရ/၆၈၄)နေ ဒေါ်ခင်မြဆွေ (တရားလွှတ်တော်ရှေ့နေ)၏ခင်ပွန်း၊ ဦးစိုင်းဦး-ဒေါ်ချောစု၊ ဦးဇော်ဝင်းနိုင်-ဒေါ်သီတာမင်း၊ ဦးတိဿ၊ ဦးဆုဝင်းမြတ်-ဒေါ်သန္တာမိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၄-၈-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးသိန်း အသက် (၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ (၄)လမ်း၊ အမှတ် (၂၀၇)နေ (ဦးလှဖေ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးဝင်းဆွေ)၏ဇနီး၊ ဦးမောင်မောင်မြတ်ဆွေ-ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာဦးမောင်မောင်လတ်ဆွေ-ဒေါ်ခင်သက်ထား၊ ဦးမောင်မောင်လေးဆွေ-ဒေါ်နုနုစိန်၊ ဗိုလ်မှူးမောင်မောင်ထွေးဆွေ(ငြိမ်း) (ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ဇာနီသိမ်းထွန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးမြင့်အောင် (၇၄)နှစ်

**(ဆသရ-၁၊ ရန်ကုန်တိုင်း) (ငြိမ်း)**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ဖောင်းကွဲအုပ်စု၊ ထန်းတပင်ကျေးရွာနေ (ဦးခင်မောင်-ဒေါ်မြကြည်)တို့၏သား၊ ပခုက္ကူမြို့နယ်၊ (၂) ရပ်ကွက်၊ စွန်သိုက်ရပ်၊ အောင်တော်မူလမ်းနေ (ဦးလေးပို-ဒေါ်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)ရပ်ကွက်၊ ဇီဇဝါလမ်းနေ ကိုဟိန်းထွဋ်မြင့်-မမျိုးသီတာအောင်၊ ကိုရဲစည်သူအောင်-မအေးအေးမိုး၊ ကိုကျော်စည်သူအောင်တို့၏ဖခင်၊ မောင်ရှင်းသန့်အောင်၊ မောင်ဟိန်းသန့်နောင်တို့၏အဘိုး၊ ဒေါ်ကျော့တင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသ ပတေးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆(တနင်္လာနေ့) နံနက်တွင် အမှတ် (၇၄၂/၇၄၅)၊ ဇီဇဝါလမ်း၊ ပုလဲ (၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ကျော့တင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်ဖြူဖြူလှ (Peggy) (၆၄)နှစ်

**ဘဓရ**

**(Director, STAR TRIANGLE SERVICE CO.,LTD)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ် တိုက်(၄/၄၀၅)နေ (ဦးလှမောင်-ဒေါ်ခင်စု)တို့၏ သမီး၊ (ဦးအောင်သက်)-ဒေါ်ခင်ခင်အုန်းတို့၏ သမီးချွေးမ၊ ဦးသံလွင်၏ဇနီး၊ မောင်ဘိုဘိုဝင်းလှိုင်-မနဒီလွင်တို့၏မိခင်၊ မောင်ဟိန်းထက်အောင်၊ မဖူးပြည့်ရွှေပုံတို့၏ အဘွား၊ ဦးတင်မောင်ဝင်း-ဒေါ်ဇင်နွယ်ဦး၊ ဒေါ်ကြူကြူလှ-ဦးတင့်ဆွေ၊ ဦးမျိုးဆွေ-ဒေါ်ချိုချိုဝင့်တို့၏ညီမ၊ ဒေါ်မူမူလှ၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၂၃-၈-၂၀၁၆ရက် နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## U Thawng Khan Cin (ဦးထောင်းခန့်ကျင့်) (၄၉)နှစ်

တီးတိန်မြို့၊ တွီးဆောက်ရွာနေ (U Suan Thawng - Daw Awi Thang)၊ ဖူနွမ်းရွာနေ (U Suang Zan- Daw Tun Niang)တို့၏ မြေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ တိုက်(၂၁၅)၊ အခန်း(၂၉)နေ ဦးခမ်ခေါထန် (ဝန်ထောက်-ပုံဆွဲ၊ ငြိမ်း)-(ဒေါ်လမ်းခေါနင်း)တို့၏သားကြီး၊ ဒေါ်ထန်ခန့်ဒိမ့် (ကထိက၊ ဂျာမန်ဘာသာဌာန၊ YUFL)၊ ဦးဇမ်းလျန်းမုန်(ခ)ဦးမောင်မောင်စိုး (Unit 1,M &E Group)-ဒေါ်စန္ဒာဝင်း၊ ဦးထန်လျန်းမန်၊ ဦးခိုင်ခန့်လျန်း၊ ဒေါ်ညောင်းထန့်ကျိန်(ခ)ဒေါ်ခင်ခင်ဝင်းတို့၏ အစ်ကိုကြီး၊ မနဲမ်းခေါင်းကင်မ်(ခ) မမြတ်ငြိမ်းစံ၏ ဦးလေးသည် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) ည ၁၁း၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ( အထက်ပါနေအိမ်၊ TBC-Y ဘုရားကျောင်း၊ ဆူးလေ၊ ယုဇနပိတောက်ကွေ့မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

# အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင် ဒုတိယနေ့ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ၏ ဒုတိယနေ့ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ယနေ့ နံနက် ၁၁ နာရီခွဲက ယှဉ်ပြိုင်ကစားကြသည်။

ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ ပထမပွဲစဉ်အဖြစ် အုပ်စု(B)မှ အင်ဒိုနီးရှားကလပ်အသင်းနှင့် ဂျပန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်ကလပ်အသင်းက (၂၇-၂၅)၊ (၂၅-၂၃)၊ (၂၅-၁၉)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့**





**မြေငလျင်လှုပ်ခတ်မှုကြောင့် ကွမ်းတောင်တစ်ခုလုံးပြိုကျသွားသည့် စူဠာမဏိစေတီတော်ကို တွေ့ရစဉ်။**
ဓာတ်ပုံ- ရဲသူရအောင်(ညောင်ဦး)

# အင်အားပြင်း မြေငလျင်လှုပ်ခတ်၍ ပုဂံဒေသအပါအဝင် မြို့နယ်အချို့ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ ထီးတော်မြေခြင်း၊ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်

နေပြည်တော် ဩဂုတ် ၂၄

**မြန်မာနိုင်ငံအလယ်ပိုင်းတွင် ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၄ မိနစ် ၅၅ စက္ကန့်က လှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှားခဲ့ခြင်းကြောင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ(ပုဂံ) တွင် စေတီပုထိုး ၁၀၀ ကျော်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အပြင် မြို့နယ်အချို့ရှိ စေတီပုထိုးများလည်း ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။** **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# စစ်ကိုင်းမြို့ ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၄**

မျိုးဆက်သစ် စက်ဘီးစီးအားကစားသမားကောင်းများ ပေါ်ထွန်းလာရေးကို ရည်ရွယ်၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် စစ်ကိုင်းတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ အိုစတိုးနှင့် BLACK SHIELD တို့ ပူးပေါင်း၍ စစ်ကိုင်းမြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဖုန်း-၀၉-၅၁၆၁၃၂၃၊ ၀၉-၇၉၉၅၀၈၈၈၇ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# အိမ်ရှင်မြန်မာအသင်း ဗီယက်နမ်ကို သရေကစား

**မန္တလေး ဩဂုတ် ၂၄**

KBZ Bank U-19 Cup ပြိုင်ပွဲအုပ်စု ဒုတိယနေ့ကို ယနေ့ညနေပိုင်းတွင် မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပသည်။

**မြန်မာယူ-၁၉ -တစ်ဂိုး၊ ဗီယက်နမ်ယူ-၁၉ -တစ်ဂိုး**

ပွဲဦးထွက်ပွဲတွင် ဂိုးပြတ်ရှုံးထားသည့် မြန်မာအသင်းသည် ယခုပွဲတွင် နောက်ကျချေပဂိုးဖြင့် သရေတစ်မှတ်ရယူနိုင်ခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရေးမျှော်လင့်ချက် အဆုံးမသတ်ခဲ့ရခြင်းဖြစ်သည်။ နှစ်သင်းစလုံးပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး မြန်မာအသင်းမှာ ပုံစံကောင်းရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် ပထမပွဲကစားခဲ့သည့် ပွဲတွင်လူစာရင်းကို အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး ဆာပေါ်ရှိကို ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းမှ အနည်းငယ်သာပါဝင်လာသည်။ ဗီယက်နမ်ယူ-၁၉ အသင်းမှာလည်း ပွဲထွက်လူစာရင်းကို ပြောင်းအလဲပြုလုပ်ခဲ့သည်။ ကစားသမားအပြောင်းအလဲလုပ်ခဲ့သည့် မြန်မာအသင်းမှာပွဲအစတွင် ကစားကွက်တည်မရဖြစ်နေပြီး ဗီယက်နမ်အသင်း၏ ဖိအားပေးခြင်းကိုခံခဲ့ရသည်။ ၂၂ မိနစ်တွင် ဗီယက်နမ်အသင်းဦးဆောင်ဂိုးရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဟူယောင်ဟန်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲလုပ်ခဲ့ပြီး မြန်မာအသင်းမှာ မိနစ် ၇၀ နောက်ပိုင်းမှ ကစားပုံပြန်ကောင်းလာပြီး ဗီယက်နမ်ဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ၈၂ မိနစ်တွင် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့ပြီး **စာမျက်နှာ ၁၀ ကော်လံ ၄ သို့**

